www.burmeseclassic.com

ကျွန်တော်တို့ရဲ့ အနီးအနားတဝိုက်မှာပဲ သူတို့နေထိုင်ကျက်စားကြတယ်

အောင်နိုင်မတ်

# တစ္ဆေမရဲ့ချစ်သူ



BURMESE CLASSIC .com

အသစ်စက်စက်လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းနှင်းမိုက်
## တစ္ဆေမရဲ့ချစ်သူ

စာမူခွင့်ပြုချက်အမှတ်
၅၀၀ ၂၁၉၀ ၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀ ၂၅၉၀ ၂၀၈

ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ်(၂)ချွန်း-၁လမ်း
မင်္ဂလာတောင်ညွန့်၊ရန်ကုန်၊

အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(၀၅၄၁၇)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ်-၂၂၅၊အခန်း(၂)၊၃၁လမ်း၊
၁၁-ရပ်ကွက်
ပန်းဘဲတန်း၊ရန်ကုန်၊

ပထမအကြိမ်
၂၀၀၈ခုနှစ်၊မေလ၊
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ကျပ်

ကျွန်တော် အိမ်ကြီးသို့ရောက်တော့ နေ့လည် (၁၂) နာရီတိတိရှိနေပါပြီ။ ရေနံချေးနှင့် စိုဝနေသောအိမ်ကြီးသည် လေးပင်နှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်ကြီးဖြစ်ပြီး ထိုအိမ်ကြီးအား ကျွန်တော့်ဆယ့်ရှစ်နှစ်သားအရွယ်ကပင် ကျွန်တော့်ပိုင်ဆိုင်မှုတစ်ခုအဖြစ် ဖေဖေက၊ အပြီးအပိုင်အမွေလွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

လူနေကျဲပါးပြီး ခြောက်သွေ့ပူလောင်သော မြေလတ်ပိုင်း မြို့ငယ်လေးတစ်မြို့၏ မြို့စွန်ကျသော ဒီလိုနေရာမျိုးတွင် ဤကဲ့သို့အဆောင်အယောင်အခန်းများစွာဖြင့် အိမ်ကြီးအိမ်ကောင်းတစ်လုံးရှိနေခြင်းက ကျွန်တော့်ငယ်ဘဝအတွက် ကျေနပ်စရာမဟုတ်ခဲ့ရုံမျှမက မနှစ်မြို့ မသတီစရာပင်ကောင်းခဲ့သော်လည်း နှလိုဘဝတွင် ရင့်ကျက်စပြုပြီး တည်ငြိမ်အေးဆေးစွာ ဝါသနာပါရာ စာရေးခြင်းအလုပ်ကို လုပ်ဆောင်နေသော ဒီအချိန်မှာတော့ ဖေဖေ၏အမွေပစ္စည်းထဲမှ တစ်ခုအပါအဝင်ဖြစ်သော ဤအိမ်ကြီးသည်

www.burmeseclassic.com



ကျွန်တော့်အတွက် အလွန်အသုံးတည့်စေရာ ပါရမီဖြည့်ဘက်ဖြစ်လာကောင်း ဖြစ်လာနိုင်မည် ဖြစ်တော့၏။

ကျောပိုးအိတ်နှင့် ခရီးဆောင်အိတ်ကို မြင်းလှည်းပေါ်ကဆွဲချပြီး အိမ်ကြီးဆီ သို့ လှမ်းကြည့်လိုက်၏။

အိမ်ကြီးသည် ပိုင်ရှင်အစစ်အမှန် ရောက်ရှိလာသည်ကို သိဟန်မတူပေ။ ငြိမ်သက် တိတ်ဆိတ်စွာ ကျွန်တော့်အား ဆီးကြိုလေသည်။

"ဘညို …. ဘညို .. ဒေါ်ကြီးအေး"

ကျွန်တော် နှစ်ခွန်းဆက်ခေါ်မှ အိမ်ကြီး၏နောက်ဘက်သောင်ရှိ အိမ်လုံးငယ် ကလေးအတွင်းမှ ခါးကုန်းအဘိုးကြီးတစ်ဦး ကပျာကယာနှင့် ထွက်လာ၏။ ပြီးတော့ ကျွန်တော့်မလှမ်းမကမ်းတွင်ရပ်ရင်း ကျွန်တော့်အား မျက်လုံးကိုလက်ကာ ၍ ငေးစိုက်ကြည့်နေပြန်သည်။

"ဘညို …ကျွန်တော်လေ မမှတ်မိဘူးလား .. ကောင်လေးလေဗျာ"

ကျွန်တော်ပြောလိုက်တော့မှ ဘညိုက မှတ်မိသွားဟန်နှင့် အားရဝမ်းသာ ကျွန်တော့်ထံပြေးလာ၏။

"ဟာကွာ .. မင်းနဲ့ငယ် နေစိမ့်လိုက်တာကွာ"

"မယ်အေးရေ .. ဟေ့မယ်အေး .. ကောင်လေးရောက်လာသဟ"

ဘညိုက နောက်ဖက်လှည့်ကာ ဒေါ်ကြီးအေးအား အသံပြုလှမ်းခေါ်ပြီး ကျွန်တော့်ခရီးဆောင်အိတ်ကို လှမ်းဆွဲ၏။

"နေ .. နေ ဘညို အထဲကစာအုပ်တွေနဲ့မို့လေးတယ်"

"ရပါတယ်ကွာ .. လာစမ်းပါ"



ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ဆန်ခါဇန်းတစ်ခုနှင့်အတူ ဒေါ်ကြီးအေး ရောက်လာ၏။ ဒေါ်ကြီးအေးလည်း တစ်ခေါင်းလုံး ဆံပင်ဖြူများစုံလို့ အင်းလေ .. အသက်တွေလဲ ကြီးကုန်ရှာပေါ့။

"ဟယ် .. ကောင်လေး .. သားရယ် .. ငါနယ် မမှတ်မိအောင်ပဲ"

ဘညိုကတော့ ဝမ်းသာအဲလဲမျက်နှာကြီးနှင့် ပြုံးရွှင်ကာ "အေးလကွာ" ဟုသာ တစ်ချက်ထပ်ပြော၏။

"မင်းကွယ် .. နေနိုင်လိုက်တဲ့ကလေး"

ဒေါ်ကြီးအေးသည် ကျွန်တော့်ကိုကြည့်ကာ ထိုသို့ ခပ်တိုးတိုးရေရွတ်ရင်း နံ့ဒလွန်ရွက်နုများထည့်ထားသော ဆန်ခါကို ကျွန်တော့်လက်ထဲထိုးထည့်ရင်း ခရီးဆောင်အိတ်ကိုလှမ်းဆွဲသော ဘညိုလိုပင် သူကလဲ ကျွန်တော့်ကျောပိုးအိတ်ကို လှမ်းဆွဲ၏။

"နေပါ .. ဒေါ်ကြီးအေးရယ် .. ဒါ ကျွန်တော်သယ်ပါ့မယ်"

"ဟယ် သူငယ်နဲ့ … မင်းက ခရီးပန်းလာတာကို"

လူကြီးနှစ်ယောက်က ပြောမရစွာ အလျှိုလျှိုခရီးဆောင်အိတ်များကို ယူသွားကြသဖြင့် ကျွန်တော်လည်း ဒေါ်ကြီးအေးက ထိုးထည့်ပေးလိုက်သော နံ့ဒလွန်ရွက်ဆန်ခါကို ကိုင်ရင်း သူတို့နောက်က လိုက်ခဲ့လေတော့သည်။

နံ့ဒလွန်ရွက်သည် အနံ့ဒလွန်ရွက်ဟင်းရို မကျည်းသီးစိမ်းထောင်းနှင့် ဘယ်က ရှာလာမှန်းမသိသော ဆတ်သားခြောက်ဆီစိမ်ဖြစ်သည်။ ကျွန်တော်လည်း သာနှင့်မို့ တော်တော်လေး စားပစ်လိုက်၏။

"မင်းကွယ် .. လာမယ်လို့ ကြိုအကြောင်းကြားရင် ဟင်းကောင်းလေး ဘာလေး ကောင်းကောင်းစီစဉ်ထားရှာပေါ့"

www.burmeseclassic.com



"ခုလည်းကောင်းဝါတယ် ဒေါ်ကြီးအေးရဲ့ .. ကျွန်တော် စားကောင်းကောင်းနဲ့ တော်တော်လေး စားဖြစ်သွားတာ .. ရန်ကုန်မှာဆို ခုလိုဘယ် ထမင်းစားပါ့မလဲ .. လက်ဖက်ရည်နဲ့ပဲ ပြီးနေတာ"

ဒေါ်ကြီးအေးက သူ့ဟင်းကို ကျွန်တော်က စားကောင်းလှသည်ဆိုသည့် အတွက် ကျေနပ်ကာ ခပ်ပြုံးပြုံးနှင့် ကျွန်တော့်ထမင်းပွဲကို ယပ်ခတ်ပေး

"အေးကွဲ့ .. ဒါနဲ့ မင်းအမေဆုံးတယ်သာ ကြားရတယ် ဘာရောဂါနဲ့ တို့လည်းမသိရပါလား .. ကောင်လေးရဲ့"

"စိတ်ပေါ့ဗျာ .. ဒီလိုနဲ့ ဘရောင်ရှောင်နဲ့ရှိရင်း လုံးပါးပါးလာတာ ဘညိုရာ"

"အေးလေ .. စိတ်မကောင်းစရာဘဲ .. မသက်ဝေဟာ တကယ် စိတ်ကောင်းစေတနာကောင်းရှိတဲ့ မိန်းကလေးပဲ .. ဒါပေမယ့် ကုသိုလ် မကောင်းရှာဘူး"

"စိတ်ကောင်း စေတနာကောင်းရှိလို့ပေါ့တော့ .. သူ့လင်ကိုယူပြီး အိမ် တက်လာတဲ့မိန်းမကို အပြစ်မယူဘဲ အေးအေးဆေးဆေး နေရာပေးခဲ့တာ"

ကျွန်တော်ထင်ခဲ့ပြီးသားပင် .. ဒီအိမ်ကြီးကို ရောက်ခဲ့ရင်တော့ အဟောင်း သောအဖြစ်သနစ်တို့သည် ပြန်လည်ဆန်းသစ်လာလိမ့်ဦးမည်ဆိုသည်ကို

သို့သော်လည်း ဒါကလည်းမေ့ပျောက်၍မရနိုင်သော နာကျည်းစ အမှန်တရားများသာဖြစ်၏။

"ဟုတ်တယ် .. မေမေ့ကိုလည်း အိမ်ကလူတွေက တော်တော်ချစ်ကြ ပါတယ် .. ဒါပေမယ့် ဘညိုရယ် .. မေမေက ဖေဖေ့ကို အပြင်ပန်းက ပြတ်သားသလိုရှိပေမယ့် စိတ်တွင်းကမပြတ်သားတော့ သူ့မှာ



ပတ်သက်တဲ့ခံစားချက်က စိတ္တဇလို ဖြစ်နေတော့တာပေါ့လေ"

"အေးလေ .. မသက်ဝေရယ် .. အလှနဲ့ သနားစရာကောင်းတော့တာ သူ့လို သူတော်ကောင်းမကြီးကို ဓော်ကားလို့ သူ့တို့မယ် ဘယ်လိုအဖြစ်ဆိုးနဲ့ တော်သိမ်းရသလဲ .. ဟင်း"

ဘညိုက သက်ပြင်းတရှိုက်ချရင်း စိတ်မကောင်းဟန်နှင့် ပြောင်းကို ကျော်ကာ ဟိုအဝေးက ကုကော်ပင်တန်းကို ခွေးမြေ့စွာ ငေးမောကြည့်နေ၏။ ဒေါ်ကြီးအေးကတော့ စို့တက်လာသောမျက်ရည်စများကို အင်္ကျီလက်များနှင့် သုတ်ကာ မေမေ့ကို သနားကြောင်းပြောသည်။

"အခု မောင်မြတ်အောင်က နိုင်ငံခြားမှာဆိုတော့ မင်းဆီကိုရော အဆက်အသွယ်ပြုသလား"

"ဆက်သွယ်ပါတယ် .. နှစ်နှစ်တစ်ခါ [illegible] တော့ ဒီကိုလာပါတယ် ကျွန်တော့်ကိုလည်း ဟိုကိုခေါ်ပါတယ် ... ဒါပေမယ့် ခုနေမှာတော့ ကျွန်တော်လည်း လိုက်ဖို့အစီအစဉ်မရှိသေးတော့ မသွားဖြစ်သေးဘူးပေါ့"

"နို့ .. မင်းအလုပ်က ဘယ်လိုမျိုးလဲကွဲ့"

အလုပ်ကိစ္စနှင့်လာကြောင်း ကျွန်တော့်ပြောမိ၍ထင်သည်။ ဘညိုက ကျွန်တော့် အလုပ်ကိစ္စကိုမေး၏။

"ကျွန်တော့်အလုပ်က စာရေးတယ်လေဘကြီးညို"

"စာရေးတယ် ဘာစာတွေရေးတာတုံး .. စာရေးတာ ပိုက်ဆံရသလား"

အလုပ်ဆိုသည် ပိုက်ဆံရရန်အဓိကဟု တွက်ဟန်ရှိသည်။ ရိုးသားသော တောသူ ဒေါ်ကြီးအေးက အံ့ဩဟန်ဖြင့် ကျွန်တော့်ကိုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … အထိုက်အလျောက်တော့ရပါတယ်"

ကျွန်တော်ကရှင်းပြရင်းရှည်နေမှာစိုးသဖြင့် စပ်တိုတိုပြောလိုက်၏။

"မယ်အေးကလဲ ညှိရန်ကော .. စာရေးဆရာဆိုတဲ့ အလုပ်မျိုးပေါ့ကွာ"

ဘကြီးညိုက ကျွန်တော့်အစား ဒေါ်ကြီးအေးကိုရှင်းပြ၏။

"ဒီအလုပ်ကလဲ တာဝန်အကြီးသားနော်လူလေး"

ကျွန်တော် ဘာမှပြန်မပြောမိသော်လည်း ဘညိုအား ခေတ်မီသူ တစ်ယောက်အဖြစ် ကျွန်တော်လေးစားသွား၏။ ထို့နောက် ဘညိုနှင့် ဒေါ်ကြီးအေးအား ရန်ကုန်မှအန်တီလေးတို့ ဝယ်ထည့်ပေးလိုက်သော လက်ဆောင်ပစ္စည်းများကိုပေး၍ နှစ်ပေါင်းများစွာ ဝေးကွာခဲ့သော အိမ်ကြီး၏ အပေါ်ထပ်သို့ ကျွန်တော်လှမ်းတက်ခဲ့၏။

❋ ❋ ❋ ❋

အိမ်ကြီးအပေါ်ထပ်၏ ရှာထိုးခင်းများသည် နှစ်ရှည်လများကြာမြင့် လူမနေသော အိမ်ဟုမထင်ရအောင်ပင် ချောမွတ်ပြောင်လက်နေခြင်းရှိနေ၏ ဒေါ်ကြီးအေးသည် ဤအိမ်ကြီးအား တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သည် ကိုကား ထုတ်ပြောစရာမလိုအောင် သက်သေပြလျက်ရှိ၏။

ဘုရားခန်းမှ ဘုရားစင်သည် ပန်း၊ ရေချမ်း၊ ဆွမ်းကွမ်းနှင့် ရှေးဟောင်း ဘုရားတစ်ဆူက ပလ္လင်ထက်တွင် သပ္ပာယ်စွာ သီတင်းသုံးတည်ရှိနေ မသည်။ ဘုရားအိုးထဲတွင် ရာသီချိန်ခါမဟုတ်ဘဲ ကံ့ကော်ပန်းများ



မွှေးမွှေးလှိုင်မျှ နေရာယူနေကြသည်။ နေ့လည်နေ့ခင်းပေမယ့် ကံ့ကော်ပွင့်များက မွှေးမြလတ်ဆတ်ဆဲ မနက်မှ ဒေါ်ကြီးအေး ဘုရားပန်းကပ်ထားဟန်တူသည်။

နံရံကပ်နာရီမှ ဒေါင်ကနဲ၊ ဒင်ကနဲနှစ်ချက်ထိုးသွားသည်။ ထိုအချိန်နှင့် ဆီလျော်စွာ နွေနေ့လည်သည် ပူအိုက်ခြောက်သွေ့ကာ နေရောင်ကလည်း မျက်စေ့စူးလောက်အောင် တောက်ပသာယာလျက်ရှိ၏။ နံရံတွင် နာရီကြီး၏ တစ်ဘက်တစ်ချက်၌ ဖေဖေ့ဓာတ်ပုံနှင့် မေမေ့ဓာတ်ပုံကို ကျွန်တော့်ငယ်ငယ်က မြင်ခဲ့သည့်အတိုင်း ချိတ်ဆွဲထား၏။ ကျွန်တော့်ငယ်စဉ်အတွေးထဲတွင် ဖေဖေနှင့် မေမေ့ဓာတ်ပုံကို နာရီခြား၍ ချိတ်ဆွဲထားခြင်းအတွက် သဘောမကျ ဖြစ်ခဲ့မိသေး၏။ ဒီနာရီကြီးခြားထားလို့ပဲ ဖေဖေနဲ့မေမေ ကွဲကွာရလေသလား ဒါကြီးကပဲ နိမိတ်ဆိုးတစ်ခုဖြစ်ခဲ့လေသလား။ ကျွန်တော် မကြာခဏ တွေးဖြစ်ခဲ့သည်။

ခုတော့ လင်မယားတို့ ကွဲကွာခြင်းမှာ နာရီကြောင့်မဟုတ် .. တစ်ဦး သဘောတစ်ဦးမှားမလည်ခြင်း၊ အတ္တမာန်မာနတို့ ဖုံးလွှမ်းမှု လွှမ်းကဲခြင်းနှင့် ကံကြမ္မာပေါ်တွင်သာ တည်မှီကြောင်း၊ ကျွန်တော်သိလိုက်သည့်အချိန်တွင် မေမေလည်း လူ့လောကတွင်မရှိတော့။ ဖေဖေလည်း ဒီနိုင်ငံတွင်မရှိတော့သော အချိန်မှာဖြစ်၏။

ဓာတ်ပုံထဲတွင် ဖေဖေသည် ပြုံးရိပ်မရှိဘဲ တည်ကြည်စွာရှေ့သို့ စူးစိုက် ကြည့်နေသော်လည်း မေမေ့ဓာတ်ပုံမှာတော့ မေမေက ခေါင်းလေးအနည်းငယ် ငိုက်ကာ စပ်လဲ့လဲ့ပြုံးရင်း သူမအကြည့်မွေးများက အသက်ဝင်လှစွာ ကျွန်တော့်အပေါ်ကို လှမ်းပြုံးနွေးထွေးနေစေသည်က ထိုဓာတ်ပုံကိုကြည့်တိုင်း ပြောင်းလဲသော ခံစားမှုတစ်ခုဖြစ်စေခဲ့၏။

www.burmeseclassic.com

မေမေသည် ရုပ်ရည်အင်မတန်လှပသော မိန်းမတစ်ဦးဖြစ်သော်လည်း လှပသောမိန်းမတို့၏ စိတ်စရိုက်နှင့်မတူညီစွာ ဓာတ်ပုံအရိုက်ခံရန် ဝါသနာပါလှပုံမရ။ ရန်ကုန် အိမ်မှာလည်း ဒီဓာတ်ပုံကိုသာ ဗုံကြီးချဲ့ထားခြင်းဖြစ်သည်။

မေမေ၏ ထိုအကြည့်များက ကျွန်တော့်အား ဘဝတစ်ခုလုံးစာ အင်အားများပေးခဲ့ခြင်းဖြစ်သည်။ ထိုအကြည့်များကပဲ မေမေနှင့်ကျွန်တော့်အား တစ်ဦးနှင့်တစ်ဦး စိတ်နှလုံးကို နီးစပ်စေခဲ့ခြင်းဖြစ်၏။ ထာဝစဉ် မေမေ့အကြိုက်နှင့် ကျွန်တော့်အကြိုက် ထပ်တူကျနေတတ်ပြီး မေမေအတွေးနှင့် ကျွန်တော့်အတွေး နီးစပ်နေတတ်၏။ ကြိုတင်ပြင်ဆင်မထားသော စိတ်ကူးတို့လည်း တူညီနေတတ်၏။ ဒီတစ်ပတ် ဥပုဒ်နေ့ ဘုရားတက်ရအောင်ဆိုသော စိတ်ကူးမျိုး၊ ဖေဖေ့မွေးနေ့မှာ ဘုန်းကြီးဆွမ်းကပ်ပြီး ဖေဖေ နှစ်သက်ရာပစ္စည်းတစ်မျိုး ပေးပို့စေသည့် အလှူအတန်းမျိုးတို့ဖြစ်သည်။

မေမေသည် အင်မတန်လှပသော မိန်းမတစ်ဦးဖြစ်သော်လည်း အိမ်ထောင်ရေး ကံမကောင်းရှာပါ။ ထိုအချိန်က ဖေဖေသည် ဝင်ငွေကောင်းသော အိမ်ထောင်ဦးစီး တစ်ဦး၏ ထုံးစံအတိုင်း နောက်ပိုင်းတွင် ဖေဖေအရက်သောက်တတ်လာ၏။ သစ်ပိုင်းအတွင်း ထမင်းဆိုင်မှ အမျိုးသမီးတစ်ဦးနှင့် သတင်းသန့်သန့်ကြားရ၏။ ထိုအကြောင်းများကြောင့် မေမေ သောကဖြစ်သည်ထင်သည်။

တစ်ခါတော့ ကျွန်တော် ဆယ်နှစ်နှစ်သားအရွယ်လောက်ကဖြစ်သည်။ အပေါ်ထပ်ဝရံတာထက်တွင် ဖေဖေနှင့်မေမေ စကားကတောက်ကစ များကြဟန်တူသည်။ ကျွန်တော်က ဝရံတာနှင့်မဝေးသော ကျွန်တော့်အခန်းထဲမှာ ကာတွန်းစာအုပ်ဖတ်နေလေရာ စာအုပ်ကပြီးလုပြီးခင် ဖြစ်နေသဖြင့်



သူတို့နှစ်ဦးအပေါ် အာရုံမရောက်အား .. စာအုပ်ကိုသာ သဲကြီးမဲကြီးဖတ်နေမိသည်။

ခဏနေတော့ မေမေ့ဘီရိုတံခါး ဗိုတ်သံခပ်ပြင်းပြင်းကို ကြားလိုက်ရသည်။ ကျွန်တော့်ကာတွန်းစာအုပ် ပြီးဆုံး၍ မေမေ့ထံသွားမည်အပြု ဖေဖေ့အသံပေါ်လာ၏။

“သား .. ဟောကောင် .. သွား ဒေါ်ကြီးအေးကို ဖေဖေ့အတွက် ဆတ်သားခြောက်ဖုတ်စီစဉ်ပေးဖို့ သွားပြောချေစမ်း”

မေမေကိုကြောက်ရသဖြင့်သာ ဒေါ်ကြီးအေးထံ ဝသန်သွားရမည်ဖြစ်သော်လည်း ဝသန်အာရုံက မေမေ့ထံရောက်နေသည်။ ထိုနေ့က မေမေသည် အကျီနှင့် လုံခြည်အပြာနရောင်အပေါ်အောက်တူ ဝတ်ထားပြီး အပြင်သွားသည့်အခါတိုင်း လွယ်နေကျဖြစ်သော အညိုနရောင်သားရေအိတ်ကို လွယ်ထားသည်ကို အမှတ်ရသေးသည်။ မေမေက ခေါက်ထီးလေးကိုဖွင့်ရင်း အပြင်သွားကာအတိုင်း ဝသန်ကို နှုတ်ဆက်နေကျပုံစံအတိုင်း နှုတ်ဆက်လိုဟန်နှင့် ကင်းငဲ့ကာကြည့်နေသေးသည်။ ထိုစဉ်က ဝသန်မှာ ကလေးအသိပင်ရှိသော်လည်း မေမေ့အကြည့်က ခပ်မှိုင်းမှိုင်းဖြစ်နေပြီး ဝသန်ရင်ထဲတွင် မိုးကြိုးအုံ့ဆိုင်းသလို ဝမ်းနည်းစရာကောင်းလှသည်။

ပြီးကာမှ မေမေက ဆတ်ခနဲလှည့်ပြီး ကျွန်းလှေကားအတိုင်း ဆင်းသွားတော့ကာ တစ်ချက်မှပင် လှည့်မကြည့်တော့ပေ။ ဖေဖေမှာနိုင်းတာ ဒေါ်ကြီးအေးကို သွားပြောပြီး မေမေ့ထံပြေးကာ မေမေ့ကို ကားဂိတ်အထိလိုက်ပို့ရန် ရည်ရွယ်ချက်ကလည်း နောက်ဘက်အိမ်ကလေးတွင် ဒေါ်ကြီးအေးမရှိသဖြင့် လိုက်ရှာနေရ၍ စိတ်ကူးပျက်စီးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးထဲတွင်ရောက်နေသော ခေါင်ကြီးအေးကို မေမေ့အမှာကိုပြောပြအပြီး ခြံဝမှ ထွက်၍ မေမေ့ကိုရှာတော့ မေမေ့ပုံရိပ်ကို ပျပျလေးမှပင် မတွေ့ရတော့ ကိန်မရှိ။ ဝဿန်တို့ခြံအနောက်ဘက်မှ ရစ်ခွေစီးဆင်းသွားသည့် ချောင်းကို ကျော်တာ ချောင်းတစ်ဘက်မလှမ်းမကမ်းတွင် ကားလမ်းမကြီးရှိသည်။ ထိုလမ်းမကြီး၏ဘေး တစ်ဘက်တစ်ချက်ရှိသော ကုက္ကိုလ်ပင်ရိပ်များမှာ သွားထိုင်စောင့်မည်ဆိုပါက ရန်ကုန်သို့ မေမေစီးသွားမည့်ကားသည် ထိုလမ်းမ မလွဲဧကန်ဖြတ်ရမည်ဖြစ်၍ တွေ့နိုင်သေးသည်။

ထို့ကြောင့် ဝဿန်ခြံနောက်ဖြတ်လမ်းမှ ကားလမ်းမဆီသို့မနားပဲ အပြေးနှင့် သည်။ ပြီးတော့ ကုက္ကိုပင်အောက်တွင် အကျအနထိုင်ကာ စောင့်သည်။ မိုးသာချုပ်သွားသည်။ ဖြတ်သောကားများမှ မေမေမပါနဲ့ပါ။ ကလေး တစ်ယောက်၏ စိတ်လေမှုမျိုးနှင့် ဝဿန်အိမ်ကို ပြန်လာခဲ့သည်။ သူ့စိတ်ထဲတွင် မေမေကလွဲ၍ အားလုံးကိုစိတ်ဆိုးနေခဲ့သည်။ မေမေ့ကို စိတ်ရှုပ်ထွေးစေသော ဖေဖေ့ကိုလည်း စိတ်ဆိုးသည်။ ကာတွန်းစာအုပ်ကို ဦးစားပေးမိသော ကိုယ့်ကို လည်း စိတ်ဆိုးသည်။ အိမ်လေးတွင် အသင့်ရှိမနေသော ခေါင်ကြီးအေးကိုလည်း စိတ်ဆိုးသည်။

ငါလှဲသော နေခြည်ပြိုးဖျောက်အောက်တွင် ဝမ်းနည်းရသော မြေလှမ်း များဖြင့် မညီညာသော မြေလမ်းများပေါ်၌ ခေါင်းငိုက်စိုက်ချကာ ကြေကြေ ကွဲကွဲ လမ်းလျှောက်လာသော ကလေးလေးတစ်ယောက်၏ ပုံစံကို ယနေ့ထိ ကျွန်တော်မြင်ယောင်နေမိသေးသည်။

ထိုနေ့ကတည်းက မေမေသည်လည်း အိမ်ကြီးဆီပြန်မရောက်လာ ခဲ့တော့ပါ။ မေမေထွက်သွားသည်မှ မေမေ့ပြန်အလာကို ဝဿန်နဲ့အေး



စောင့်နေခဲ့သည်။ စောင့်နေခဲ့သည်မှာ အချိန်နည်းနည်းမဟုတ်။ ထိုအချိန်မှစ၍ သုံးနှစ်လုံးလုံး မညည်းမညူနှင့် ဖေဖေ မေမေ့ကိုစောင့်နေခဲ့သည်။

နောက်တော့ ဟာလာဟင်းလင်းဖြစ်နေသော ရင်ခွင်ထက် ကြေကွဲစရာ ကောင်းသည့်နေရာဆို၍ ဘဝတွင် ဘာတစ်ခုမျှမရှိဆိုသည့် အယူအဆဖြင့် ဖေဖေသည် ခင်မနွယ်ဟူသော ထမင်းဆိုင်မှ အမျိုးသမီးကို တင့်တောင်း တင့်တယ် လက်ထပ်ယူလိုက်၏။ ဖေဖေလက်ထပ်ယူသော အမျိုးသမီး ဖေဖေ့ ရင်ခွင်ထဲရောက်သည့်နေ့မှာပင် ကျွန်တော်သည် သူမအတွက် ဖေဖေ့ရင်ခွင် နေရာဖယ်ပေးခဲ့ရ၏။ ထိုအစီအစဉ်မှာ ဖေဖေ့အစီအစဉ်မဟုတ်။ မေမေ့အစီအစဉ် အရ ကျွန်တော်ရန်ကုန်ရောက်ခဲ့ရခြင်းဖြစ်၏။

ငယ်သေးသောကျွန်တော့်အသိတွင် ထိုအစီအစဉ်များကို နားမလည်ပါ။ လူကြီးတွေ အစီအစဉ်အတိုင်း နာခံရုံသာရှိလေသည်။ ထိုသဘောတရားများကို နားလည်အောင် နောင်ဒ္ဒနှစ်နှစ်ဆယ်ခန့် စောင့်ရဦးမည်ဟု မေမေက ပြောပါသည်။ သို့သော်လည်း ဆယ်နှစ်မပြည့်ခင်မှာပင် လူ့လောက၊ လူ့သဘောတရားများကို ကျွန်တော်တစ်စတစ်စနားလည်လာခဲ့၏။ အိမ်ထောင်ရေးအဆင်မပြေသော မိဘနှစ်ပါးက ပေါက်ဖွားလာသော ကျွန်တော့် ဆို့ စာရေးဆရာတစ်ယောက်ဖြစ်လာခြင်းအတွက် ဘာမှအဆန်းတကြယ် မဟုတ်ပါ။ ငယ်ငယ်ကတည်းက ခံစားချက်တွေကို စာရွက်ဖြူပေါ်တွင် နှမြေးခဲ့မိပေမယ့်လည်း ရင်ထဲတွင် ဝမ်းနည်းသိမ်ငယ်မှုတို့ဖြင့် ထာဝစဉ် အစိုက်းနေခဲ့တာပဲဖြစ်သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

ကျွန်တော်သည် အပေါ်ထပ်ပြူတင်းပေါက်မှ လက်နှစ်ဖက်ထောက်ရင်း ခြံဝင်းအတွင်းကို ငေးကြည့်မိ၏။ ခြံဝင်းမြေသည် အတော်ကလေးကျယ်ဝန်းကာ ကသစ် လက်ပံနှင့် ခရေပင်လို နှစ်ရှည်ပင်များက ခြံကြီး၏စည်းရိုးသဖွယ် ကာရံထားပြီး ခြံထဲတွင် မာလကာ၊ ဒန့်ဒလွန်နှင့် ကုံကော်ပင်များနှင့် မယ်ဇလီပင်များကို တွေ့ရသည်။ ကျွန်တော်ငယ်စဉ်ကတော့ ကုံကော်ပင်များ ရှိမရှိမမှတ်မိပါ။

ကျွန်တော့်အကြည့်သည် ခြံတွင်းမှ ခြံပြင်ပသို့တဖြည်းဖြည်းထွက်သွား၏။ ခြံစပ် နှင့် အလှမ်းဝေးသောလမ်းကလေး၏ တစ်ဘက်တွင် အိမ်ကလေးများကို သတိထားမိသည်။ ကျွန်တော် ဒီမြို့ကလေးက မထွက်ခွာခင်အထိတော့ ထိုအိမ်ကလေးတွေ ရှိမနေခဲ့သေးပါ။ ဒါနောက်မှ ရောက်လာသူများ ဖြစ်မည် ထင်သည်။ ကြည့်နေရင်းမှ ကျွန်တော့်အကြည့်တည့်တည့်မှ အိမ်ကလေးတစ်လုံးသည် လူရုံးစုရုံးစုနှင့် အဝင်အထွက်များလှသည်ကို သတိထားမိသဖြင့်



ကျွန်တော်အနည်းငယ် အာရုံစူးစိုက်၍ စိတ်ဝင်စားသွားမိ၏။ ဘာဖြစ်နေတာပါလိမ့် ....

ကျွန်တော်ထိုအိမ်ကလေးအား စူးစိုက်ကြည့်ပါသော်လည်း အတော်ကလေးဝေးသည့်အကြောင့် အမြင်မသဲကွဲစွာရှိနေ၏။ ထို့ကြောင့် ကျောပိုးအိတ်ထဲမှ မှန်ပြောင်းကို ထုတ်ယူရင်း ထိုနေရာတွင် လှမ်းချိန်၍စပ်စုလိုက်မိ၏။

"အမယ်လေး"

ကျွန်တော့်မျက်လုံးမှ မှန်ပြောင်းကိုဖယ်လိုက်ရင်း ထိတ်လန့်စွာဖြင့် အမယ်လေးတလိုက်မိ၏။ ထို့အတူ ကျွန်တော့်ရင်ထဲမှာလည်း လှိုက်ဖိုတုန်ရီသွား၏။ မျက်စေ့မှ မှန်ပြောင်းကိုဖယ်ရှားလိုက်သဖြင့် မြင်လိုက်ရသော မြင်ကွင်းသည် အမြင်အာရုံမှ ပျောက်ကွယ်သွားရုံဖြစ်သော်လည်း ကျွန်တော့် အာရုံမှာ ထိုမြင်ကွင်းသည် စွဲထင်နေတော့၏။

ကျွန်တော်သည် မကြည့်ဘဲလည်းမနေနိုင်သဖြင့် မှန်ပြောင်းကို မျက်လုံးတွင် နောက်တစ်ကြိမ်ကြည့်မိပြန်သည်။ ဒီတစ်ခါတော့ စောစောကလောက် ကျွန်တော် ထိတ်လန့်သွားခြင်းမရှိတော့ .. အမှန်တော့ ဆွဲအားကောင်းသော မှန်ဘီလူးများကြောင့် ကျွန်တော်မြင်လိုက်ရသောအရာမှာ ကျွန်တော်နဲ့ မလှမ်းမကမ်းသို့ ကြည့်လိုက်တိုင်း ရှေ့နားရောက်လာခြင်းဖြစ်သည်။ ရောက်လာသည့်အရာကား ဆံပင်အနီ၊ အဖြူ၊ အစင်းကြားနှင့် အုပ်လွှမ်းထားသော ခပ်စန့်စန့်အလောင်းကောင်လောင်းသာဖြစ်၏။ ကျွန်တော်ကြည့်နေစဉ် လူများကလည်း ထိုအိမ်ကလေး အတွင်းသို့ ဝင်ရည်၊ ထွက်ရည်နှင့် ရှုပ်ရှက်ခပ်နေသည်ကြောင့် အလောင်းမှာ မြင်မယောက်ပြားမခွဲခြားနိုင်ဘဲ ရှိနေ၏။

www.burmeseclassic.com



အတန်ကြာကြည့်ပြီးသောအခါ ဖြစ်ပျက်လွယ်သော ကျွန်တော့်စိတ်ကြောင့် မြင်ကွင်းမှာ ရီသွား၏။ မြင်တွေ့နေရသော အသုဘမှာ ယောကျ်ား၊ မိန်းမ အသက်ဘယ်လောက်၊ ဘာရောဂါနှင့်သေဆုံးကြောင်း စသည့်အခြေ အကြောင်းလေးတောင် သိလိုသည့်အာရုံမရှိတော့။

လေရူးတစ်ချက်က ခပ်ကြမ်းကြမ်းမွှေသွားသည်။ သစ်ရွက်ရော်၊ သစ်ရွက် ခြောက်တို့ မွှေ့ကာမြေခကုန်၏။ မြူဝါဝါအရောင်ရှိသော ပွင့်ချပ်တို့လည်း ရစ်ဝဲကာ မြေသက်ကြရ၏။ လေရူးကြောင့် ကံ့ကော်ပွင့်ဖတ်တွေ ကြွေရတာကို တော့ စိတ်ထဲတွင် နမြောမိသလိုလိုခံစားရသည်။

လေပြေသယ်ဆောင်လာသော ကံ့ကော်ရနံ့ကတော့ ကျွန်တော့်ရင်ထဲသို့ မွှေးပျံ့ အေးမြစွာရောက်လာ၏။ ကျွန်တော်သေးလေ့ကားမှ မြို့ထဲသို့ ဆင်းသွားခြင်းမှာ ကံ့ကော်ပန်းရနံ့၏ ဖြားယောင်းခြင်းကြောင့်သာဖြစ်သည်။

ကျွန်တော့်အိတ်ကပ်ထဲမှ အသင့်ပါလာသော အမ်ပီဖိုးနှင့် စတိုခန်းထဲမှ ဆွဲထုတ်လာသော ကြိုးပုခက်ယောင်းကလေးနှင့် ခရီးပန်းလာသော နေ့လည်ခင်း ကို အကျိုးရှိရှိ အသုံးချရန်စီစဉ်လိုက်၏။

ကြိုးပုခက်မှ ကပ်ညိနေသော ဖုန်များကို ရိုက်ပုတ်ခါပြီး မြို့တောင်ဘ ကသစ်ပင်နှင့် ခရေပင်ကိုင်းကို ပေါင်းကူးသွယ်တန်းလိုက်၏။ နိုင်၊ မခိုင်ကို သေသေချာချာ စမ်းသပ်၍ စိတ်ချရသောအခါ ပုခက်ပေါ်သို့ ကျွန်တော် ခန္ဓာကိုယ်ကို ပစ်တင်ရင်း ထိုအပေါ်တွင် ဆိုနီအမ်ပီဖိုးနှင့် ကျွန်တော်ငြိမ်နေ သည်။ ကျွန်တော့်နားထဲသို့ စီးဆင်းနေသော သီချင်းက ခေတ်သီချင်းတစ်ပုဒ် တော့မဟုတ်။ မေမေ့ကို အမှတ်တရအတွက် မေမေကြိုက်သောသီချင်းများ



တေးသံသွင်းဆိုင်မှ သေသေချာချာ ပြန်လည်သွင်းယူထားသော ကိုအံ့ကြီး၏ သီချင်းဖြစ်သည်။

“ဖိုးသက်တယ်ဆင် ×× ရှစ်စွင်ကမဲ ××× ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် ××× လက်ရည်တပြင်တည်း ×× ရှေးကထက် ပိုချမ်းကြတယ်”

ကျွန်တော့်ပါးစပ်ထဲကလည်း သီချင်းကိုလိုက်ဆိုရင်း တိမ်ဆိုင် အစုစုများ ဟိုဒီရွေ့လျားနေပုံကိုကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ ၏။ နေမှိန်နေသော ကောင်းကင်ရောင်တောက်တောက်ကြောင့် မျက်လုံးများ ပြာဝေမှေးစင်းလာ၏။

လယ်ကွင်းပြင်များမှတဆင့် သစ်ပင်ကြိုကြားကို ဖြတ်တိုက်လာသော လေပြေသည် ကျွန်တော့်ထံသို့ ရောက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးအား ဖျော်ခဲ့၊ နှုတ်ခဲ့ ပွတ်တိုက်ကျီစယ်ကာ ဆက်လက်ခရီးဆက်သွားကြ၏။

“မြင်းကံဘုတ်ရွာသူများ အသားတော်ဝင်း ××× လို့ ×× ဝါဝါကြည်လွှင် ကြည်ကြည်လင်လင် ×× ရေကြည်သောက်ရင် မြင်ရမလောက်ပင် ×× သည်တိုင်သေးပြီး ××× နဘင်းကြီးက သာလို့ယဉ်တော့သူ တောင်သူအမျိုးရှိင်းကော နဂိုအတိုင်း ခပ်ယဉ်ယဉ် ××”

မြင်းကံဘုတ်ရွာသူတွေ ဒီလောက်တောင်ပဲ လှကြသတဲ့လား .. မေမေလည်း တော်တော်လှခဲ့သားပဲ .. အလကားပါပဲ .. အလှဆိုသည်က ယာယီမျှ နိုးရှိသော ပစ္စည်းသာဖြစ်သည်။ ထိုအလှနှင့် ယောကျ်ားတစ်ယောက်ကို ဘဝစာမျှ ထိန်းသိမ်းထားနိုင်ရှာ။ အိပ်ချင်နေသည့်ကြားမှ မပီမပြင်တွေး း မပီမသဖြူးမိသည်။

www.burmeseclassic.com

မြို့ပြ၏အသံများ ဟန့်များဖြင့်သာ ရင်းနှီးခဲ့သော ကျွန်တော်သည် မြို့ငယ်လေး၏ တိတ်ဆိတ်မှုဖြည့်ဆည်းထားသော သွေ့ခြောက်မှုရှိ့နှင့် ရောနှော နေသော ဝန်းရှဲ့ကြားတွင် မေ့းဝင်းလာသော မျက်ဝန်းများရှုခင်းခေါ်ဆောင် ရာသို့ တစ်စတစ်စနှင့်ပါသွားတော့၏။

နှမ်းမြိုက်ရှာပျော်ဝင်ခြင်း မရှိသောနှုတ်ဆက်အိပ်စက်ခြင်းထဲတွင် မေမေ့ကို တွေ့ရသည်။

“ခေါင်းကိုက်လိုက်တာ .. သားရယ်” ဟူသော ညည်းသံကိုကြား ရသည်။ ဆယ့်သုံးနှစ်သားသူက ဆေးသေတ္တာထဲက အက်စပရင်ဆေးပြားလေး များကိုရှာဖွေကာ မေမေ့ထံသွား၏။ မေမေက အခန်းဝတွင် ရေခွက်ကိုင်ကာ ရပ်နေသော ကလေးငယ်ကို ငေးကြည့်နေသည်။ ပြီးတော့မှ သားလေးရယ်ဟု ဆိုကာ မျက်ရည်ကျတော့ ကလေးငယ်က ဘာရယ်မသိဘဲ မေမေ့ကိုသနားသွား မိသည်။ မေမေသည် ဖေဖေနှင့် အတူမနေတော့ကတည်းကရခဲ့သည့် ခေါင်းကိုက် ဝေဒနာကို သက်သာစေရန်အတွက် နားထင်နှစ်ဘက်ပေါ်တွင် ကွမ်းရွက်ကို တစေကပ်ထားသော်လည်း အချည်းနှီးသာ .. ပြီးတော့ အက်စပရင်ဆေးပြား များကိုလည်း ပဲလှော်စားသလို ဝါးနေပါရဲ့နဲ့ ရောဂါမပျောက်ခဲ့ပါ။ ပြီးတော့ မေမေက အိပ်ရာထက်တွင် ဖြေးညင်းစွာလှဲလိုက်ရင်း

“သား .. သွားအိပ်တော့” ဟုဆိုသည်။ ဒါနဲ့ပင် သူအိပ်ရာကနိုးလာခဲ့၏။ မေမေက အိပ်တော့ဆိုမှ ကျွန်တော်နိုးလာခဲ့ခြင်းမှာ တချို့ချို့တိုက်ခတ်နေသော လေတိုးသံနှင့် ကျွန်တော့်မှာခေါင်းနှင့် မယှဉ်ပါးသေးသော စိမ်းရွှေရွှေ တစ်မျိုးကြောင့် ဖြစ်သည်။ ညနေလေပြေ၏သရုပ်မှုကြောင့် ကျွန်တော်ကြက်သီး ထမိသလိုတောင် ဖြစ်ရ၏။ ခေါင်းအောက်ရောက်နေသော လက်တစ်ဖက်



ချွဲထွက်လိုက်တော့ ကျင်နေသောလက်တွင် ကြိုးရာများပေါ်နေ၏။

“အောင် ငါကြိုးပုဝက်ပေါ်မှာ သီချင်းများတောင်ရင်း အိပ်ပျော်သွားတာပဲ” ကျွန်တော်အိပ်ပျော်သွားသော်လည်း ဖွင့်ထားသောသီချင်းက ကျွန်တော့်မှာထဲသို့ ငြိမ့်ညောင်းစွာ စီးဆင်းနေဆဲ ..

“လွမ်းတော်မူသို့ တကိုစီတယ် ×× တိမ်နီ တိမ်ပြာ တိမ်ဝါတွေသန်း ပြန်တော့ ဘယ်ဆီသို့ ×× ဘယ်ဝါသို့ လွမ်းရမယ် ×× ဆွေးရမယ် ကြာဝင်အိုင်ကြီးထဲလယ် ××”

အိပ်ရင်မူးတူးစိတ်နှင့် ပုဝက်မှုကြိုးထုံးကိုလှမ်းကိုင်အားပြုရင်း ကျွန်တော်ထ လိုက်သည်။ တောင်းကင်ကလည်း အဝါရောင်လှပလို့ သီချင်းထဲကလိုပဲ တိမ်နီ တွေ၊ တိမ်ပြာတွေတလည်း ယှက်သန်းလို့. ညနေဝင်းသည် နောက်ဆုံး အလင်းရောင်တွင် မှော်ရီကာ ပန်းချီကားတစ်ချပ်နှယ်ရှိနေ၏။

“မိုးအေးပါမယ် ×× မျိုးလာမယ် ×× မျိုးလာမယ် ×× မိုးအေးပါမယ် ×× မှန်သူဝန်ဂို့ကွယ် ရည်ရွယ်ကာထားခဲ့တယ် ××× ဟုမှာကြားရယ် ×× ချစ်ရည်းတနဲ့ ညားအောင်စောင့်ဦးကွယ်”

ရာသီမိုးခိုဝါနှင့် ကွက်တိကျအောင်ပင် သီချင်းကလွမ်းစရာကောင်းနေ၏။ ကျွန်တော်က အလွမ်းအဆွေးကို တထဲသာထည့်ရေးသူ ... တကယ့်တကယ်မှာ အလွမ်းအဆွေးတေသမှာ ခံစားနိုင်စွမ်းအားနည်းသူ .. ဖြေပလေက်အောင်လည်း ခွမ်းစရာကမရှိသည်ကို့. ရုလိုရင်ထဲ့ ဘာလိုလိုကြီးခံစားရသောသီချင်းမျိုး အထောင် ခဲလှသည်။

အိပ်ခြင်းမှ နိုးထလာသည့် နေဝင်ရီသရောချိန်ခါရယ်ကြောင့်ပဲလား၊ သီချင်းမျိုးတို ကြိုတ်နှစ်သက်သော မေမေ့ကိုပဲ သတိရအောက်မေ့မိပါ်

www.burmeseclassic.com



ကြောင့်ပဲလားမသိ ကျွန်တော့်ရင်ထဲတွင် တကာယ်ကိုနွမ်းလျပြီး ဘာလိုလိုနှင့် ဘယ်ဆီရှော့်မှန်း လွမ်းရမည်မသိဖြစ်ရသည်။ သို့သော် ကျွန်တော်က လွမ်းခြင်းကို စုမက်သူမဟုတ်သည့်အတွက် အလွမ်းစိတ်ကို ဖိအားပေးလာသော သီချင်းသံကို ရပ်တန့်ပစ်ရန် စဉ်းစားမိ၏။

ထို့ကြောင့် ကျွန်တော် အမ်ပီဖိုးခလုပ်ကို ပိတ်လိုက်၏။

"ကြာနီတို့ xxx ကြာဖြူတို့ လွမ်းရပါတယ် xx ဆွေးပါရတယ် ။။ ကြာဝင် နိုင်ကြီးအလယ် xx မိုးအခါဝယ် xx ချိုးလာမယ် xx ချိုးလာမယ် xx မိုးအခါဝယ်"

ကျွန်တော့်နားမှ နားကျပ်ကို ဆွဲဖြုတ်လိုက်သော်လည်း သီချင်းသံက ကြားနေရဆဲ ဘယ်လိုလဲ .. သို့သော် ကိုအုံကြီးအသံတော့မဟုတ်တော့ မိန်းကလေးတစ်ယောက်ရဲ့ ပိုမှန်တဲ့ပိုသော ဝါညက်ညက်စပ်စီးစီးဖြင့် သံရှ သံထားကျနသောအသံမျိုး ...

"ချစ်သူပန်ဘို့ကွယ် ရည်ရွယ်ကာထားခဲ့တယ် xx ပဒုမ္မာကြာရယ် ။။ ကျုပ်ရည်းစားနဲ့ ညားအောင်စောင့်ဦးကွယ်"

ကျွန်တော်အာရုံစိုက်နားထောင်ကြည့်တော့ အဆိုတော်တစ်ယောက်ရဲ့အသ ကောင်းခြင်းမဟုတ်ပေမယ့် အရပ်သူတစ်ယောက်ရဲ့ ဆွဲဆောင်မှုရှိသေ နားထောင်ချင်စရာအသံမျိုး .. ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်နားထ ထဲက သီချင်းကိုမှ သူကဆိုနေပြီး သံစဉ်ပြေပြစ်ညီညာမှုက တစ်ထပ်တည် ကျွန်တော့်အတွက် အံ့ဩချင်တိုင်း အံ့ဩစရာဖြစ်နေတော့၏။

ကျွန်တော် ကြိုးဖုတစ်ပေါ်က ခုန်ဆင်းပြီး မြေပြင်ကိုခြေချမိသေ ဖြိုးနောက်ဖက်က ယိုးအခွင့်ဆုံးကျွဲကော်ပင်အောက်တွင် မိန်းကလေးတစ်ယော



ကျွဲကော်ပန်းခူးနေသည်ကို တွေ့ရ၏။ သီချင်းသံကလည်း သူမဆီမှ လွင့်လာခြင်း ဖြစ်သည်။ ဘယ်တုံးကတည်းက ရောက်နေပါလိမ့် ...

ရှောင်ပြီးရှည်လျားသောဆံနွယ်များကို အချုပ်အထိန်းမရှိ လွတ်လပ်စွာ လွင့်ရှော့ စေသော မိန်းကလေးသည် ရှောင်တဝက်၊ လင်းတဝက်အောက်တွင် သူမရုပ်ရှာဟန်က အလွန်ပင်ကြည့်ကောင်းလှသဖြင့် ကျွန်တော်လှုပ်ရှားခြင်း မရှိဘဲ သူမကိုသာ ငေးကြည့်နေမိ၏။ ညနေဆည်းဆာအလင်းက သူမ၏ ကျစ်ရှင်းသောခန္ဓာကိုယ်ပေါ်သို့ ရွှေရည်ဆင့်လောင်းထားသလို ရောင်ဝါနှင့် ပနံရနေသည်။ ပန်းကိုခူးချစ်ဖော်နှင့် သူမ၏အာရုံက ကျွဲကော်ပင် အိပ်ရှာဝင်သာရှိနေပြီး သောပတ်ဝန်းကျင်က ယောက်ျားလေးတစ်ယောက် ရှိနေသည်ကိုပင် ဂရုပြုမိဟန်မတူပါ။ ရှေ့ကို ပန်းကျော့၍ ရောက်ရောက်လာ သော ဆံပင်တွေးကြီးကို နောက်ကိုပြန်ပြန်ပို့ရသည်ကပင် သူမမှာ အလုပ်ရှုပ် နေဟန်တူ၏။

"လွမ်းတော်မူဖို့ စာကိုစီတယ် xx တိမ်နီ တိမ်ဝါ တိမ်ပြာတွေ သန်းပြန်တော့ ဘယ်ဆီသို့ ဘယ်ညာသို့ xx လွမ်းရပါမယ် xx ဆွေးရပါမယ် ကြာပင်အိုင် ကြီးအလယ်"

ဆိုပြီးသောသီချင်းကိုလည်း ထပ်တလဲလဲသီဆိုရင်း ပန်းတွေကို တံချူ သော့ချောင်းနှင့် ခြွေခူးနေရာ အပင်အောက်မှာလည်း ကျွဲကော်ပွင့်တွေ ကျွဲလွှပ်နေခဲ့ပြီ။ ဒါလည်း သူမအားမရနိုင်သေး။ ခြေဖျားလေးထောက်ကာ သောက်တာဖြင့် မမှီသောပန်းကို ချိုးနေဟန်က လုံခြည်အထက်ဆင်နှင့် ကိုအကျီကြားမှ လှစ်နေ လှစ်နေ မြင်ရသည့် ဖြူသောခါးသားအဖြင့် ဆံသောင်ချစ်ချစ်တင်ပါး၊ ပြောင့်စင်းသော ပေါင်တံ၊ ချပ်ရပ်သော ဗိုက်သားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တို့က သူမမျက်နှာပြင်ကို မမြင်ရသည့်တိုင် အတော်အမိုးကျလှသည့် အမျိုးသမီးတစ်ယောက်ပဲဟု ကျွန်တော်ကောက်ချက်ချမိသည်။

သူမသည် ကိုင်းတစ်ခုက ပန်းပွင့်တစ်ချို့ကို တံချူဖြင့်လှမ်းဆွတ်ခူးလျှင် ကိုင်းက အနည်းငယ်မြင့်နေသဖြင့် ခြေဖျားထောက်ထားသော်လည်း အချည်းနှီးဖြစ်နေ၏။ ထို့ကြောင့် သူမအနည်းငယ်ခုန်ခုန်ပြီး ဆွတ်ခူး သော်လည်း ပါမလာဘဲ လွတ်လွတ်သွား၏။ အလွန်ကြည့်ကောင်းသော မြင်ကွင်းဖြစ်သော်လည်း ကျွန်တော်ကြည့်နေလို့မရတော့။ ကူညီရမည့် အခြေအနေဖြစ်လာသဖြင့် သူမရှိရာကုံကော်ပင်ဆီသို့ ကျွန်တော် ထွက်လာခဲ့၏။

"ဒီလောက်များတဲ့ပန်းတွေ ဘာလုပ်ဖို့လဲဗျာ"

သူမနောက်နားဆီမှ ပြောလိုက်သော ကျွန်တော့်စကားသံကြောင့် မိန်းကလေးက ထိတ်လန့်သွားဟန်ဖြင့် ပြေလျှော့နေသည့် ခြေကိုယ်တ တော်တော် ဖြစ်သွား၏။ ခပ်ဇွေဇွေ တစ်ချက်ကြည့်ပြီး ပန်းဆက်မခူးတော့ဘဲ ခူးပြီးသော ပန်းများကိုသာ လိုက်ကောက်နေလေတော့၏။

ကျွန်တော်သည်၊ ဝတ်ဆံဝါဝါ၊ ပွင့်ဖတ်ဖြူဖြူနှင့် ကုံကော်ပန်းကလေးများ သူမနှင့်အတူ ကူကောက်ပေးရင်း ဘယ်လိုစကားမျိုးနှင့် စကားစရမှာပြီး သူမ စကားစရပါမလဲဟု တွေးနေမိသည်။ တဖြည်းဖြည်းအမှောင်၏ ငါးမြှုပ်ခြင်း ရသဖြင့်တစ်ကြောင်း၊ သူမ၏ ဆံစများက ပခုံးထက်မှ လျှံကျကာ ရှေ့မျက်နှာ နှင့် ရင်ဘတ်တစ်ခုလုံး ဖုံးအုပ်နေသည်ကတစ်ကြောင်းတို့ကြောင့် သူမမျက်နှာ ကို မြင်ဖို့က သိပ်မလွယ်နိုင်ဖြစ်ရ၏။

"ရှင် ... ဘယ်ကလဲ"



သူမက ကျွန်တော့်ကိုတပြန်ဆီးမေးသည်။ အသံက ခပ်စီးစီး၊ ဩဩလေး ဖြစ်သည်။ သီချင်းဆိုတုန်းကလိုပင် သာသာယာယာရှိလှသည်။ ဒီအသံကြောင့် ကျွန်တော် ထင်မိသည်။ သူမအသားညိုသူတစ်ယောက်ဖြစ်ပါလိမ့်မည်။

"ရန်ကုန်ကပါ .. ခင်များကရော"

"ဒီနားကပါပဲ"

"ပန်းတွေ ဒီလောက်အများကြီးခူးပြီး ဘာလုပ်မှာလဲ"

"ရောင်းမှာလေ .. ဒါ .. ကျွန်မစူးနေကျပဲ"

"သော် ..."

ကျွန်တော်ကောက်ထားသော ကုံကော်ပွင့်များအား သူမထံလှမ်းပေးလိုက် သည်တွင် မိန်းကလေးက သူမလက်ထဲမှပန်းများကို ဆံခါနီးထဲထည့်ပြီးမှ ကျွန်တော့်လက်ထဲမှ ပန်းများကိုလှမ်းယူ၏။ ပန်းကိုလှမ်းမယူခင် သူမဆံပင်များ ကို အားလုံးစုသိမ်းကာ ခေါင်းတစ်ဘက်သို့ပို့ပြီးကာမှ ပန်းများကို လှမ်းယူခြင်း ဖြစ်သည်။

"ရှင်လည်းယူလေ"

ကျွန်တော်ခေါင်းခါပြလိုက်သည်။

"ကုံကော်ပန်းတွေက မွှေးပါတယ်"

"သိတာပေါ့ဗျာ .. ဒါပေမယ့် ကျွန်တော့်အတွက် ဒီပန်းက ခင်များမှာ လောက် အသုံးမဝင်ပါဘူး"

ကျွန်တော်က ပြုံးရင်းပြောမိသည်။

"ပန်းကို ရောင်းလိုပေမယ့် ရှုံ့ကို နမ်းရှိုက်လို့ရတာပေါ့ရှင် တစ်ပွင့်ယူထားလေ"

www.burmeseclassic.com

www.burmeseclassic.com



သူမကျေနပ်အောင် ခပ်ရွယ်ရွယ်တစ်ပွင့်ကို ကျွန်တော်ယူထားလိုက်သည်။ ဆံပင်ကို သိမ်းလိုက်စဉ်ခဏ၌ သူမ၏ ရှင်းသန့်သောမျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရသေး၏။ ချွန်မြသောနှာခေါင်းနှင့် ထူအမ်းသောနှုတ်ခမ်း .. ပြီးတော့ ထူထဲသောမျက်ခုံး ခပ်လျားလျားရှည်သွယ်သော မျက်လုံးတောက်တောက်လေး များ အတော်ချောတဲ့မိန်းမပဲဟု ကျွန်တော် မှတ်ချက်ချမိ၏။

"မှောင်နေပြီ .. ကျွန်မသွားတော့မယ်"

"ကောင်းပါပြီ .. နောက်နေ့လည်း လာခူးပေါ့"

ကျွန်တော်မပြောလည်း လာမည်ကိုသိလျက်နဲ့ ကျွန်တော်တမင် ပြောလိုက်ခြင်းမှာ စကားမရှိ စကားရှာကာ ခင်မင်ရင်းနှီးလို၍သာဖြစ်သည်။ မိန်းကလေး က ပန်းဆန်ခါလေး ခါးစောင်းတင်ကာ ခပ်သုတ်သုတ်ဖြင့် မြစည်းရိုးပြင်ဘက်သို့ ထွက်သွား၏။ ကျွန်တော်ကြည့်နေစဉ်မှာပင် သူမပုံရိပ်သည် ကျွန်တော့်အမြင်မှ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွား၏။

ကျွန်တော် အိမ်ပေါ်ပြန်တက်တော့ ဒေါ်ကြီးအေးက ကျွန်တော့်ထမင်းစားပွဲ အတွက် ဖွယ်ဖွယ်ရာရာပြင်ထားသည်ကို တွေ့ရသည်။

"ကောင်လေးရယ် .. မင်းဘယ်သွားနေတာလဲ"

"မြို့ထဲဆင်းရင်း အိပ်ပျော်သွားတာ ဒေါ်ကြီးအေးရဲ့"

"သိပါဘူးကွယ် .. ရန်မြို့အောင်ဘက်များသွားသလားလို့"

"မသွားပါဘူး"

ကိုယ်လက်သုတ်သင်ရန် ရေချိုးရင်ဘက် ကျွန်တော်ထွက်ခဲ့ရင်း ဒေါ်ကြီးအေးအား ပန်းလာခူးသော မိန်းကလေးအကြောင်းပြောရန် စိတ်ကူးမိ သေးသည်။ သို့သော်လည်း ပြောရန်မလိုအပ်ဘူးထင်၍ မပြောပြဖြစ်တော့



ဒေါ်ကြီးအေးချက်သော လက်ရာမှာ အစပ်အဟပ်တည့်လှသဖြင့် ထမင်း ကလည်း စားကောင်းလှသည်။ ကျွန်တော်ခေါင်းမဖော်တမ်းစားနေသောကြောင့် ဒေါ်ကြီးအေးကလည်း ဘာစကားမှမပြောဘဲ ကျွန်တော့်ဘေးမှ ယပ်တောင် တစ်ချောင်းနှင့် ယပ်ခတ်ပေးနေတော့၏။

❋ ❋ ❋ ❋

ကျွန်တော် ဒီနေရာကို စာရေးရန်လာခဲ့သော်လည်း တကယ့်တကယ်မှာ စာမရေး ဖြစ်။ အနားယူရုံသက်သက်သာ ဖြစ်နေ၏။ ပျင်းလျှင် မြို့ထဲမှာရှိသော ကျွန်တော့် မြဝင်းမှာ ရန်ကြီးအောင်ဘက်သွားကာ လက်ဖက်ရည်ဆိုင်ထိုင်မိ၏။ ဆိုင်ထိုင်ရင်း ရန်ကုန်က ရေးဖော်ရေးဖက်တွေကို သတိရမိသည်။ ပြီးတော့ ပန်းချီဆရာမ "မြ" ရယ်ပါပဲ .. သူမကို အောက်မေ့တသမိသောစိတ်က ကျွန်တော့်ကို တော်တော်အနှောက်အယှက်ပေးနေသည်။

ပန်းချီဆရာမတစ်ဦးဖြစ်သောကြောင့် မြသည် အနုပညာရေခံမြေ ကောင်းသော ရန်ကုန်လိုနေရာမျိုးတွင် အောင်မြင်နေသူတစ်ဦး .. ခုလို မြေလတ်ပိုင်းဒေသသို့ ကျွန်တော်ခရီးထွက်မည်ဆိုတော့ သူမလည်း လိုက်ပါအနားယူလိုပေမယ့် များပြားသောသူမ၏အလုပ်များက ခွင့်မပြု၍ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ မြေလတ်ပိုင်းခရီးတော့ နေနှင့်ဦးပေါ့လေ .. နောက်တစ်ခါ ကျရင်တော့ ရှင်နဲ့ကျွန်မ အားလပ်ချိန်ကို သေသေချာချာညှိပြီး ဥရောပခရီးကို သဘော်နဲ့သွားရအောင်"

"ဟင့်အင်း .. စက်ဘီးနဲ့သွားမယ်"

"မကောင်းပါဘူး .. လမ်းလျှောက်ပြီးသွားကြမယ်"

နောက်ပြောင်ခဲ့သည်ကအစ သူမနှင့်ပြောခဲ့သည့်စကားများကို ကျွန်တော် မှတ်မိနေသည်။ ဒီမိန်းမက လှပုံက ပျော့ပြောင်းဟန်ရှိပေမယ့် စိတ်ဓာတ်မာ အလွန်မာကျောသူ၊ ဒုက္ခကို ခပ်ပြုံးပြုံးစိုက်ကြည့်တတ်သူ .. ကြံ့ခိုင်လာ တတ်သော သူမအားက လူမှုဒုက္ခတွေကို ဟက်ခနဲရယ်မောလျှောင်ပြောင် တတ်သူ၊ ဂစ်တာကြိုးထဲမှာတော့ အသံစုံပြီး မာသောအသံထွက်သည့်နံပါတ် ကြိုးကလေး ဖြစ်လိမ့်မည်။

အနုပညာနှင့်ငွေကြေးကို ရောထွေးမသွားစေရဘဲ ပြောင်မြောက်အောင် ဖန်တီး တတ်သူ၊ သူမ၏ငယ်ရွယ်လှပသော ဖျော်ဖြေမှုနှင့် ကိုယ်ရည်ကိုယ်သွေး ယောကျ်ားအတော်များများ အသဲကျစေနိုင်သော်လည်း သူမ၏ ယောကျ်ားရေး အပေါ် ဆက်ဆံသည့် ထိမထင်ဟန်က ယောကျ်ားအတော်များများကို စိတ်ပျက် စေလောက်သည်။

ကျွန်တော့်လုံးချင်းဝတ္ထုအတွက် ရှာရှာဖွေဖွေသူမအား မျက်နှာဖုံးအဖြစ်တော ပါပလစ်ရှာကိုထိုက်၏ မိတ်ဆက်ပေးမှုကြောင့် သူမနှင့်တောင်တွေ့ဆုံခဲ့ရသည်။

ယောကျ်ားရှပ်အင်္ကျီအကွက်ကြီးကြီးကို ထမီပြောင်စပ်ရှည်ရှည်နှင့် တွဲဖက် ဝတ်ဆင်ထားသည့် ကျောလယ်လောက်ရှိသော ဆံပင်ခပ်ပျော့ပျော့ဖြင့်



များကိုတော့ လက်ကိုင်ပုဝါလျှော့ရဲရဲနှင့်စည်းထား၏။

ဖြူဖွေးဖွေးချောမွတ်နေသော မျက်နှာပြင်မှာ ဘာမှလိမ်းချယ်ထားပုံမရ။ ပြီးတော့ သူမအလုပ်လက်ခံရာနေရာကလည်း သူမအလုပ်ရှိရာနေရာဟုတ်ဟန် မတူ။ သူမ အလုပ်လုပ်တဲ့နေရာက တခြားတစ်နေရာရာဖြစ်ပုံရ၏။

ဘာပဲဖြစ်ဖြစ် ကျွန်တော်အပ်လိုက်သောအလုပ်ကို ကျေပွန်စွာဖြင့် ကျွန်တော့် စိတ်တိုင်းကျအောင် သူမလုပ်ဆောင်နိုင်ဖို့ပဲ အရေးကြီးပါသည်။ အဲဒါဆိုရင် တော့ နောက်လုပ်ငန်းတွေ ရှေ့ဆက်နိုင်ပြီပေါ့။

"စာတ်ကောင်ရဲ့မှန်ကန်ကာရိုက်တာ ထင်ဟပ်ပြနိုင်ဖို့အတွက် ဇာတ်လမ်းကို သေသေချာချာဖတ်ကြည့်စေချင်ပါတယ်ခင်ဗျာ"

အမှန်တော့ ပန်းချီဆရာကို အလုပ်အပ်ပါက ထိုစကားသည် ပြောစရာမလို သောစကားဖြစ်ပေမယ့် ကိုထိုက်အလုပ်အပ်သူက ပန်းချီဆရာမတစ်ယောက် ဖြစ်နေခြင်း ကြောင့်ဖြစ်သည်။ ကျွန်တော်စကားကုန်ပြောပြီးသွားသည်အထိ သူမက ဘာမှစကားမပြန်ပါ။ သူမက ပန်းချီသမားမို့ နည်းနည်းသွေးအေးသူများ ဖြစ်မည်လားမသိ။ ကျွန်တော်က လိုအပ်တာထက် စိတ်မြန်သူဖြစ်၏။

"ကျွန်တော်ပြောတာ ခင်ဗျားဘယ်လိုသဘောရလဲ"

"ဒီလိုလုပ်လေ .. ရှင်အားရင် မနက်ဖြန် ကျွန်မအလုပ်ခန်းကို တစ်ချက် လောက်ရောက်အောင် လာခဲ့ပါလား"

"ကောင်းပြီလေ"

ကျွန်တော်နှင့် သူမ၏ ပထမဆုံးတွေ့ဆုံမှုက ဒါပဲဖြစ်သည်။

နောက်တစ်နေ့ သူမအလုပ်ခန်းကို ကျွန်တော်ရောက်သွားတော့ ပြန့်ကြဲလုံးထားသော ကျွန်တော်အလုပ်အပ်ထည်အကြမ်းလွှာကို တွေ့လိုက်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် သူမကို ကျွန်တော် တော်တော်လေးစားသွားသည်။ ကျွန်တော်လိုချင်တဲ့ ပုံစံနှင့် အပိုအလိုမရှိ ကွက်တိ .. ကျွန်တော်များစွာ ကျေနပ်မှုဖြစ်ရ၏။

"ခင်ဗျား တော်တယ်ဗျာ"

ကျွန်တော်သူမကို မိန်းမတစ်ယောက်ဆိုတာ မေ့လျော့သွားပြီး လက်ဆွဲနှုတ်ဆက်မိသည်။ ရှပ်အင်္ကျီလက်တို တစ်တောင်ဆစ်အထိ ခေါက်တင်ထားသောကြောင့် သူမ၏လက်ဖျံများက ပျော့ပျောင်းနူးညံ့မှုနှင့်အတူ ခိုင်မြဲမှုကို ဖော်ပြလျက်ရှိ၏။

လက်ချောင်းနှင့် လက်ဖဝါးပြင်များကတော့ ကျွမ်းကျင်သော ပန်းချီဆရာမတစ်ယောက်၊ လက်ဖဝါးလက်ချောင်း အစစ်အမှန်များပင်ဖြစ်သည်။ ဆေးရေးအနည်းငယ်ပေကျံနေပေမယ့် နူးညံ့မှုနှင့်မြဲမြံမှုကို ခံစားရသည်။ ခဏကြာတော့ သူမက စုတ်တံကိုပြန်ကိုင်ရင်း ကျွန်တော်ကိုမကြည့်ဘဲဆိုသည်။

"ရှင်ကျေနပ်တယ်ဆိုရင် ပြန်လို့ရပါပြီ"

အမျိုးသမီးက ဆေးစပ်ပြားပေါ် ဆေးစပ်ရင်း အေးဆေးစွာပြော၏။ ကျွန်တော်ကမပြန်နိုင်ဦးဆိုရင်သာ ထပြန်ချင်ပြန်တတ်သူ။ ခုတော့ ခေါ်တုန်းက ခေါ်ထားပြီး ပြန်ပေတော့လို့ သူမကနှင်နေလေပြီ။

ထောင့်တစ်နေရာတွင် စီထားသော ဘောင်အကျိုးအပဲ့တွေကြားမှ စာအုပ်တစ်အုပ်ကို ကောက်ယူလိုက်မိသည်။ ဖုံအနည်းငယ်တက်နေသော စာအုပ်က နိုင်ငံခြား ပန်းချီစာအုပ်တစ်အုပ်ဖြစ်နေသည်။ စာအုပ်ကို လှန်လှော မြည်းစမ်းရင်း စိတ်ဝင်စားသွားပြီး ဖတ်လိုက်မိရာ ညနေလေးနာရီထိုးကာမှ

"ဆရာ .. လက်ဖက်ရည်သောက်သွားရအောင်"



ထိုအခါမှ ကျွန်တော်ဒီအခန်းမှာ အချိန်တော်တော်ကြာသွားပြီမှန်း သတိရမိ၏။

"အေး .. ဗျာ"

သူမကို အားနာစိတ်နှင့် ကျွန်တော်လည်း ဒီစကားတစ်လုံးသာဆိုဖြစ်၏။ ပြီးတော့ ကျွန်တော်နဲ့ ထိုအမျိုးသမီး လက်ဖက်ရည်ဆိုင်သို့ ထွက်လာဖြစ်ခဲ့၏။

❋ ❋ ❋ ❋

အချိန်တိုတိုအတွင်းမှာ ကျွန်တော်တို့ရင်းနှီးခင်မင်ကြတော့လည်း သူမနှင့် ကျွန်တော်ဟာ ယောကျ်ားနှစ်ယောက် သို့မဟုတ် မိန်းမသားနှစ်ယောက်ရဲ့ ခင်မင်ရင်းနှီးတွယ်တာခြင်းကဲ့သို့ ဖြစ်သွားကြတော့၏။ ကျွန်တော်အချိန်အားရင်တော့ သူမသွားလိုသော သူမမိတ်ဆွေ ပန်းချီဆရာ၊ ဆရာမများ၏ ပန်းချီပြခန်းများ၊ ဂယ်လာရီများကို အဖော်အဖြစ်လိုက်ပို့ပေးရတတ်ပြီး သူမအားရင်တော့ စာအုပ်တန်းများ၊ စာကြည့်တိုက်များ၊ စာပေတိုက်များကို ကျွန်တော်နှင့်ပါလာတတ်၏။

ကျွန်တော့်မိတ်ဆွေသူငယ်ချင်းများက သူမနဲ့ရင်းနှီးနေကြပြီဖြစ်သလို သူမမိတ်ဆွေ သူငယ်ချင်းများကလည်း ကျွန်တော်နှင့်ခင်မင်ရင်းနှီးနေကြပါပြီး တွေ့တာကြာလို့ သူမဆီရောက်ခဲ့ရင်တော့ ကျွန်တော်လက်ဖက်သုပ်၊ ချင်းသုပ်ဝယ်သွားဖြစ်တတ်၏။ ဒီရက်တွေ ရှင်ဘယ်ပျောက်နေတာလဲဟုသော

www.burmeseclassic.com

www.burmeseclassic.com



အမေးမျိုးတော့ ကျွန်တော်မမျှော်လင့်မိ။ သူမထံမှ သံယောဇဉ်နှင့်ယှဉ်သော စကားမျိုးကို ကြားရခဲလှသည်။

ကျွန်တော် ဘဲလ်တီးအကြောင်းကြားပြီး တံခါးတွန်းဖွင့်ဝင်လိုက်သည်။ သူမက အလုပ်လုပ်နေရင်းမှ ကျွန်တော့်ကို မျက်မှောင်ကုတ်ကြည့်ရင်း ချွဲလာသော လက်ဖက်သုပ်ကို မြင်သွား၏။

"အတော်ပဲ ကိုဝသန်ရေ .. လက်ဖက်ကောင်းစားချင်ရင်တော့ ကိုယ့်ဘာသာ ကိုယ်ပဲသုပ်ပေတော့"

"သဘောပေါက်ပါတယ်ခင်ဗျာ"

ကျွန်တော်က ပါလာတဲ့ အသင့်သုပ်ပြီးသား လက်ဖက်သုပ်များကို ပန်းကန်ပြားထဲ လှယ်ထည့်ပြီး အိုဝယ်လာတဲ့ ပုစွန်ခြောက်ထုတ်ကို လက်ဖက် ပန်းကန်ထဲ ဖြူးထည့်လိုက်ရင်ပဲ အရသာထူးတဲ့ လက်ဖက်သုပ်တစ်ပွဲဖြစ်သွား ခဲ့ပြီ ဖြစ်သည်။ ကြက်သွန်ဖြူနှင့် ငရုပ်သီးတောင့်ကို ပန်းကန်ပြားသေးသေးတွင် ထည့်လိုက်ပြီး

"စားဖို့အဆင်သင့်ပါခင်ဗျ"

ကျွန်တော်က ဝိတ်တာတစ်ယောက်က စားသုံးသူတစ်ယောက်ကို ကျိုးနွံသလို ပုံစံမျိုးပြုတော့ သူမကစပ်ဖြုံးဖြုံးနှင့် "အိုကေ" ဟုဆိုကာ လက်ဖက်သုပ်ဇွန်းကို စကိုင်သူမှာ သူမပင်ဖြစ်သည်။

ကျွန်တော့်ကိုလည်း 'စားလေ' ဟုတစ်ခွန်းပြောပြီး သူမသည် သူမအလုပ် အပေါ်မှာသာ အာရုံများများရှိလှေရှိသူပါ။ များသောအားဖြင့် သူနှင့်ကျွန်တော် သည် အချိန်တော်တော်များများ တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲနေသည်က များသည်။



ထိုအမျိုးသမီးက စကားသာနည်းပေမယ့် သီချင်းတော့ကြိုက်သူဖြစ်သည်။ သူမအခန်းတွင် အားကောင်းပြီး အပြည့်အသွေးဖြင့်မားသော အသံထွက် ကိရိယာများ လှပစွာတပ်ဆင်ထားပြီး ပုံသဏ္ဌာန်အမျိုးမျိုးသော၊ ဘာသာ အမျိုးမျိုးသော သီချင်းများကို နံနက်မင်မင်နားထောင်တတ်သူ .. တစ်ခါတစ်ရံဆို သီချင်းတစ်ပုဒ်ထဲကိုပဲ ထပ်ခါတစ်လဲလဲ နားထောင်တတ်သူအဖြစ် အံ့ဩ ရသေး၏။

"ဘာဖြစ်လို့ တစ်ပုဒ်ထဲကို တစ်ချပ်လုံးသွင်းထားတာလဲ"

"ကြိုက်လို့ပါ"

သူမ၏ နှုံးစင်းတိုတောင်းသော ဒီအဖြေထက် ပိုသောအဖြေကို တစ်နာရီ ကြာအောင် စောင့်လည်းရတော့မည်မဟုတ် .. သူမက အဲသလို စကားနည်းသူ မဲ့ယောက်အတူရှိနေသောအချိန်များတွင် စကားများစွာပြောဆိုသူမှာ ကျွန်တော် ဖြစ်ပြီး သူမက ငြိမ်သက်စွာ နားထောင်သူသာ ဖြစ်သည်။ သို့တည်းမဟုတ် နားထောင်ချင်ယောင်ဆောင်ပြီး သူ့အလုပ်ထဲမှာသာ အာရုံရှိနေသူဖြစ်သည်။ ကျွန်တော်က နေခင်းဘက်အိပ်ချင် အိပ်နေတတ်ပြီး များသောအားဖြင့် ပျောက်သွားနေတတ်ပြီး ညတစ်ညလုံး စာထိုင်ရေးလေ့ရှိသူ အရှိန်ရလာပါက နေ့တစ်နေ့လုံး ညတစ်ညလုံး အခန်းအောင်းကာ အပြင်ကိုမထွက်တော့ အစားအစာနှင့် ကျွန်တော် ကြိုက်နှစ်သက်ရာတွေကိုတော့ ကျွန်တော့် ခင်တီလေးက စီမံပေးခြင်းဖြစ်၏။

မြို့အနေနဲ့က ထိုသို့မဟုတ် မိဘများက သူမနှင့်အလွန်ဝေးသောနေရာ တွင်ကို တစ်ယောက်တ တစ်မြို့တည်းတွင်ရှိနေပါလျက်နှင့် တစ်နှစ်နေမှလို့မှ တစ်ခါဆုံဖို့ စက်လှသည်ဟု သူမက ပြောပြဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ကျော်ကြားစပြုနေသော ပန်းချီဆရာတစ်ဦး၏ မှန်ဘီတသည် တစ်ခါ တစ်ရံ ထမင်းလျှက်ဖြူလုံးကလေးများဖြစ်နေတတ်ပြီး တစ်ခါတစ်ရံတော့ ပေါင်မုန့် ကြက်ဥကြော်ဖြစ်နေပြီး များသောအားဖြင့် လမ်းဘေးဆိုင်များကိုသာ အားကိုးနေရသူ ဖြစ်၏။

"မြရယ် .. ဘာလို့ ဒီလောက် အစားအသောက်ဆင်းရဲခံရတာလဲ"

"ဒါလဲ ပြီးတာပဲလေ အစားတစ်လုပ်အတွက် သိပ်အချိန်ကုန်မခံချင်ဘူး"

"ဘယ်ဟုတ်မလဲဗျ .. ကံစိတ်ဥတု .. အာဟာရဆိုတာ"

"တော်ပြီ .. ရှင်အခု ဘယ်လိုရည်ရွယ်ထားလဲ"

"၁၉ လမ်းမှာ ထမင်းပေါင်းသွားစားမယ်"

"ကောင်းပြီ .. ရှင့်ရဲ့စေတနာကို လေးစားတဲ့အနေနဲ့ ကျွန်မအလုပ်ချိန် ထဲက အချိန်နည်းနည်းပဲ့ပေးမယ် .. ဟုတ်ပြီလား"

"ကျေးဇူးပါပဲဗျာ"

ထိုကဲ့သို့ ကျွန်တော်က သူမအတွက် သူမ၏အချိန်အနည်းငယ်ကို သူမထံမှ အမြဲတမ်းအလျှုခံနေရသူသာဖြစ်သည်။

တစ်နေ့တော့ ကျွန်တော့်ငယ်ဘဝက မေမေထောခထောချက်ကျွေးတတ်သော ငါးရံ့ဆန်လှော်ဟင်းလို ငရုတ်သီးစိမ်းများများပါသော ကြက်သွန်ဖြူ မှုင်ငါးပိအသားပေး အသီးအရွက်ဟင်းမျိုးကို သူမအား ကျွန်တော်ချက်ပေး၏ သည်အခါတွင်တော့ သူမက ကျွန်တော့်သင်းပျံ့သောဟင်းများကို မစားရသေး အနံ့နှင့်ပင် အသိအမှတ်ပြုသည်။

"အနံ့နဲ့ပဲ ထမင်းသုံးပန်းကန်ကုန်လောက်တယ်"



"အရသာရဲ့တန်ဖိုးထက် ရနံ့ရဲ့တန်ဖိုးကို မြတ်နိုးသူတွေ များလာပေမယ့် အရသာဆိုတာလည်း ပစ်ပယ်ထားကောင်းတဲ့အရာမျိုးတော့မဟုတ်ပေဘူး တဲ... မြည်းကြည့်ပါဦး"

"အင်း .... ကောင်းတာပေါ့ .. တစ်ခါမှ ယောက်ျားတစ်ယောက်ချက်တဲ့ ဒီလိုအနံ့အရသာဟင်းမျိုးမစားဘူးဖူး"

တတယ်လား .. အဟုတ်လားတော့မသိ။ သူမစကားကြောင့် ကျွန်တော့် မှာပင် နည်းနည်းမတ်သွားသည်။

"ဒါဆိုရင် ကျွန်တော့်ကို တသက်လုံးခင်ဗျားရဲ့ စားဖိုမှူးနေ့ထားပါလား ကျွန်တော်လစာမယူပါဘူးဗျာ ခင်ဗျားကပန်းချီဆွဲ ကျွန်တော်က ထမင်းချက် ယ် ဘယ်လိုလဲ"

ထိုသို့သော ကျွန်တော့်အပြောကို ဆွဲနေသောစုတ်တံများကို စပ်ဖွဖွကိုက် ရင်း၊ ငြိမ်ရင်း စဉ်းစားဟန်ပြုနေသေးသည်။ တခြားသောမိန်းကလေး တစ်ယောက်သာဆို ထိုအပြောမျိုးအတွက် ရှက်သွေးဖြာကာ ခေါင်းငုံ့သွားနိုင် လောက်ပြီး တစ်ချို့ မိန်းကလေးအတွက်ဖြင့် ဒေါသတော်တော်ဖြစ်ရော ကောင်မည်ဖြစ်သော်လည်း သူမကတော့ဖြင့် အေးဆေးစွာ

"ကောင်းသားပဲ .. နို့ ရှင်က ကျွန်မရဲ့အရင်က ကောင်မလေးအမိန့်ရလို ့ ပိုယ်အိမ်ကိုယ်ပြန်အိပ်မှာမဟုတ်လား"

ထိုသို့ကျွန်တော့်ကိုမေးသေး၏။

တစ်ခါတော့ သူလည်း သူ့လက်စွမ်းလက်စကို ပြချင်လို့ပဲလားမသိ။ လုပ်စရာ စထားပစ်ထားပြီး ကိုယ်တိုင်ချက်စားလိုပါသည်ဟု ကျွန်တော့်ထံ မှုံးသတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း တစ်ညလုံးစာရေးထားသဖြင့် အိပ်တာမှ ဘာမှမကြာ သေး။ ဖုန်းသံက တော်တော်ကို အနှောက်အယှက်ပေးလှ၏။ မကိုင်ဘဲ ပစ်ထား လို့လည်း ဘယ်လိုမှမရ။ အကြိမ်ကြိမ်ခေါ်နေသဖြင့် ကျွန်တော် စိတ်ဆိုးဆိုးဖြင့် ဖုန်းကိုင်လိုက်ရ၏။

"ဟယ်လို"

"ကိုဝသဘန် .. မြူပါ"

"ဪ .. မြေမြူ .. ကိုယ်ဘာကူညီရမလဲ"

"မဟုတ်ဘူး .. ကျွန်မတို့ ဒီနေ့ထမင်းချက်စားမယ်လေ"

စကားကမစသေး .. မဟုတ်ဘူးကစတတ်သော သူမအကျင့်ကို ကျွန်တော် ပြုံးမိသေးသည်။

"ကျွန်တော် မသွားဘူးဗျ"

"ဘာလုပ်နေလို့လဲ .. ဘာတွေအရေးကြီးလို့လဲ"

"အရေးကြီးတယ်ဗျာ .. ကျွန်တော်အိပ်မလို့"

"အော်ရှင်"

သူမက အိပ်ခြင်းအပေါ် ဘာမှအရေးမကြီးသလို စစ်ဖွဖွရယ်သည့် သူမကသာ ရယ်နေသည်။ ကျွန်တော်မှာတော့ အိပ်ချင်နေပြီဖြစ်သည်။

"ဒါပဲလားဗျာ .. ကျွန်တော်အိပ်တော့မယ်"

"ဒီလူဘယ်နဲ့လူလဲ .. ဒီမှာ ကျွန်မက ရှင့်ကိုချက်ကျွေးမှာ မေ့က်စာကို"

"တယ်ဟုတ်ပါလား"



ကျွန်တော် နည်းနည်းစိတ်ဝင်းစားသွားကာမှ

"ကဲပါလေ .. အိပ်ချင်လည်းအိပ်ပါတော့"

သူမနောက်ဆုံးစကားပြောချိန်သည် ကျွန်တော်က ဝတ်ထားသော ညဝတ် အင်္ကျီဟောင်းကိုလဲနေပြီဖြစ်သည်။

ကျွန်တော်တို့နှစ်ဦး ကျောက်မြောင်းဈေးရောက်တော့ ကျွန်တော်က ဈေးထိပ်က လက်ဖက်ရည်ဆိုင်တွင် အိပ်ငိုက်ကျန်ခဲ့ပြီး သူမက ဈေးထဲ ဝင်သွားရာ မကြာခင်တွင် ကျွတ်ကျွတ်အိတ်နှစ်ဖက်ဆွဲပြီး ပြန်ထွက်လာ၏။ မျှည်းပြည့်ပြည့်စုံစုံပါလာခဲ့ဟန်တူ၏။

"ဘာတွေလဲ"

"ဝက်သား .. ဝက်သနီတိုက်ချက်မယ် . ကန်စွန်းရွက်၊ တရုတ်ကြော် နေ့လည်နေ့စင်းမှာ ရှင်ကြိုက်တဲ့လက်ဖက်သုပ်"

"အိုကေ .. အိုကေ .. ဒါနဲ့တင် တော်တော်ကောင်းနေပါပြီ"

အိမ်ရောက်တော့ တော်ရာနေရာမှာ ကျွန်တော်ကတော့အိပ်နေပြီး သူမကတော့ တရှုးရှုးတရှဲရှဲနှင့် ဘာတွေဘယ်လိုချက်ပြုတ်နေသည်မသိ။ အားပါးတရ ချက်ပြုတ်နေတော့၏။ ကျွန်တော်အိပ်ရာကနိုးတော့ သူမကစတန်းဘုတ်ပေါ် ရောက်နေပြီဖြစ်သည်။ စားပွဲပေါ်မှာ ပြင်ဆင်ထားတဲ့ထမင်းဝိုင်းကို စတာကိုးနှင့် အုပ်ထားတာ တွေ့ရ၏။

ချက်ပြုတ်ပြီး သပ်ရပ်စွာအုပ်ဆိုင်းထားသော ပုံစံကိုကြည့်ရင်း ဒီပုံအတိုင်းဆို ငါ့မှ ထမင်းချက်ခန့်ပါတော့မလားမသိဘူး .. ကျွန်တော်အားငယ်စိတ်ဝင် ခင်မိပါသည်။

"မြူရော .. စားပြီးသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. မစားရသေးဘူး"

"လာလေ .. အတူစားရအောင်"

အုပ်ဆောင်းမဖွင့်ခင်မှာပင် စားချင်စဖွယ်ဝက်သားနံ့က သင်းပျံ့နေသည်။ အုပ်ဆောင်းကို ကျွန်တော်ဆာလောင်စွာဖြင့် ဖွင့်လိုက်၏။

"အိုဗျာ .."

ဆီရောင်ဝါဝါအောက်တွင် မဲတူးတူးဝက်သားတုံးများ

"ဟင် .. ဘယ်လိုဖြစ်တာလဲ .. ဝက်သနီတိုက်လဲဆိုသေး .. မဲတူးနေတာ ပါပဲလား"

"အကျက်လွန်သွားတာပါ"

"အော်"

ကျွန်တော်အော်လိုက်ရုံသာ တတ်နိုင်တော့၏။

"ဝက်သားက ပိုးများတယ် ဆိုကြတော့လေ .. ပိုးသေအောင် ခပ်ကြာကြာလေး ကြော်လိုက်တာ ဝက်သနီတောင်မတိုက်ရသေးဘူး .. မဲပြီး အကျက်လွန်သွားတယ်"

'ကောင်းဗျာ .. ရပါတယ် .. ကျွန်တော် ကန်စွန်းရွက်တရွက်ကြော်နဲ့ပဲ စားတော့မယ်"

သူမကို အားနာသော်လည်း ကျွန်တော်စိတ်ကူးကိုထုတ်ဖော်ပြောပြရင်း သူမ လက်ရာကို ဂုဏ်ပြုသိစေလိုက်၏။ ကန်စွန်းရွက်ကြော်က စိမ်းမရောသ နီညိုညိုကာလာ ဖြစ်နေတာကလည်းမသက်သာစရာ။ သူမရဲ့နှုတ်ခမ်းပါးက တင်းတင်းစေ့ထားသော်လည်း ညိုလဲ့သောမျက်ဝန်းက ငေးကြည့်နေ ဘယ်လို အရသာမျိုးများဖြစ်မလဲတွေးရင်း ကျွန်တော် ကန်စွန်းရွက် တစ်



နှစ်ဖတ်ကောက်ဝါးကြည့်လိုက်သည်။

"ဖူး"

ကျွန်တော့်ပါးစပ်ထဲက ကန်စွန်းရွက်ကြော်များ ပြန်ထွက်သွားကြ၏။

"ဘာဖြစ်လို့လဲ"

"ရှုံ့ရဲကြီးဗျာ .. ပြီးတော့ ရှုံ့ရဲတဲ့အပြင် ငရုတ်သီးကလည်းစပ်သေး"

"ရနိုင်တရုတ်ကြော်လေ .. ငရုတ်သီးစိမ်းလည်းပါတယ်"

"ဘာဆိုင်လို့လဲဗျာ .. ဒီပုံအတိုင်းဆို ရှနိုင်ရော တရုတ်ပါနာမည်ပျက်မှာပဲ ဘာလို့နီကြီးဖြစ်နေရတာလဲ"

"ဟို .. ဈေးမှာ သကြားမေ့နဲ့လို့ .. အိမ်မှာရှိတဲ့ ထန်းလျက်ခဲကိုပဲထုပြီး ကြော်လိုက်ရတယ် .. ပြီးရော"

သူကပြီးရောဆိုပြီးပြီးသွားပေမယ့် ကျွန်တော်က မပြီးနဲ့ပါ။

"တော်သေးတယ်ဗျာ .. လက်ဖက်တော့မသုပ်ထားဘူးမဟုတ်လား"

"ဟင့်အင်း .. ကျွန်မက လက်ဖက်သုပ်သိပ်မကျွမ်းဘူးရှင့်"

ဘာချက်နည်းမှမကျွမ်းရင် အခုထက်ပိုကောင်းပေမည်။ ခုတော့ ဟင်းရဲ့ နည်းတွေ နှမြောစရာ

"အေးဗျာ ... ကျွန်တော်သုပ်လိုက်မယ်"

ထိုမနက်စာအတွက် သူရော၊ ကျွန်တော်ပါ လက်ဖက်သုပ်နှင့်ပြီးခဲ့ရ၏။ သူမ၏ ဝက်သောကျင်းကြော်ရော၊ ကပြားကန်စွန်းရွက်သနီလန်ရော ဒီအတိုင်း ကျန်ရစ်ခဲ့၏။ မြူဆိုတဲ့ မိန်းမက အဲသလိုမျိုးဖြစ်၏။

❋ ❋ ❋ ❋

www.burmeseclassic.com

တိမ်တွေက လိမ္မော်ရောင်တောက်ပပြီး လေပြေက ငြင်သာစွာတိုက်ခတ်နေ၏။ ငယ်ငယ်ကတော့ အမျိုးမျိုးပုံသဏ္ဌာန်ပြောင်းတတ်သော တိမ်ရုပ်တွေကို ငေးမောကာ နှစ်မြို့ကျော်ရွှင်ခဲ့ဖူးသည်။ ဇေတီပုံ၊ သစ်ပင်ပုံနှင့် ခွေး ကြောင်ပုံများတိမ်မှာ အရုပ်ထင်နေရင်တော့ ပျက်ပြယ်သွားမှာ စိုးရိမ်နေတတ်ပြီ ကိုယ့်စိတ်က ဝေဝါးစွာ ပုံဖော်မိသော တိမ်ဘီလူးရုပ်များ၊ တိမ်လူဆိုးရုပ်များ မြင်မိပြီဆိုရင်တော့ ဒန့်ဒလွန်သီးရှူးနေသော မေမေ့ထဘီကိုဆွဲပြီး မျက်နှာ ထားရာက မလွှတ်တော့။

“ဖယ်ပါဦး ချွေးလေးရယ်”

“ဖယ်ဘူးကွာ .. ကြောက်တယ်”

“ဘာကိုကြောက်တာလဲ သားရဲ့”

“တိမ်ဘီလူး .. တိမ်လူဆိုးကို”

ကျွန်တော့်အဖြေကြောင့် မေမေက ကျွန်တော့်ခေါင်းကိုပွတ်သပ်ရင်း ရယ်မောကာ



“အော် .. သားရယ် .. ဒီမှာ .. ဒီမှာ မေမေပြောပြမယ် မေမေ့ကိုကြည့်”

မေမေက သူနှင့်မျက်နှာချင်းဆိုင်လိုက်ပြီး သူ့မျက်ဝန်းထဲမှာ အရိပ်ထင်နေသော သူ့ပုံရိပ်ကို လက်ညှိုးထိုးပြရင်း

“ကြည့်စမ်းသား .. ဒါ ဘယ်သူလဲ”

“အဲဒါသား”

“ဟုတ်တယ် .. မေမေ့မျက်ဝန်းထဲမှာ သားပုံရိပ်ရှိနေသလိုပဲ သားမျက်စိထဲမှာလဲ မေမေ့ပုံရိပ်ရှိတယ် .. ဘာမှတိမ်ဘီလူး .. တိမ်လူဆိုးမရှိပါဘူး သားရယ်”

“ဒါပေမယ့် မေမေရ”

“ကြည့်စမ်းပါဦးလေ”

မေမေ့အပြောကို ယုံစားပြီး တိမ်ရုပ်တွေကို မသိမသာငုံ့ကြည့်မိတော့ တိမ်တွေက ဘီလူးရုပ် .. လူဆိုးရုပ်တွေမဟုတ်တော့ဘဲ ရိုးရိုးတိမ်ဆိုင်တွေ ဖြစ်သွားပြီဖြစ်၏။

ညရောက်တော့ စာအုပ်ထဲမှာ ဝလုံးကြီးကြီးနှစ်မျက်နှာရေးပြီး ထမင်းစားခန်းထဲ သွားသွားတော့ ထမင်းဝိုင်းတွင် ဖေဖေနှင့်မေမေက စကား ကတောက်ကဆ ဆင်နွှဲနေပုံရသည်။ မေမေ့အနားတွင် သူရပ်ကာ မေမေ့ကို အတူထိုင်ရန် စောင့်နေမိတော့ ဖေဖေ့အနားမှ ဖယ်ခွာသွားပုံရသော မေမေက လက်ထဲဆွဲသည်။ မေမေက ရှုံ့မြစ် ဖော်မဲ့သွားသောအခြေအနေကြောင့် သူ့အပေါ်အာရုံရောက်သွား၏။

“ဟိုကောင် .. ဘာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆတ်ဆတ်မေးလိုက်သော မေမေ့စကားသံကြောင့် သူ့ဝမ်းနည်းခြင်းနှင့်အတူ မေမေကို နည်းနည်းမုန်းသွားပြီး များများကြောက်သွား၏။ မေမေနှင့်ခပ်ကွယ်ကွယ် ရပ်ကာ မေမေကိုလုံးဝမကြည့်ဘဲ မျက်လုံးမှိတ်ထား၏။

"ဟောကောင် .. ငါမေးနေတယ်လေ"

သူမဖြေ။ မျက်စိကိုလည်းမဖွင့်။ မေမေ့လက်ကိုသာ အတင်းဆွဲထားသည်။

"သားလေး .. ဘာဖြစ်လို့လဲ"

"သားအိပ်ချင်ပြီ .. မေမေ"

"အေးလေ .. မေမေနဲ့သွားအိပ်မှာပေါ့သားရဲ့ .. အခုထဲက ဘာလို့ မျက်လုံးကြီး ပိတ်ထားရတာလဲ"

သူက မေမေ့ကို လက်ညှိုးထိုးပြီး

"တိမ်ဘီလူး .. တိမ်လူဆိုးအရိပ် မျက်စိထဲဝင်မှာစိုးလို့"

"အော်ကွယ် .. ဖြစ်ရလေသားလေးရယ်"

ထိုညက အိပ်ရာထဲရောက်တဲ့အထိ မျက်လုံးကိုမဖွင့်။ မေမေပြောပြသော လေက်မပုံပြင်ကို နားထောင်ရင်း မျက်လုံးများလေးလံကာ အိပ်ပျော်သွားခဲ့၏။

❋ ❋ ❋ ❋

ကျွန်တော့်ရဲ့ အိပ်ရာနိုးထမှုနဲ့အတူ အမြဲပါလာတတ်သည်က အိပ်မက် ဖြစ်သည်။ ကျွန်တော်အမြဲတမ်း အိပ်မက်မက်တတ်၏။

"မေမေ .. ကျွန်တော်ညက ငှက်တွေကို အိပ်မက်မက်တယ်"

"ငှက်တွေက ဘယ်လိုမျိုးလဲ"

"အိပ်မက်ထဲမှာတော့ ငှက်တွေကပျံနေတာပဲ"

"ပျံနေတဲ့ ငှက်တွေအကြောင်း အိပ်မက်မက်ရင်တော့ ကျန်းမာမယ်ဆိုတဲ့ နိမိတ်ပဲကွဲ့"

မေမေက ကျွန်တော့်အိပ်မက်ကို အတိတ်ကောက်ပေး၏။ ကျွန်တော်တို့ ကောအိုင်းထဲသို့ မေမေဝင်ရောက်လာ၏။

"ဒါဆို ငါ့အိပ်မက်ကို ကောက်စမ်းကွာ"

"ဘယ်လိုမျိုးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာကြီးထဲမှာ ငါတစ်ယောက်တည်း ခပ်ကြီးကြီးသစ်ပင်အောက်ကနေ ထွက်ပြီး ခပ်ငယ်ငယ်သစ်ပင်တစ်ပင်အောက်မှာ မိုးဝင်ခိုးသတဲ့။ ကောင်ထင် တစ်ခုလုံးလဲ မဲမှောင်လို့ .. အိပ်မက်ထဲမှာတင်မကဘူး .. အိပ်ရာလဲနိုးတာ တောင် ငါ့စိတ်တွေ မလန်းဆန်းနိုင်ဘူးကွာ"

မေမေက နှာကျင်စွာပြုံးလိုက်ရင်း

"ရှင် .. အိမ်ထောင်ရေး အရှုပ်အရှင်းဖြစ်လိမ့်မယ် .. သတိထား"

မေမေက အိပ်မက်အတိတ်ကောက်သည့်နေရာတွင် အင်မတန် မှန်ကန် တိကျသူ ထိုအချိန်က ကျွန်တော့်စိတ်ထဲတွင် မေမေ့အိပ်မက်ထဲကလိုပဲ မိုးကြီး တစ်ဆုံ့တမ မဲမှောင်ပြာမှိုင်းနေပြီး ဝမ်းနည်းစွာခံစားရ၏။

❋ ❋ ❋ ❋

ကျွန်တော် မူလတန်းအရွယ်က အတန်းထဲတွင် ခပ်ဆိုးဆိုးကျောင်းသား များ၏ ရန်စခြင်းကို အမြဲခံနေရ၏။ စာအုပ်များ စုတ်ပြဲခံရပြီး ကျွန်တော့်ခဲတံ ခဲဖျက်များကို ပျောက်ပါကြသဖြင့် ကျွန်တော့်မှာ စာမရေးရ။ တစေ့အရိုက်ခံ နေရ၏။ အိမ်ကြမှသာ ပြန်ကူးရသည်ကများ၏။ ကျွန်တော် အိမ်ကိုလည်း ပြန်မပြောရဲ။

ခြောက်တန်းခုနစ်တန်း ရောက်တော့လည်း ထိုပုစံအတိုင်းပင် ကျွန်တော့် အကျီ ရောက်ကျောကို မှင်နှင့်ခြစ်ခြင်း၊ လူများကြားထဲတွင် ပုဆိုးချွတ်ခြင်း များသည့်ဖြင့် ကျောင်းသားကြီးများ၏ အနိုင်ကျင့်ခြင်းကို ခံရ၏။ ကျွန်တော့်



ခပ်စိမ်းစိမ်း ရှိသောမေမေပင် ထိုကိစ္စကို ရိပ်မိလာသည်။ တစ်နေ့ ကျောင်းက ပြန်လာသော ကျွန်တော့်အား

"သား .. လာပါဦးကွ .. မင်းအကျီနောက်ကျောက ဘာပုံတွေလဲ"

"မသိဘူးမေမေ .. ဟိုကောင်တွေဆွဲထားတာ"

ကျွန်တော်ပြောလဲပြောရင်း အကျီကိုချွတ်ကာ ကြည့်မိသည်။ အို ကျွန်တော့် မျက်နှာပူရှေ့ထူအမ်းသွား၏။ အခုက မေမေ့ရှေ့မှာ၊ ကျောင်းမှာဆို ကျောင်းသူ ကျောင်းသားတွေရှေ့မှာ ကျွန်တော်ဘယ်လောက်ရှက်စရာကောင်းလိမ့်မလဲ။ ကျွန်တော့် အကျီနောက်ကျောမှာ သူတို့ဆွဲထားတဲ့ မဟုတ်တရုတ်ပုံတွေကြောင့် ဒေါသဖြစ်ရသော့လည်း ရှက်စိတ်ကြောင့် မေမေ့မျက်နှာကို ကျွန်တော်မကြည့်ရဲ။

"သူတို့က ဒီလိုရေးကော့ မင်းကမတားဘူးလားကွ"

"တားတယ်မေမေ .. သူတို့က လူများပြီး အရွယ်ကလည်း ကျွန်တော့် ထက်ကြီးတယ် .. ပြီးတော့ ကျွန်တော့်ကို ချုပ်ထားတာ"

"ဆရာနဲ့တိုင်ပေါ့ကွာ"

"တိုင်ကြည့် ..တိုင်ရင်ထိုးမယ်တဲ့ သူတို့လက်သီးကို နမ်းခိုင်းထားတယ်"

မေမေက ကျွန်တော့်အပြောကို ခပ်ဟဟရယ်မောရင်း

"ဘာလဲ .. သူတို့လက်သီးက ရေမွှေးဆွတ်ထားလို့လား"

ကျွန်တော် ဘာမျှပြန်မပြောအိ။ ဘောပင်မှင်များနှင့်ရေးထားသောကြောင့် ကျွန်တော့်အကျီနောက်ကျောမှ ပုံများချွတ်မရမှာ စိုးရိမ်နေမိသည်။

ညနေ ကျွန်တော်ရေချိုးတော့ မေမေ ကျွန်တော့်ကိုခေါ်ပါသည်။

"ဝသန် .. လာဦးသား"

မေမေ့ထံ ကျွန်တော်ရောက်သွားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ဖျားသီအားထည့်ပြီး မင်းလက်သီးကို ဆုပ်လိုက်စမ်းကွာ"

မေမေဘာပြုမယ်မသိသော ကျွန်တော်က လက်သီးကိုဆုပ်လိုက်၏။ သို့သော် ကျွန်တော့်လက်သီးဆုပ်က ကိုယ့်အယူအဆနှင့်ကိုယ်မို့ ပုံစံတစ်မျိုး ဖြစ်နေသည်။

"မင်းလက်မက လက်ညှိုးနဲ့လက်ခလယ်ကြား ဘာကြောင့်ရောက်နေရ တာလဲ"

"ဟဲဟဲ .. မေမေကလည်း အဲဒီလိုထိုးမှ အထိုးခံရသူက ဒီလက်ရဲ့ ထိုးခံရတော့ ပိုနာတာပေါ့"

ကျွန်တော်က ကျွန်တော့်လက်ဖဝါးထဲ ကျွန်တော့်လက်သီးဆုပ်ကို တဖတ်ဖတ်ထိုးရင်း ရယ်မောကာဖြေမိသည်။

"လက်သီးထိုးတယ်ဆိုတာ အရိုးနဲ့ထိုးတာပဲ .. အရိုး .. အရိုးချင်းတွေ့တဲ့ အခါ အရိုးနုတဲ့မင်းလက်မလေး ကျိုးသွားမှာပေါ့သားရ"

"လက်သီးဆုပ်ရင် လက်ဖျားကနေပြီး လေမနိုင်အောင်ကပ်ပြီးဆုပ်ပြီးမှ လက်မနဲ့ဖိကပ်လိုက်တဲ့သဘောပဲ ဆတ်ခနဲ လက်သီးနဲ့ထိုးတာဟာ အားထည့်ထား တဲ့ အရိုးနဲ့ထိုးတာပေါ့ .. ထိုးတဲ့နေရာမှာ ဒီနေရာက အရေးပဲ"

မေမေက ကျွန်တော်ဆုပ်ထားသော လက်ခလယ်ရင်း အရိုးဖုိင်ကို ဖိထောက် ပြရင်းပြော၏။ ကျွန်တော်ကတော့ ခပ်စိမ်းစိမ်းဖြစ်နေသော မေမေ၏ ရင်းရင်းနှီးနှီး ပြောဆိုမှုအတွက် နားမလည်ပေမယ့် ပျော်ပါသည်။

"ဝသာန် မေမေ့မေးရိုးကို သားလက်သီးနဲ့ ထိုးကြည့်စမ်း"

"ဟာ .. မေမေကလဲ"



မေမေက ကျွန်တော့်နားမေးထိုးပေးသည်။ ကျွန်တော် တွန့်ဆုတ် နားမလည်စွာ ပေကပ်ကပ်လုပ်နေ၏။

"ထိုးစမ်းပါကွ .. အားထည့်ပြီးတစ်ချက်လောက်"

"မဟုတ်တာ .. မေမေကလဲ"

သားအမရှင်း ရန်လဲမဖြစ်ဘဲ ကျွန်တော်မထိုးရဲပါ။

"မင်းမထိုးရင် ငါထိုးရလိမ့်မယ်ဟောကောင် .. ထိုး ဒီကိုထိုး"

ကျွန်တော်မထိုးရင် မေမေက ကျွန်တော့်ကို ထိုးမယ်တဲ့။ ကျွန်တော် မေမေ့မျက်နှာကို လက်သီးနဲ့ထိုးရန် ရွယ်လိုက်သည်။ သို့သော် မထိုးရဲ …

"ကဲကွာ"

မေမေက ကျွန်တော့်ကိုမထိုးပါ။ နှရင်းအုပ်ထည့်လိုက်ခြင်းဖြစ်သည်။ ကျွန်တော် မိုက်ခနဲ မဲ့ရွဲသွားပြီး ပျိုးပျိုးပျက်ပျက်ကြယ်တွေ ထွက်သွား၏။

"ကဲ .. အားထည့်ပြီး ငါ့ဒီနေရာကိုထိုးစမ်း"

မေမေက သူ့မေးရိုးကို လက်ညှိုးညွှန်ပြသည်။ မဖြစ်တော့။ ကျွန်တော်ထိုးရ တော့မည်။ ကျွန်တော် အသက်ဝဝရှုပြီး မျက်စိစုံမှိတ်ကာ ထိုးချလိုက်၏။ ကျွန်တော် မျက်စိဖွင့်ကြည့်တော့ မေမေ့နားခေါင်းမှ သွေးတွေစီးကျနေသည်။ မေမေ ကျွန်တော့်ကို စိတ်ဆိုးမည်ထင်သော်လည်း စိတ်မဆိုးပါ၊ ပြုံးလျက် ကြည့်ရင်း

"ဒါပဲပေါ့ကွ .. ဒါဘာဖြစ်လဲ"

"ဒီလိုပဲ သားကိုရန်လာတဲ့ကောင်တွေကို အတိုင်းအတာတစ်ခုထက် လာရင် မှတ်လောက်အောင် ခုလိုပဲထိုးနဲ့ ပြဿနာဖြစ်လာရင် မေမေရှင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပေဖေ့အားပေးစကားများကြောင့် ရုန်းပြန်ခြင်း၊ ထိုးရကြိတ်ရခြင်းမရှိခဲ့သော်လည်း ကျွန်တော့်မှာ အင်အားများစွာရရှိခဲ့သည်။ ထိုအင်အားများက ကျွန်တော်ဘယ်သူ့ကိုမှ ကြောက်ရွံ့စိတ်မဖြစ်တော့။ ကျွန်တော့်ဝန်းကို ရုန်းလိုစွာထိုးရန်လာသူကို ကျွန်တော်ကဦးစွာ သူ့အင်္ကျီရင်ဘတ်စကိုဆွဲကာ လက်သီးဖြင့်ချိန်ရွယ်လိုက်သည်။ သူ့မျက်ဝန်းထဲက အကြောက်တရားများကို မြင်ရျှကျွန်တော်ပြေလျှော့ပေးလိုက်၏။

ဒီအကြောင်းကို စုနေပြန်တွေးမိတော့ စုချက်ချင်း ပေဖေ့ကို အမှတ်ရအောက်မေ့မိပါသည်။

❋ ❋ ❋ ❋

နေခြည်က ရွှေဝါရောင်မဟုတ်တော့ဘဲ ကြေးနီရောင်ပြောင်းသွားခဲ့ပြီ။ ကျွန်တော် လည်း မြို့ဝင်းအတွင်း နောက်ဖိုကုလားထိုင်ပေါ်တွင်ထိုင်ရင်း စာအုပ်တစ်အုပ် လက်ကြားညှပ်ကာ ငေးငေးငိုင်ငိုင်အဖြစ်အပျက် အကြောင်းအရာများ တွေးတောငေးမောနေမိ၏။ နေဝင်ဆည်းဆာအောက်တွင် သစ်ရွက်များသာ တဖျတ်ဖျတ်နှင့် ခွာကျခြင်း ရိုက်ခတ်နေ၏။ ကျွန်တော့်စိတ်ကလည်း စာအုပ်ထဲမှာ နစ်မြုပ်လို့မရ ရင်ထဲတွင် အမည်ဖော်ရခက်သော နိုးစိတ်တစ်ခုနှင့် လှုပ်ရှားနေ၏။

ကျွန်တော့်နှာခေါင်းထဲတွင် ရှုသွင်းနေကျလေနှင့်မတူသော အနံ့တစ်ခုကို ရှူမိလိုက်မိသည်။ သင်းပျံ့မွှေးကြိုင်သော်လည်း ကျွန်တော့်နှာခေါင်းယဉ်သော



နံ့တော့ မဟုတ်ပါ။ ကံ့ကော်ပန်းရနံ့များမှ ကွဲပြားခြားနားသောရနံ့၊ ထိုရနံ့ကို ကျွန်တော့် ရင်ထဲရောက်အောင် တပ်မက်စွာရှိုက်သွင်းလိုက်ရင်း အိမ်ထောင့်ကွယ်သစ်ပင်ကြားမှ ထွက်လာသောသူမကို မြင်ရခြင်းဖြစ်သည်။

တစ်လောကလုံးကို မေ့နေလောက်အောင် အာရုံတွေထွေပြားနေသူပင် သတိထား နိုင်လောက်သည်အထိ သူမအလှက ဝိပြင်စွာသိသာထင်ရှားလှသည်။

ဆံနံ့ခါကုံးလေးခါးစောင်းတင်ကာ ရောက်လာပုံက လေပြေနှင့်အတူ ရွ့ရွ့လေးလွင့် လာခြင်းဖြစ်သည်။ သူမဆံစတွေကလည်း လေထဲတွင် လွင့်မျောလျက် ... ဝတ်ထားသောလုံချည်က အသားစပ်ပျော့ပျော့ ဖြစ်သောကြောင့် သူမ၏လှပသော ခန္ဓာကိုယ်အချိုးအစားကို ပေါ်လွင်စေသည်။ မြန်မာမိန်းမတစ်ယောက်၏ မြင့်မားသော အရပ်၊ ကျော့ရှင်းသောခန္ဓာဖြင့် သူမ၏ဟောသန်စွာအလှတို့က ကျွန်တော့်အာရုံကို ဖမ်းစားထား၏။ အိမ်ရွှေ့ရှေ့ပြီး ရွက်လက်လှပသော သူမ၏လှုပ်ရှားဟန်များကို ငေးမောနေမိသည်။ သူမက ကျွန်တော့်အား ပြုံးတယ်ဆိုရုံလေး လှစ်ခနဲပြုံးပြကာ ရှေ့ရောက်နေသော သူမဆံပင်တွေးကြီးအား နောက်သို့တွန်းပို့ရင်း

"ဘာလုပ်နေတာလဲအစ်ကို"

"ဘာရယ်မဟုတ်ပါဘူးဗျာ .. စာအုပ်ဖတ်ရင်း အိပ်ပျော်သွားတယ်"

သူမ၏ ရင်းနှီးသော စကားအခေါ်အဝေါ်ကြောင့် ကျွန်တော်လည်း သူမနှင့်အနည်းငယ်ပိုမိုရင်းနှီးသွားသလို ခံစားလိုက်ရသည်။

ကျွန်တော်က သူမချွေခူးနေသော ကံ့ကော်အဖူးအပွင့်တို့ကို တစ်ပွင့်ချင်း၊ တင့်ချင်းလိုက်ကောက်ပေးရင်း

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်ကလာခူးတာလဲ"

"ဒီနားကပါပဲ .. မဝေးပါဘူး"

သူမက ပန်းခူးရင်း သူမအိမ်ရှိရာဘက်အရပ်ကို မေးငေါ့ရင်းပြောသည်။ သူမမေးထိုးပြရာနေရာကိုသာ ငေးကြည့်မိသော်လည်း ဘယ်နေရာရယ်ဟု ကျွန်တော့် စိတ်တွင် ရေရေရာရာမသိ။ ဒါလည်းကိစ္စတော့မရှိ။ ကျွန်တော်ဟာလည်းသူမအိမ်သို့ လိုက်လည်နိုင်သူမဟုတ်။ သူမမေးငေါ့ပြရာ ပတ်ဝန်းကျင်ကို ကျွန်တော်ငေးကြည့်မိရင်း ကျွန်တော်ရောက်သည့်နေ့က မြင်တွေ့မိသော အသုဘတစ်ခုကို ခုအခါမှ သတိရမိသည်။ ခုတော့ မတွေ့ရတော့။

"ကိုယ်ရောက်တဲ့နေ့က ဟိုမြင်ရတဲ့အိမ်မှာ အသုဘတစ်ခုဖြစ်နေတယ် အခုသတိရလို့ကြည့်တော့ မရှိတော့ဘူး"

ကျွန်တော်ကလည်း ပြောစရာစကားမရှိသည့်အတွက် ရှာစကားဖော် ဆွဲထုတ် ပြောလိုက်ခြင်းဖြစ်၏။ ပန်းခူးနေသောသူမက တံချူတံကို ဘေးသို့ထောက်လိုက်ရင်း လက်တစ်ဘက်ကလည်း ခါးကိုထောက်ထား စကားကြောရှည်ရန်ကောဟူသော အပြုံးမျိုးဖြင့်

"သယ်သွားပြီလေ .. အသုဘကားနဲ့ သယ်သွားပြီပေါ့ .. အသုဘ ရပ်ကွက် ထဲ ဘယ်အကြာကြီးထားမှာလဲ အစ်ကိုရဲ့"

"အော်"

သူမက အပေါ်စီးမှ ငုံကြည့်ရင်း ခပ်တင်းတင်းပြုံးရင်းပြောသည်။ သူမအသံက ဝါညက်ကာခပ်စည်းစည်းလေးနှင့် သာယာသည်။ မြူလို ဖော့ လည်း ပြောချင်မှပြောတတ်သော .. ပြောပြန်ရင်လည်း အေးစက်ပြတ်တောင်း သော စကားစိမ်းရှူများမဟုတ်။



"တိုယ်ငယ်ငယ်ကတော့ ဒီကဲ့ကော်ပင်တွေ မရှိသေးပါဘူး .. မြို့ကြီးထဲမှာ ကဲ့ကော်ပင်တွေရှိမှန်း ခုမှသိတော့တယ်"

"အော် .. ဒီကဲ့ကော်ပင်တွေက ဦးလေးမြတ်ရဲ့ ပထမမိန်းမလက်ထက်က စိုက်ခဲ့တာမှမဟုတ်တာ မမလေးခင်မနွယ်အတွက် ကိုကြီးက စိုက်ခဲ့တာလေ"

သူမပြောသော မမလေးခင်မနွယ်ဆိုတာ မေမေ့နေရာဝင်ယူလာသော ဖေဖေ့ရဲ့ ဒုတိယမိန်းမဖြစ်သည်။ ခင်မနွယ်ဆိုသည့် အမျိုးသမီးက မေမေ့နေရာကို ဝင်လာသည် ဖြစ်ရာ သူမလေသံက မေမေ့အတွက် စိတ်မကောင်းဖြစ်ဟန်မရှိ။ သူမက ခင်မနွယ်၏ ဘက်တော်သားများဖြစ်နေမလား မဆိုနိုင်။

"ကျွန်မအစ်ကိုက သစ်ပင်စိုက်တဲ့နေရာမှာတော့ တကယ်တော်တယ် လက်ဆိတ်ရှိတယ်ဆိုမလားဘဲ .. စိုက်သမျှအပင်တွေ အကုန်ဖြစ်ထွန်းတယ် ဘာပင်စိုက်စိုက်"

"ဒီကဲ့ကော်ပင်တွေ ကြည့်ပါလား .. ဒါရိုးရိုးကဲ့ကော်ပင်မဟုတ်ဘူးလေ သုံးရာသီကဲ့ကော်တဲ့ .. သူ့အချိန် သူ့ရာသီမဟုတ်လည်း ပွင့်ချင်ပွင့်နေတာပဲ ပြီးတော့ အပင်ခပ်ငယ်ငယ်ကတည်းက ပွင့်နေတာ"

သူမက ခူးနေသောကဲ့ကော်ပွင့်များကို မိုးကျူးလိုတာလား .. သူမခင်တွယ် သော ခင်မနွယ်နှင့် ကဲ့ကော်ပင်စိုက်ပျိုးသူကို ဂုဏ်တင်လိုတာလားတော့မသိ။ ကျွန်တော့်အား စကားတွေ ရှည်လျားစွာပြောနေခဲ့၏။

သူမပြောတဲ့အထဲက ကျွန်တော်နားမလည်နိုင်တာက ဒေါ်ခင်မနွယ်အတွက်၊ ဒေါ်ခင်မနွယ်နှလုံး သာယာချမ်းမြေ့စေဖို့ ရည်ရွယ်၍ ကဲ့ကော်ပန်းပင် စိုက်ပျိုးသူမှာ ဒေါ်ခင်မနွယ်ခင်ပွန်းဖြစ်သော ဖေဖေမဟုတ်ဘဲ ဘာဖြစ်လို့ တခြားသူဖြစ်နေရတာလဲ ကျွန်တော်စဉ်းစားမရ။ ထိုသူကဘယ်သူလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ဒီကစ္စာခုကတည်းက ဒီကအကြောင်းတွေ သိပ်မသိတော့ ကလေးပီပီ စိတ်မဝင်းစားတော့တာလည်းဖြစ်သည်။

"နေပါဦး .. အစ်ကိုက ဘယ်သူတုံး"

မေးမလိုပြုသောအမေးကို သူမက ကျွန်တော့်ကိုမေးလာသည်။

"ကိုယ်က မင်းပြောတဲ့ ဦးလေးမြတ်နဲ့ သူ့ပထမမိန်းမအော်သက်ဝေတို့ရဲ့ သားပေါ့"

ထိုအခါမှ သူမက အံ့ဩအားနာသွားဟန်ဖြင့်

"မသိလို့ပါနော် .. ဒီလိုဆိုရင်တော့ ကျွန်မဒီယန်းတွေရှူးတာ အစ်ကို့ကို ခွင့်တောင်းရမှာပေါ့"

"ရှူးပါဗျာ .. ရှူးပါ .. ကိုယ့်အတွက်က ဒီယန်းတွေက ဘာများအကျိုး ဖြစ်မှာလဲ ခင်ဗျားအတွက်ကသာ အကျိုးရှိတာလေ"

"အစ်ကိုက သဘောကောင်းပါတယ်"

ဘယ်သူက သဘောမကောင်းသလဲတော့မသိ။ သူမက တံရှူကိုကိုင်တာ ရှူးနေပြန်သည်။ ကျွန်တော်ကလည်း သူလိုမ့်ရှူးသမျှ တဘုတ်ဘုတ် ကြွေကျနေသော ယန်းပွင့်ယန်းခိုင်ကလေးများကို လိုက်ကောက်ပေးလို့ပေါ့။ ကျွန်တော်က မတ်တပ်ရပ်လိုက်ရင်း

"ညောင်းရင် .. ကိုယ်ရှူးပေးမယ်လေ"

"ဟင့်အင်း .. မညောင်းပါဘူး .. ဒီကရှူးနေကျပဲဟာ"

သူမခေါင်းကိုမော့လိုက်စဉ် ဆံစများက နောက်သို့အားလုံးလန်ကျသွားသော ညိုဝါသောမျက်နှာတင်းတင်းက အကာအကွယ်မဲ့ပေါ်လာ၏။ မျက်နှုံးထူထူ ရှည်သွယ်သောမျက်ဝန်းနှင့် နှာခေါင်းချွန်ပြီး နှုတ်ခမ်းထူထူစွာရှိနေသည်ကို



ဆံစများ ကင်းလွှပ်စဉ် ပိပြင်စွာမြင်တွေ့လိုက်ရ၏။ ထို့ပြင် ညာဘက်ပါးနိုးတွင် အမာရွတ်သေးသေးလေးတစ်ခု .. ဘာကြောင့်ရယ်မသိဘဲ ထိုအမာရွတ်ကလေး ကို ကျွန်တော် စိတ်ဝင်စားသွား၏။

ပါးကအထိရာက ဘာဖြစ်တာလဲဟု ကျွန်တော်မေးမလိုလုပ်ပြီးမှ မမေးဖြစ်။ ကျွန်တော်နဲ့ သူမသိတာ မကြာသေးဘူးလေ .. ပြီးတော့ သူတပါးရဲ့ အတွင်းရေးကို ယောက်ျားတစ်ယောက်ဖြစ်ပြီး ဒီလောက်မစပ်စု ကောင်းပါဘူး လေဟု ကျွန်တော် တွေးလိုက်မိ၏။ သို့သော်လည်း ထိုအရာက သူမမျက်နှာ အား အမှတ်အသားလေး တစ်ခုသဖွယ် ဆွဲဆောင်မှုတစ်ခုအဖြစ် တည်ရှိနေ၏။

ကျွန်တော် ထိုသို့တွေးနေစဉ် သူမက ကျွန်တော့်အကြည့်နိုင်းကြောင့်လား။ ကျွန်တော့်အတွေးကြောင့်ရယ်မသိ။ သူမပါးပြင်က အမာရွတ်ကလေးကို စပ်မှုမှု မှတ်ကာပြော၏။

"ဒါကလေ ဦးလေးလုပ်တာ .. ဦးလေးမြတ်အောင်လုပ်တာပေါ့"

"ဘယ်လို .. ဖေဖေလုပ်တာဟုတ်လား"

သူမက အင်းလေဟုဆိုကာ ပါးစပ်ကမြေရုံမက ခေါင်းပါငြိမ့်ပြ၏။ ဖေဖေက ဒီလိုဘာလို့လုပ်ရတာလဲ ကျွန်တော်နားမလည်ဖြစ်ရသည်။

ဘာကြောင့်များ လူလူချင်း ကိုယ့်သားသမီးမဟုတ်သော မိန်းကလေးတစ် ယောက်ကို ဒီလိုသေရာပါဒထိရာဒထိချက်ရအောင် ဖေဖေဘာလို့ လုပ်ရတာပါ လိမ့် လုပ်ရတဲ့အကြောင်းရင်းကို ကျွန်တော်စိတ်ဝင်စားမိ၏။

"ပြော .. ပြောစမ်းပါဦး .. ဖေဖေက ဘာလို့မင်းကို ခုလိုဒဏ်ရာ အမာတရှုဖြစ်အောင် လုပ်ရတာလဲ .. ဖေဖေနဲ့မင်း ဘယ်လိုပတ်သက်နေလဲ"

"သူစိတ်ဆိုးလို့နေမှာပေါ့အစ်ကိုရယ် .. အစ်ကိုသိချင်ရင် နောက်နေ့ကျ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြမယ် .. အခုကျွန်မနောက်ကျနေပြီ .. အမေစိတ်ပူရောမယ်"

"ကောင်းပြီလေ"

ကျွန်တော့်ရင်ထဲ မတင်မကျနှင့် ဒါပဲပြောလိုက်နိုင်သည်။

"ရော .. ပန်းပိုင်ရှင် အစ်ကို့အတွက်"

သူမကပေးသော ကံ့ကော်ပွင့်ကိုလှမ်းယူကာ ညင်သာစွာနမ်းရှိုက်မိစဉ်မှာပင် သူမက မြဲသို့ရောက်ရှိသွားပြီး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏။

❋ ❋ ❋ ❋

သူမပေးခဲ့သော တစ်နေ့တစ်ပွင့်ကျ ကံ့ကော်ပန်းလေးများက စားပွဲပေါ်တင်ထား ရင်းနွမ်းခြောက်စပြုနေပြီ။ ဘယ်ကမိန်းကလေးမှန်း သေသေချာချာ မသိပေမယ့် သူမနာမည် ဘယ်သူဘယ်ဝါမသိပေမယ့် ခုရက်ပိုင်း တွေ့ဆုံမိတာ ဖြစ်ပေမယ့် သူမက ကျွန်တော့်အာရုံတွေကို ဖမ်းစားနိုင်သည်ထင်၏။ သူမထံသို့သာ ကျွန်တော့်စိတ်တွေ ရစ်ဝဲပျံသန်းနေသည်။ ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်နေတာပါလိမ့် မြူရယ် ..ကျွန်တော့်ကို ဒါမှမဟုတ် .. ကျွန်တော့်စိတ်တွေကို တားဆီးပေးပါဦး .. ကျွန်တော် မြူ့ကိုမြင်ယောင်ရင်း တီးတိုးဖွဖွအကူအညီတောင်းမိသည်။

မြူကတော့ ကျွန်တော့်အဖြစ်ကို လှောင်ပြောင်ရယ်မောမည်လားမသိ။ ကျွန်တော် စိတ်မှတ်မဲ့စွာ စားပွဲပေါ်မှ ကံ့ကော်ပွင့်နွမ်းကလေးကို ကောက်ယူ နမ်းရှိုက်မိသည်။ အပွင့်ဟောင်းသွားသော်လည်း ရနံ့သည်သစ်လွင်နေဆဲ



သူမအကြောင်း ကျွန်တော် ဒါထက်မက သိချင်ပေမယ့် ဒေါ်ကြီးအေးကိုလည်း ကျွန်တော်မမေးရဲပါ။ ရောက်လာစဉ် နှစ်ရက်တစ်ပိုင်းအတွင်း ဘေးပတ်ဝန်းကျင်က မိန်းကလေးအကြောင်း မေးရမှာမသင့်။ တစ်မျိုးအမြင်ဆောင်းစရာဖြစ်မည်။ ရန်ကုန်ဝေလွေနှင့် နယ်မြို့လေလေ့စရိုက်က တူမည်မဟုတ်။ ဒီမြို့နှင့် ရင်းနှီးနေသောသူမက ဒီမြို့ကအဖြစ်အပျက်အကြောင်းအရာကို ကျွန်တော့်ထက် ပိုသိလေသူများ ဖြစ်နေမည်လားမသိ။ ကျွန်တော် သူမအပေါ် စိတ်ဝင်စားမှုကို ထိုအကြောင်းရာလည်း တစ်ကဏ္ဍပါပါလိမ့်မည်။

ငယ်ရွယ်စဉ်က ကျွန်တော့်အတွက် စိတ်ဝင်စားစရာမကောင်းခဲ့သော ဇာတ်လမ်းတစ်ပုဒ်က ခုကာမှသက်ဝင်လှုပ်ရှားလာသလိုလို ထင်ရ၏။ ဟိုစဉ်က မသိခဲ့သော အကြောင်းအရာများကို သိခွင့်ရမည်ဆိုပါက ကိုယ်မိသားစု၏ ဂုဏ်ပုတီးကုံးကြီး ပြတ်သွားသလို တကွဲတပြားဖြစ်သွားရသည့် ဘဝဖြစ်စဉ်ကို အချိန်မှာ သိချင်ပါသေးသည်။ ငယ်ရွယ်သောအချိန်ကပင် စိတ်မဝင်စားခဲ့သော အကြောင်းအရာများမှာ သူမနှင့်တွေ့ကာမှ အရာရာသည် အကြောင်းအရာသစ်ပမာ စိတ်ဝင်စားစရာ ဖြစ်ခဲ့ရ၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

ဆည်းဆာသည် ပြာသောကောင်းကင်အား အဝါရောင်ရွှေရည် ဖြ လိုက်၏။ အနောက်မိုးကုပ်စက်ဝိုင်းတွင် တိမ်ကြိုတိမ်ကြားမှ ရွှေဝါ အလင်းတန်းများ ဆန့်တန်းပြူထွက်လင်းလက်၍ အဝါရောင်တောက် ထိုအချိန်၌ ကျွန်တော် မြို့ထဲသို့ဆင်းခဲ့၏။ မြို့ထဲရောက်သည်နှင့် ပန်း ရောယှက်နေသော သွေ့ခြောက်မှုရနံ့က ထုံးစံလိုပင် ကျွန်တော့်အား ရှူ ဆီးကြို့ပွေ့ဖက်လှမ်းခြုံလိုက်၏။

မကြာခင်မှာပင် ကျွန်တော်နဲ့ရင်းနှီးနေကျ အသံလေး လေထု လွင့်လာ၏။ လုံချည်လှုပ်ခတ်သံ၊ ဒါဆို .. သူမလာပြီပေါ့ .. ထိုအသံ တဖြည်းဖြည်း ကျွန်တော့်နောက်နားရောက်လာသည်။

"အစ်ကို ရောက်နေတယ်"

ကျွန်တော်အပြုံးဖြင့် ခေါင်းညိတ်ပြလိုက်၏။

"ကျွန်မကိုစောင့်နေတာလား"



သူမရဲ့ ပွင့်လင်းသောအမေးကို ကျွန်တော့်မှာ ဟုတ်တိုင်းမှန်ရာမဖြေဝံ့။ ရှက်နေမိသည်။ ထို့ကြောင့် စကားလမ်းလွှဲရန်ကြိုးစားရသည်။

"ကံ့ကော်ပွင့်တွေ ပွင့်နေတုန်းတော့ ဟုတ်ပါပြီ .. ပန်းတွေတုန်းသွားရင်ရော"

"ကံ့ကော်ပင်တွေက အများကြီးပဲလေ .. တစ်ပင်မဟုတ် တစ်ပင် ပွင့်နေတာပဲ ဒီကံ့ကော်တွေက သုံးရာသီကံ့ကော်ဆိုတော့ ရိုးရိုးကံ့ကော်ပင်တွေထက် ပွင့်အား ပိုကောင်းပြီး အချိန်အခါမရွေးပွင့်တယ်အစ်ကိုရဲ့"

"ရိုးရိုးကံ့ကော်ပွင့်တာနဲ့ ဒီသုံးရာသီကံ့ကော်က ဝတ်ဆံအနည်းအများပဲ နည်းနည်းကွာတာလေ .. ရိုးရိုးကံ့ကော်ပွင့်က ဝတ်ဆံထူထူကျပ်နေပြီး ဒီကံ့ကော်က နည်းနည်းဝတ်ဆံကျဲတယ်အစ်ကိုရဲ့ .. သတိထားမိလား"

"ဟင့်အင်း .. အတူတူပဲလို့ ထင်မိတာ .. မင်းပြောမှပဲ ဒီလိုကွဲမှန်း သိတယ် မင်းမဆိုးဘူးပဲ"

ပန်းရောင်းသောမိန်းကလေးက ပန်းပွင့်တစ်မျိုးတည်း၏ ပုံသဏ္ဌာန် ခွဲခြားပုံကို သိခြင်းမှာ မထူးခြားပေမယ့် စာရေးဆရာတစ်ယောက်ပင် မသိသောကိစ္စကို သူမသိနေတဲ့အတွက် ကျွန်တော်ကြိတ်ပြီးချီးကျူးမိပါသည်။

"ကံ့ကော်မျိုးတုန်းသွားတော့လည်း .. ကျွန်မဒီမြို့ထဲရောက် ရောက်လာရသေးတာပဲ ဓရေပန်းကောက်ဖို့လေ .. ဈေးကြိုပန်းတွေနဲ့ တွဲရောင်းတာပေါ့"

"မင်းနာမည် ဘယ်လိုခေါ်လဲဟင်"

သူ့စကားနဲ့ ကျွန်တော့်အမေးက တခြားစီဖြစ်ပေမယ့် မတတ်နိုင်။ ကျွန်တော် သိချင်ရာကို အရဲစွန့်မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်တဲ့ရှင်"

မြရိပ် .. ကျွန်တော် သူမှာမည်ကို နှုတ်ခမ်းလှုပ်ရုံရွတ်ကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ မှတ်သားမိ၏။

"အစ်ကို့ကို ကျွန်မအခုမှမြင်ဖူးပေမယ့် ကျွန်မနဲ့ အစ်ကိုပိုင်တဲ့ ယောဒီမြကြီးနဲ့ကတော့ ရင်းနှီးခဲ့တာကြာပါပြီ"

"မလေးခင်မနဲ့ ဦးလေးမြတ်တို့ မင်္ဂလာဆောင်ပြီးကတည်းက ကျွန်မတော အမြဲလိုလို ဒီမြေထဲပဲ ရောက်နေခဲ့တာ"

"ဒီကွဲကော်ပင်တွေက မလေးခင်မအတွက် ကိုကြီးရဲ့မင်္ဂလာဦး လက်ဆောင်ပေါ့ မလေးခင်မ .. မင်္ဂလာဆောင်တဲ့နေ့မှာပဲ စိုက်ခဲ့တာလေ"

"ခေါ်ခင်မနွယ်နဲ့ မြရိပ်တို့က အမျိုးတော်စပ်လို့လား"

"ဟင့်အင်း .. ဒီဘဝမှာတော့ အမျိုးမတော်ပါဘူးအစ်ကိုရယ် ဒါပေမဲ့ ဘဝဟောင်းတုန်းကများ အမျိုးတော်စပ်ခဲ့ဖူးသလားမသိဘူး .. မြရိပ် မလေး ခင်မနွယ်ကို အရမ်းချစ်တယ် .. ကိုကြီးကဆို ပိုဆိုးတာပေါ့ .. သူက မလေးအတွက်ဆို သူ့ဘဝကိုလည်း စွန့်ရဲတယ် .. သူ့ဂုဏ်သိက္ခာကိုလည်း စွန့်ရဲတယ် .. အသက်ကိုလည်း စွန့်ရဲတယ်"

"မလေးခင်မအတွက်ဆို သူကအပေးရည်းသက်သက်ပဲဖြစ်ချင်တယ် — မလေးဆီက သူဘာမှမလိုချင်ဘူး .. မလေးဆီက တစ်ခုခုလိုချင်တယ်ဆိုရင် အဲဒါ မလေးရဲ့ပျော်ရွှင်မှုပဲ .. သူက မမလေးပျော်ရွှင်နေတာကို အမြဲတွေ့ချင်နေတဲ့လူလေ"



မြရိပ်သည် တောသူမိန်းကလေးတစ်ဦးဖြစ်သော်လည်း စကားပြော ကောင်းသူ မိန်းကလေးအဖြစ် ကျွန်တော်အံ့သြရသည်။ သူမစကားထဲတွင် အချစ်ဆိုသော စကားလုံးတစ်လုံးမှမပါဘဲ ထိုသူ့ရင်ထဲကအချစ်ကို မြင်သာအောင်သူမို့ပြောတတ်သည်။

"အဲဒီလူနာမည်က"

"ကိုကြီးနာမည်က အောင်ချင်းပါ"

"ကိုအောင်ချင်းရဲ့မေတ္တာက ဒေါ်ခင်မနွယ်အပေါ် တော်တော်ကြီး တာပဲနော်"

"ဟုတ်တယ်အစ်ကို"

"ဒါနဲ့များ ဒေါ်ခင်မနွယ်က ကိုအောင်ချင်းကိုမယူဘဲ ဘာကြောင့်ပေမှာကို လက်ထပ်ခဲ့တာလဲ"

မြရိပ်က လေပြေကြောင့် ကြွေလွင့်သွားသော ရော်ရွက်ဝါကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်းမှ

"မမလေးဆန္ဒအရဆိုရင် ဒီလိုဘယ်ဟုတ်ပါ့မလဲ .. ဒါပေမယ့် မမလေး သဘောမှမရှိတာ ဒါကကြီးကြီးဒေါ်ကြိမ်သဘောပဲလေ .. မမလေးအမေက ငွေမက်တယ်အစ်ကိုရဲ့ .. ဒါ ကျွန်မသိတာပေါ့"

မြရိပ်က သူမစကားထဲက အမျိုးသမီးကြီးအသဘောကို နာကျည်းဟန်နှင့် ပြော၏။

လှတိုင်းသည် ပြီးခဲ့သောပြဇာတ်တွင် မိမိဘယ်လိုအရေးပါသောအခန်းက ဏ္ဍသို့ သရုပ်ဆောင်ခဲ့သည်ကို စိတ်အားထက်သန်စွာ ပြောလိုကြသည်သာ ဖြစ်၏။ အသက်နှစ်ဆယ်အရွယ်ခန့်သာရှိနိုင်မည့် ကလေးသာသာမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ စကားများကို ကျွန်တော်နားလည်စွာဖြင့် နားထောင်ပေးနေရ[illegible]

"မြရိပ်လည်း ဒီကိစ္စအတွက် တော်တော်စံစားရတယ်ထင်တယ်"

"ဟုတ်တယ်အစ်ကို .. သူတို့ရဲ့ ချစ်ကဲဆိုးတဲ့ဘဝက အသွားကြီးရွေ[illegible] တာက အရင်းခံတာပဲ .. ဖြစ်သွားတဲ့ကိစ္စက ဘာမှလျှို့ဝှက်ထားစရာမရှိပါ[illegible] ကျွန်မကတော့ စိတ်ဝင်စားလို့ နားထောင်မယ်သူရှိရင် အသေးစိတ်ကို ပြော[illegible] ပဲ့မလေးဘူးအစ်ကို"

"ဒါဟာ တနည်းအားဖြင့် ဦးလေးမြတ်ကို သိက္ခာချသလိုရှိပေမယ့် ဒေါ[illegible] ဒေါ်ကြိမ်ကို ကျွန်မတတ်နိုင်သလောက် လက်စားချေခြင်းပဲလေ"

သူမပြောသလိုဖြင့် ဒေါ်ကြိမ်ငွေမက်ခြင်းဟာ အပြစ်ဖြစ်သည်ဟုရ[illegible] ပေမဲ့မှာ ငွေရှိခြင်းဟာ အပြစ်မကင်းသလိုများဖြစ်နေမလား .. သူမ[illegible] ကြောင့် ထိုသို့အတွေးမျိုး ကျွန်တော်တွေးမိသေးသည်။

"ကျွန်မဦးလေးမြတ်ကို မြင်ဖူးတာက ထမင်းဆိုင်မှာ ထမင်းလာ[illegible] ဟန်ကျ ပန်ကျ လူတစ်ယောက်အနေနဲ့ပဲပြီး မြင်ဖူးတာပါ"

"သူစားတဲ့ထမင်းဆိုင်က မလေးခင်မတို့ရဲ့ဆိုင်လေ .. [illegible] ကျွန်မက မနက်ဆို မလေးခင်မနဲ့ ဈေးလိုက်ရတယ် .. ပြီးတော့ ဈ[illegible] ထောင်းရတယ် နောက် နည်းနည်းပါးပါးဝိုင်းကူပေးရတယ် ဒါပဲလုပ်[illegible]

"တစ်စတစ်စနဲ့ ခဏခဏလာတဲ့ဦးလေးမြတ်က တဖြည်း[illegible] မမလေးကို သဘောကျလာသလိုပဲလေ .. မမလေးကတော့ သူ့ကို[illegible] မကျပါဘူး .. သူ့ကိုသဘောကျတာက ဒေါ်ကြီးဒေါ်ကြိမ်လေ"

"သမီး .. ဒီသူငယ်က သစ်ကန်ထရိုက်ဆိုပါလား"

"မြစ်မှာပေါ့ အမေရယ် .. ဒီသစ်ဝိုင်းထဲကတော့ သစ်ပွဲစား၊ သစ်အလုပ် [illegible]သမားနဲ့ သစ်ကန်ထရိုက်တွေပဲရှိတဲ့ဟာ"

"အို ..အေ သူ့ကိုတော့ ကောင်းကောင်းဂရုစိုက်ပါအေ .. သူ့ခမျာ [illegible]အိမ်ထောင်ကွဲသွားသတဲ့ .. သနားစရာပါ"

"သိသွားပြန်ပြီ" ဟု မြရိပ် ငရုတ်သီးထောင်းရင်း တွေးမိ၏။

"အိမ်ထောင်ကွဲသွားတဲ့ ယောကျ်ားများ သနားစရာလားအမေရယ် [illegible]နားမယ့် သနား သူ့မိန်းမကမှ သနားစရာကောင်းဦးမယ် .. နော် မြရိပ်ရယ်"

"အင်းလေ ..မြရိပ်တော့ မသနားပါဘူး"

မနေလးခင်မကစကားကို အမြဲမှန်တယ်ထင်ပြီး အထင်ကြီးတတ်သော [illegible]မြရိပ်က ခင်မရွယ်ဘက်ဝင်ပြောတော့ ဒေါ်ကြိမ်ရဲ့မျက်စောင်းက မြရိပ်ကို [illegible]မ်းထိုးရင်း

"ဟဲ့ ... ကောင်မလေး ဖင်ပြားပြားချထိုင်စမ်း ... ငရုတ်သီးထောင်းတာ [illegible]ယ်လိုလဲ .. ငရုတ်စေ့တွေကလည်း ဗိုတဲတစ်ဝက်စင်တစ်ဝက်နဲ့ ဟိုခေတ် [illegible]ါကဆို ဒါမျိုးမိန်းကလေးလင်ရမှာမဟုတ်ဘူး"

ဒေါ်ကြီးဒေါ်ကြိမ်က ဒီလိုနိုးနိုးဖွဲဖွဲပြောပေမယ့်လည်း မြရိပ်က လင်မရလို့ [illegible]နည်းပါဘူး .. မြရိပ်က ဒီတုန်းက ကလေးသာသာအရွယ်ပဲ ရှိသေးတာ။

[illegible]နေတော့ ဒေါ်ကြီးဒေါ်ကြိမ်လည်း ဆိုင်လှုပါးတုန်း ခဏတဖြုတ်လုံ့ဗို့ [illegible]ပေါ် ထပ်တက်သွားသည်။

"ဟော .. မမလေးရေ .. ဟိုးမှာ ကိုကြီးစက်ဘီးလာပြီ"

www.burmeseclassic.com



ကိုအောင်ချင်းက သစ်ပိုင်းအတွင်း တောမှဲတောဖြစ်သော်လည်း သစ်တော နယ်နိမိတ်လွန် တောတွင်းထဲ၌ အပျော်တမ်းအမဲပစ်သမားတစ်ဦးဖြစ်၍ သူပါလာသော သားကောင်အမဲများက မြရိပ်တို့မိသားစု၏ ဟင်းစားရှေးဦး အပြင် မမလေးခင်မနွယ်တို့ ထမင်းဆိုင်အတွက်လည်း အထောက်အကူ ရခဲ့သည်။ ခင်မနွယ်က အောင်ချင်း စက်ဘီးကိုမြင်တယ်ဆိုရင်ပဲ လုံချည်ကို ခပ်တိုတိုမြင်ဝတ်ကာ ဆိုင်ထဲမှ ခပ်သွက်သွက်လေး ထွက်ခဲ့၏။

ပါလာသောအသားမှာ ဂျီလား .. ဆတ်လား .. တောဝက်လား .. ခင်မနွယ် ဘယ်တော့မှမေးလေ့မရှိ။ အောင်ချင်းကိုမြင်တာနဲ့ ခင်မနွယ် ပြောတတ်သောတစ်ခွန်းထဲသောစကားက

"ငါ့မောင်လေး မောလာပြီ" ဟိုစကားသာဖြစ်သည်။ အောင်ချင်း စက်ဘီး ကယ်ရီယာထက်မှ မြွေရေခွံအိတ်နှင့်ထည့်ထားသော ဖျက်ပြီးသားအသားအိတ် ကို ဆွဲယူတော့ ..

"ဖယ် .. ဖယ် .. မနိုင်လည်း မနိုင်ဘဲနဲ့ .. ပေကုန်မယ်လေ"

အောင်ချင်းက ခင်မနွယ်အား ဆူလွှတ်လိုက်တော့မှ အောင်ချင်း စက်ဘီးနောက်မှ ခင်မနွယ်ယောင်ပေပေနှင့် ပါလာ၏။ ဆိုင်ထဲရောက်တော့ ကယ်ရီယာပေါ်မှာ အသားစိမ်းအထုပ်ကြီးကို ဆွဲချလိုက်ရင်း အောင်ချင်းက

"ကိုကြီးကို သောက်ရေတစ်ခွက်ပေးစမ်းကွာ"

ကိုအောင်ချင်းက မြရိပ်အားလှမ်းပြော၏။ မလေးခင်မက ကပျာကယာ

"မြရိပ် .. နေ .. နေ မလေးခပ်ပေးမယ်"

မလေးက သူမအိုးမှ ရေအိုးထဲကရေကိုမခပ်ဘဲ အပေါ်စင်မှပို၍အေးသည့် သဲအိုးထဲကရေကို ရိုးရိုးပိုင်ဘာရေခွက်နှင့် မခပ်ပေးဘဲ သန့်စင်ကြည်မြနေသော



ဖန်ခွက်ရှည်ရှည်လေးနဲ့ ခပ်တိုက်၏။ မလေးအပြုအမူက ကိုကြီးအောင်ချင်းအား အမြဲတစေ တန်ဖိုးထားပြုမူတတ်သည်ကို မြရိပ်ပင်သိသည်။ သို့ပေမယ့် ထိုသို့သော အပြုအမူမျိုးကို ဒေါ်ကြီးဒေါ်ကြိမ်က မနှစ်သက်တတ်။

"အေ .. ညည်းကလဲ .. အရေးတေးတတ်ရန်ကော" ဟု နှုတ်ခမ်းမဲ့ကာ နှုတ်ဆူတတ်သည်။ အောင်ချင်းက ချွေးတွေနဲ့ရွှဲနေသောမျက်နှာကို လက်မောင်းနှင့် သုတ်လိုက်ပြီး ခင်မနွယ်ပေးသောရေကို အားပါးတရသောက်လိုက်၏။

"အောင်ချင်းရေ .. ဘာပါလဲဟေ့"

"တောဝက်ပဲ ဒေါ်ကြီး"

"အေး .. ကောင်းတယ် .. သမီးရေ .. သူ့ရဲ့ပစ္စည်းတွေကို နိုင်တွယ်ပြီး ငွေရှင်းပေးလိုက်လေ"

"ဟုတ်ကဲ့ပါ"

ဒီကြောင်းကို ပြောစရာမလိုဘဲ ဒေါ်ကြိမ်ပြောနေရခြင်းမှာ ခင်မနွယ်နှင့် အောင် ချင်းတို့၏ အခြေအနေခြင်းကို တမင်သိအောင် သတိပေးနေခြင်းမျှသာ

"ချွေးတိတ်ရင် ရေချိုးသွားချည် .. ကျောက်စည်ထဲမှာ ရေအပြည့် ဖြည့်ထားတယ်"

"နေပါစေ မလေးရာ .. အိမ်ကျမှချိုးမယ်"

"အို .. ဒီပုံနဲ့အိမ်ပြန်မလို့လား .. နေဦးလေ .. ဒါတွေကိုင်တွယ်ရှင်းလင်း ပြီးရင် မလေးလည်း ကြွေးတောင်းရှိလို့လိုက်ခဲ့မယ် .. မင်းရေချိုးနှင့်"

မလေးခင်မနွယ်ကအောင်ချင်းသယ်လာသော အသားစိမ်းများကို ခွဲစိတ်ကိုင် တွယ်ပြီး ဟင်းချက်သက်သက်၊ နေလှမ်း၊ အခြောက်လုပ်ရန်သက်သက် ခွဲခြမ်းပေး ပြီး ဒေါ်လုံးလက်ထဲအပ်ကာ သူမရေမိုးချိုးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ .. ခင်မ ကိုအောင်နဲ့ကုန်တန်းဈေးဘက် ကြွေးတောင်းသွားဦးမယ်"

"အေး .. မခင်လှိုင်ကိုလည်း ဝင်သတိပေးလိုက်ဦး .. ရက်ကျော်နေပြီလို့ ညည်းလဲ သိပ်မကြာစေနဲ့"

"ဟုတ်ကဲ့အမေ"

ဒေါ်ကြီးမိက ဈေးဘက်တွင် ဈေးသည်များကိုလည်း ငွေတိုးပေးထားသဖြင့် ခင်မနွယ်က နှစ်ရက်တစ်ခါ ကြွေးသိမ်းသွားရ၏။ အောင်ချင်းက ခင်မနွယ်ထိုင်မည့် သူ့စက်ဘီးကယ်ရီယာကို သန့်စင်စင်ကြယ်အောင် ဆေးကြောသန့်ရှင်းနေ၏။

"မောင်လေး .. မင်းဘီးကြီးကိုထားခဲ့လေ .. မလေးဘီးနဲ့ဘဲ သွားရအောင်"

"ဟင့်အင်းဗျာ .. ကျွန်တော့်ဘီးနဲ့ပဲ သွားမယ် .. မမဘီးကို ကျွန်တော် နင်းရတာအားမရပါဘူး . ဘားတန်းမပါ .. ဘာမပါနဲ့"

"သဘောတော်ပါပဲ"

ခင်မနွယ်ဘီးက ဂျပန်ဘီးအသေးဖြစ်ပြီး သူ့ဘီးက ယောက်ျားစီးဘီးကြီးဖြစ်သည်။ သူတို့နှစ်ဦးထွက်လာတော့ အားချင်းဆိုင်ကလူတွေက ထုံးစံအတိုင်း ခပ်ရှိုင်းရှိုင်းပင်ကြည့်နေကြ၏။ ပြီးတော့ တီးတိုးသဖန်းထိုးကြဦးမည်ကို အောင်ချင်းသိပါသည်။ ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေသော ခင်မနွယ်လို မိန်းကလေးမျိုးက သူ့လို သစ်လုပ်သ[illegible]ပိုင်း၊ မုဆိုးတစ်ပိုင်း လူငယ်လေး တစ်ဦးကို အရေးတယူ ခင်တွ[illegible]ယောဇဉ်ရှိခြင်းကို မနာလိုခြင်းနှင့် အားကျခြင်းမည်သောအကြည့်[illegible] ဖြစ်မှန်း အောင်ချင်းနားလည်ပါသည်။ ခင်မနွယ် သူ့စက်ဘီးကယ်ရီယာပေါ်ရောက်တော့ ...



"မလေး .. ကျွန်တော့နားသိပ်မကပ်နဲ့နော်"

"ဘာလို့"

"အော် .. သားစိမ်းညှိနံ့တွေ နံမှာစိုးလို့ပေါ့"

"နံ .. နံ .. ကပ်မှာပဲ"

မလေးက သူ့ကျောပြင်ကို ထိကပ်နေအောင် တိုးကပ်လိုက်ရင်း

"ကဲ .. ကပ်တော့ဘာဖြစ်လဲ"

မလေးအပြောကြောင့် အောင်ချင်း ခပ်ဟဟရယ်လိုက်ရင်း

"သိလား မလေး .. အဲဒါ .. မလေး ကျွန်တော့်အနားတိုးအောင် ကျွန်တော်ဉာဏ်များလိုက်တာ"

"အော် .. ဒီလိုလား .. ဒီက စေတနာနဲ့ ပြောတာမှတ်လို့ ဒီလိုမျိုးတော့ ရေပါဘူး .. ရပ်တော့ ကိုယ့်ခြေထောက်နဲ့ကိုယ်ပဲ သွားလည်းဖြစ်တယ်နော်"

မလေးက သူ့ကိုယ်မှခွာလိုက်ရင်း ပြော၏။ သူ့ထံမှ 'နောက်တာပါ မလေးရယ်' ဟု အောင်ချင်းထံမှ တောင်းပန်စကားကို ကြားရမည် ထင်မိပေမယ့် အောင်ချင်းက စက်ဘီးကို ဘရိတ်အုပ်၍ရပ်လိုက်ပြီး ခြေတစ်ဖက်ထောက်ကာ

"ကဲ .. ဆင်း" ဟု သူကဆိုလိုက်သဖြင့် မလေးဝမ်းနည်းသွား၏။ သူမပဲ ဘာတွေအများပြောမိသွားလို့လဲ။

"ဒါလေး ပြောတာကိုပဲ မောင်လေး စိတ်ဆိုးသွားသလား"

သူမတွေးရင်း စက်ဘီးကယ်ရီယာပေါ်မှ ခုန်ဆင်းလိုက်၏။ ဆင်းဆိုလို့သာ ဆင်းလိုက်ရသည်။ သူမစိတ်နှင့်ကိုယ် မကပ်သလိုဖြစ်နေသည်။ စိတ်ဆေး[illegible]တတ်

www.burmeseclassic.com

www.burmeseclassic.com



သော အောင်ချင်းက သူ့ကို စက်ဘီးပေါ်က နှင်ချတယ်ဆိုတဲ့အသိနဲ့ ရင်မှာ နာကျင်နေရ၏။

"မလေး .. ဘာရုပ်လုပ်နေတာလဲ .. ရှေ့ကိုလာလေ"

"ဘယ်ကို"

"ဒီဘားတန်းရှေ့ကိုလာလေ"

"ဘာလာလုပ်ရမှာလဲ"

သူကဘာလဲ -- ခုပဲဆင်း၊ ခုပဲလာနဲ့ ဘာသဘောလဲ မလေးနားမလည်ပါ။

"ဘားတန်းပေါ်မှာဆိုတော့ မလေးထိုင်ရင် နာမှာဆိုးလို့ ကျွန်တော် အနွေးထည်ကိုခုပြီးချည်ထားတယ် .. မနာဘူး ..လာ"

ဖြစ်ရပြန်ပြီ .. မလေးစိတ်တွင်းမှာဆိုမိသည်။ အောင်ချင်းက မြေသို့ ခြေတစ်ဖက်ထောက်ကာ စောင့်နေ၏။

"မလေး ... လာလေဗျာ ဘာစိတ်ကူးတွေရလို့ မောင့်ကိုစိတ်ဆိုး နေတာလဲဟင်"

မလေးက ရှေ့ဘက်သို့တိုးသွားရင်း

"မင်းက .. ငါ့ကို မင်းစက်ဘီးပေါ်က နှင်ချတာကိုး"

"ဟောဗျ.. အတွေးမှားတွေ မဝင်ပါနဲ့မလေးရယ် .. ကျွန်တော်က ကျွန်တော့် အတွေးနဲ့ ကျွန်တော် .. လမ်းကျရင် ဘားတန်းပေါ် ပြောင်းထိုင် စေချင်လို့ ဘားတန်းကို သေသေချာချာအနွေးထည်နဲ့ကို စည်းနှောင်ထားတာပဲ မလေးရယ်"

ခင်မနွယ်က ဘာမှမပြောတော့။ ဒီလိုဆိုတော့လဲ ခုနက ရင်ထဲကျင်နေ အောင် ဝမ်းနည်းရတဲ့အဖြစ်ကို နမျောမိသား ...

"ဒါကိုပဲ .. သူ့ကို ကျွန်တော်က နှင်ချသတဲ့ .. ပြောရက်လိုက်တာ"

"တော်တော့ မပြောနဲ့တော့ .. မင်းအနွေးထည်ကြီးကိုပဲ ဖယ်ပေးတော့"

"ဘာဖြစ်လို့လဲ"

အောင်ချင်းက အသံတည်တည်နဲ့ ပြန်မေးသည်။

"တက်ထိုင်လို့ ဘယ်ဖြစ်မလဲကွဲ့ .. မင်းဘုန်းနိမ့်မှာပေါ့"

"နိမ့် .. နိမ့်ဗျာ .. နာမှာစိုးလို့ကို"

"ဖယ်လိုက်ပါကွယ် .. မလေးဘားတန်းပေါ် ဒီအတိုင်းထိုင်နိုင်ပါတယ် [illegible]င်ရဲ့"

"ခက်တာပဲ .. ဒါနဲ့ရောက်တော့မှာမဟုတ်ဘူး .. အစ်မ .. ကျွန်တော့်ကို [illegible]တယ်ဆို"

"အေးလေ .. အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"အဲဒါဆိုပြီးရော .. ကျွန်တော်ပြောတဲ့အတိုင်းလုပ်ဗျာ လာ တက်တော့"

သူက နောက်ဆုံးပိတ်စကားဖြင့် အနိုင်ယူလိုက်ခြင်းကြောင့်သာ [illegible]မနွယ်က ကန်တော့နော်ဟုပြောရင်း ဘားတန်းပေါ် တင်ပါးလွှဲတက်လိုက်၏။ [illegible]ထဲမှာလည်း သူက ငါ့ကိုပဲ အနိုင်ယူတော့တာပဲဟု မြည်တွန်တောက်တီး [illegible]။

"ထိုင်ရတာ အဆင်ပြေလား"

"ပြေသားပဲ"

"ကျွန်တော်လည်းပြေတယ် .. သိလား"

"မင်းက ဘာပြေတာလဲ"

"မလေးရဲ့ သနပ်ခါးနံ့ကြောင့် အမောပြေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အောင်ချင်းစကားကြောင့် ခင်မနွယ်ပြုံးမိသည်။ သူမတို့နှစ်ဦး ဒီလိုရှုပ်သော ဘာမဟုတ်တဲ့အကြောင်းနဲ့ စိတ်ကောက်ဝမ်းနည်းနေတတ်ပြီး ဒါကိုသိလို့ တစ်ယောက်ယောက်က ပြန်လျှော့၊ ပြန်ချော့လိုက်ရင် စိတ်ပြေသွား တတ်ကြတာပါပဲ။ ခင်မနွယ်က တစ်ဦးတည်းသောသမီးမို့ မောင်နှမမဲ့ရသူ ဖြစ်သည်ကြောင့်လား မသိ။ ခင်တွယ်မိပြီဆို သံယောဇဉ်ကြီးတတ်သည်။ အောင်ချင်းနဲ့ မြရိပ်ကို သူချစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်အတွက် သူမမှာ ထာဝစဉ်တာဝန်ရှိသည် ဟု ထင်နေမိသည်။ မြရိပ်ကိုတော့ သူမနှင့်အတူ ဆိုင်မှာအတူနေစေ၍ အောင်ချင်း ကတော့ ဆိုင်အတွက်လိုအပ်သည်များကို ဖြည့်ဆည်းရန်နှင့် တောပစ်အသားများ ပို့ပေးခြင်းတို့ကြောင့်လည်း မကြာမကြာ ဆုံတွေ့နိုင်လေသည်။

ဟိုစဉ်တုန်းက အောင်ချင်းကို မောင်လေးတစ်ယောက်လို ချစ်မိသော်လည်း ဒီအချိန်မှာတော့ သူ့ကို အစ်ကိုတစ်ယောက်လို အားကိုးချစ်ရပြန်သည်။ တစ်ခါ တစ်လေတော့ အောင်ချင်းကို ချစ်သူတစ်ယောက်လို နွဲ့ဆိုးဆိုးမိတတ်သေး၏။ အခါ များစွာကတော့ အစ်မကြီးတစ်ယောက်လို သူမကသာ သူ့ကိုချော့မော့ သည်းခံနေရသည်သာ။

တကယ်တော့လည်း သူတို့နှစ်ဦးက ဖွင့်ပြောစရာမလိုသော တစ်ဦးရဲ့ အကြည့်တစ်ချက်နှင့်ပင် တစ်ဦးက အရာရာကိုနားလည်နိုင်သော တစ်ယောက် စိတ်အခြေအနေကို တစ်ယောက်က အစဉ်နားလည်သိရှိခံစားနိုင်သော ဖွင့်ပြောစရာမလိုသော ချစ်သူများသာဖြစ်၏။ ခင်မနွယ်က အောင်ချင်းနှင့် ပတ်သက်ရင် ဟန်မဆောင်တတ်သူ၊ ချစ်ရင်ချစ်သလို ဘယ်သူ့ကို



ဂရုမစိုက်ဘဲ သူချစ်သောမောင်ကို ဖူးမှာတတ်သူ၊ သို့ဝှက်ရမည့်စကားကိုလည်း တစ်ခါတစ်ရံမှာ ဖွင့်ချတတ်သူသာဖြစ်သည်။ အောင်ချင်းကတော့ လူအများ ရှေ့တွင်မလေး ခင်းပေးသောလမ်းကိုပင် မလျှောက်ဝံ့သူ။ လမ်းတစ်ထောက် တွင် အောင်ချင်းက စကားကို ခေတ္တရပ်ပြန်သည်။

"ဘာလုပ်ဦးမလို့လဲ"

"ငြိမ်ငြိမ်နေ .. မလေးရဲ့ .. ကျွန်တော်ကွမ်းစားမလို့"

"ကွမ်းက ဘယ်မှာတုံး"

"အင်္ကျီအိတ်ကပ်ထဲမှာ"

သူ့အင်္ကျီအိတ်ကပ်ထဲမှ ပလပ်စတစ်နှင့်ထုပ်ထားသော ကွမ်းယာထုပ်ထဲမှ ကွမ်းတစ်ယာထုပ်ကာ အောင်ချင်းပါးစပ်တွင်းသို့ ထည့်ပေး၏။

"မလေး"

"ဟင်"

"ကျွန်တော်ကလွဲလို့ ဘယ်သူ့ကိုမှ ကွမ်းယာခွံ့မကျွေးနဲ့နော်"

"အော် .. ငါက ဘယ်သူ့ကို ကျွေးရဦးမှာပဲကွယ်"

"မှတ်ထားနော် မလေး တသက်လုံးဘယ်သူ့ကိုမှ ဒီလိုမကျွေးရဘူးနော်"

"အင်းပါ .. မောင်ရဲ့ ငါ့မှာ နင်ကလွဲလို့ ဒီလိုဆက်ဆံစရာလူမရှိပါဘူး"

အောင်ချင်းက မလေးရဲ့စကားကို သဘောကျကျေနပ်ရင်း ကွမ်းယာကို မဝါးဘဲ ပါးစောင်ထဲမှာ ငုံထားမိ၏။ တင်းတင်းစေ့ထားသော အောင်ချင်းရဲ့ နှုတ်ခမ်းပါးပါးကို ခင်မနွယ်ကစေ့စေ့ကြည့်မိ၏။

"ဟင် .. ဘာလဲမလေး"

www.burmeseclassic.com

www.burmeseclassic.com



အောင်ချင်းသည် မလေးကသူ့အားမောင်ဟုခေါ်လိုက်သလို ထင်လိုက်မိ၏။

"ကွမ်းဝါးလေ .. နင့်နှုတ်ခမ်းတွေ အဲသလိုတင်းတင်းစေ့ထားရင် ငါ မောင့်ကို အရမ်းချစ်တာပဲ"

အောင်ချင်းပြုံးမိသည်။ မလေးက အောင်ချင်းဘာလုပ်လုပ် ချစ်တဲ့သူပဲ။ ဒါပေမယ့် မလေးက သူ့လိုမဟုတ်။ သတ္တိရှိသူဖြစ်သည်။ ဘယ်တော့မဆို ချစ်ရင် ချစ်တယ်။ မကြိုက်ရင်မကြိုက်ဘူး ပြောရဲသူ။ သူကတော့ သည်လို မဟုတ်။ ရင်မောရပါသည်။ မလေးသည် သူ့အား ...

"နင်ရော .. ငါ့ကိုမချစ်ဘူးလားဟု မမေးရဲ" သူကမချစ်ဘူးဟု နောက်ပြောင်လိုက်လျှင် သူမဝမ်းနည်းမိလိမ့်မည်။ ထို့ကြောင့် ထိုအမေးမျိုး ဘယ်သောအခါမှ သူမမသုံးနဲ့။ ထူးခြားတာက အောင်ချင်းကိုချစ်သော သူမ အချစ်က နှလုံးသားကို ပူလောင်စေသည့် ရင်တွေလှိုက်ခုန်ပြီး ချစ်တဲ့အချစ်မျိုး မဟုတ်။ ရင်ထဲအေးမြပြီး တစိမ့်စိမ့်နှင့်ချစ်ရသောအချစ်ဖြစ်သည်။

"ဒီလိုတစ်သက်လုံး မလေးက ကျွန်တော့်ရှေ့မှာရှိနေရင် ကောင်းမှာပဲ"

အောင်ချင်းရင်ထဲက အတွေးက လွှတ်ခနဲနှုတ်များမှ ထွက်သွား၏။

"ခုလိုလား .. နေမယ်လေကွယ် .. မောင်လည်း မိန်းမမယူနဲ့ဖြစ်တယ် မဟုတ်လား"

"မဖြစ်ဘူးမလေးရဲ့ .. ကျွန်တော်က မိန်းမတော့ ယူချင်တယ်"

ဖြစ်ပြန်ပြီ။ မလေးဝမ်းနည်းရမယ့်စကားကို သူဆိုပြန်ပြီ။

"ကဲ .. ယူချင်လည်းယူပါကွယ် ... ဒါပေမယ့်လည်း မောင့်မိန်းမ ကြည်ဖြူရင် မောင့်အိမ်မှာငါနေပြီး .. မောင့်ကလေးတွေကို ငါထိန်းပေးမယ် မောင့်အဝတ်တွေ ငါလျှော်ပေးမယ်"



"မကြည်ဖြူရှိမလားဗျ .. ကျွန်တော်ယူမယ့်မိန်းမက မလေးပဲဟာ"

အောင်ချင်းက ခင်မနွယ်ဆံစကို နမ်းရှိုက်ရင်းအရဲစွန့်ကာ ပြောလိုက်၏။

"အို .. ဒီကောင်လေးနယ်"

ခင်မနွယ်က အောင်ချင်းရဲ့စကားကြောင့်လား .. အောင်ချင်းရဲ့ အနမ်းကြောင့်လားမသိ။ ခြေဖျားမှငယ်ထိပ်ဖျားအထိ ဖျန်းခနဲနေအောင် ရှက်သွားမိ၏။

"မလေး .. စိတ်ဆိုးသွားလားဟင်"

မလေးမဖြေ။ ငြိမ်သက်တိတ်ဆိတ်စွာရှိနေ၏။

"ဟင် .. မလေး .. သိပါတယ် .. ကျွန်တော် ဒီလိုပြောရင် မလေး စိတ်ဆိုးမယ်ဆိုတာ ဒါကြောင့် ကျွန်တော့်အချစ်ကို ရင်ထဲမှာပဲ သိမ်းထားမိတာ ခုတော့ ပြောမိသွားပြီ"

"စကားဘီးခထရပ်ဦး"

အောင်ချင်းစက်ဘီးရပ်လိုက်တော့ .. မလေးက စက်ဘီးဘားတန်းပေါ်မှ ခုန်ဆင်းလိုက်၏။

"အောင်ချင်း"

"ကျွန်တော့်ကို အောင်ချင်းလို့မခေါ်ပါနဲ့"

"မင်းနာမည် အောင်ချင်းပဲ"

"ဟုတ်တယ် .. အားလုံးအတွက် ကျွန်တော့်နာမည် အောင်ချင်းပါ ဒါပေမယ့် မမလေးအတွက်တော့မဟုတ်ဘူး .. ကျွန်တော့်ကို မောင်လို့ခေါ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



မလေး မောင့်ကိုရှိစေစွာကြည့်မိသည်။ အမှန်တော့လည်း သူမသည် သူ့အား အောင်ချင်းဟုနာမည်ကို တစ်ခါမှခေါ်ခဲ့ဖူးသည်မဟုတ်။ မောင် မောင်လေး၊ မောင်လေးအောင် ဒီလိုမျိုးသာခေါ်ခဲ့သည်သာ .. သူမအစနဲ့လည်း ဒီနာမည်က စိမ်းလွန်းနေပါပြီ။ ခုဟာကလည်း လေးနက်စေချင်လို့သာ ခုလိုခေါ်လိုက်ခြင်းဖြစ်၏။

"ကဲ .. ဟုတ်ပါပြီ .. မောင်က မလေးကိုချစ်တယ် .. ဒါသေချာ ရဲ့လား"

"ဒါမေးစရာလား မလေးရယ် .. ကျွန်တော့်ဘဝမှာ မလေးတစ်ယောက် တည်းရှိနဲ့တာ သိရဲ့သားနဲ့ .. မလေး ကျွန်တော့်ကိုချစ်တာလည်း ကျွန်တော်သိတယ် .. ဒါပေမယ့် မလေးအချစ်နဲ့ ကျွန်တော့်အချစ်ကမတူဘူး"

"မလေးက ကျွန်တော်မိန်းမယူသွားလည်း ချစ်နေနိုင်ပေမယ့် ကျွန်တော် ကတော့ မလေးကို ဘယ်သူတစ်ဦးတစ်ယောက်မှ စေ့စေ့ကြည့်တာတောင် မခံနိုင်ဘူး"

"သူတို့မျက်စိရှိလို့ .. မလေးလှလို့ မလေးကိုကြည့်ပေမယ့် ကျွန်တော်စိတ်တိုရတယ် .. ကျွန်တော့်စိတ်ထဲမှာ ပေါက်ကွဲရတယ် ကျွန်တော် မခံမရပ်နိုင် ဖြစ်ရတယ် .. မလေးလှတာ မှန်ပါတယ် .. ဒါပေမယ့် ဒါကို ဘယ်သူ့မှမကြည့်စေချင်ဘူး .. မလေးက ချစ်စရာကောင်းပါတယ် ဒါပေမယ့် ဘယ်သူမှ မချစ်စေချင်ဘူး"

"မလေးက ကျွန်တော်နဲ့ မတန်မရာဆိုတာ ကျွန်တော်သိပါတယ် ဒါပေမယ့် မလေးကို ကျွန်တော်တစ်ယောက်တည်း ချစ်ချင်တယ်"



အောင်ချင်းသည် စက်ဘီးလက်ကိုင်ကို ကိုင်ထားရင်းမှ လက်တစ်ဖက်ဖြင့် မလေး၏ခန္ဓာကိုယ်လေးကို ဆွဲယူဖွေ့လိုက်၏။ သစ်ခိုင်တို့အုပ်မိုးနေသော တောလမ်း ကလေးတွင် ငှက်သံများ၊ သစ်ရွက်လေတိုးသံလေးများကလွဲ၍ တိတ်ဆိတ်နေ၏။ တဒုတ်ဒုတ်မြည်သော ချစ်သူနှစ်ဦးရဲ့ နှလုံးခုန်သံက အသံအကျယ်ကြီးလို ဆူညံပေါက်ကွဲနေ၏။ မလေးက ချစ်သောမောင့်ပါးပြင်ကို သူမလက်လေးနှင့် ဖွဖွ ပွတ်သပ်ရင်း မရဲတရဲဆိုမိသည်။

"ဖြစ်နိုင်ရင်တော့ တို့လည်းမင်းကို မလေးတစ်ယောက်ပဲ ချစ်ချင်တာ ပေါ့ကွယ်"

❋ ❋ ❋ ❋

သည့်နောက်ပိုင်းတော့ သူတို့ဟာ တစ်နေ့မှာ ချစ်ခြင်းဖွဲ့အတူ နေကြမယ်ဆိုတဲ့ အသိနဲ့ သူတို့အချစ်ကို သိုသိုဝှက်ဝှက်နေခဲ့ကြတယ် မြရိပ်က နှမ်းလျစွာ ခထားလိုက်သည်။ ကျွန်တော်ကတော့ သူမပြောပြတဲ့ တောလမ်းထဲမှာ မြောပါသွား ပြီး တောသိမ်းခန်းကို ကြိုသိနေသူပီပီ ကြိုတင်၍ စိတ်မသက်မသာဖြစ်ရ၏။

"အစ်အဆိ သိသလောက်ဆိုရင် ဘယ်သူ့မှာအပြစ်ရှိသလဲအစ်ကို"

"ခုတော့ ကိုယ်သိပြီ မြရိပ် ဘယ်သူမှာမှ အပြစ်ဆိုစရာမရှိပါဘူး အားလုံး ဟာ ကံစတ်ဆရာရဲ့ စတ်ညွှန်းအတိုင်း သူ့စီမံရာကို လူတွေက ယောင်ဝါးဝါးနဲ့ ဝင်ရောက်တပြသရုပ်ဆောင်ရတာပဲလေ"

ကျွန်တော်က သူတကာပြောတတ်သော ခပ်ရိုးရိုးစင်းစင်းစကားကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကား လုပ်ပြီး ပြောလိုက်သည်။ ခုပုံစံအတိုင်းကလည်း ဒီစကားနဲ့ပဲ အသေလျော့ဆုံး ဖြစ်နေတော့တာကိုး ..

"အင်း .. စကားပြောတာတော့ များသွားပြီ ... လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်"

"ကိုယ် ကူရှုးပေးပါ့မယ်"

ကျွန်တော်က ကုံကော်ပွင့်တွေရှုးပေးရင်း

"နောက်နေ့တွေဆို ကုံကော်ပွင့်တွေ မရှိသလောက် ပါးသွားပြီနော်"

"ဟုတ်တယ်" ဟုဆိုကာ သူမကကျွန်တော့်ကို ခပ်ပြုံးပြုံးစိုက်ကြည့်သည်။ သူမမျက်လုံးများက ကျွန်တော်မြင်ဖူးသမျှ မျက်လုံးများထဲတွင် အဖြူစင်ဆုံးသော မျက်ဝန်းများဖြစ်၏။ ကောင်းပင်ပြာပြာ၌ တိမ်ဖြူဖြူတို့ လျှင်မြန်စွာ လွင့်ပါးနေကြ သည်။ နေရောင်သည် ရွှေရောင်တောက်ပနေ၏။ နေ့တိုင်းတော့ ဒီလိုမလှပနိုင်။ သို့သော် လှပလိမ့်မည်ဟု မျှော်လင့်နိုင်လေသည်။

❋ ❋ ❋ ❋

ကျွန်တော် ရေးလက်စစာကို လက်စသတ်လိုက်ပြီး ဝရန်တာသို့ ထွက်ခဲ့၏။ ညသည် နက်ပြာရောင်နောက်ခံတွင် ကြယ်တာရာတို့ စုံလင်လှပစွာရှိနေသည်။

ကြယ်စင်တန်းများကို သူငေးမောရင်း ဟိုခပ်ဝေးဝေးဆီက ထီးထီး ရပ်တည်နေသော ကြယ်ကလေးကိုကြည့်ရင်း မြူကို သတိရမိသည်။ ဒီအချိန်မှာ မြူဘာတွေ များလုပ်နေမလဲဟု တွေးမိသည်။ သေချာတာကတော့ ကျွန်တော့်ကို သတိရနေမှာ မဟုတ်တာပါပဲ။ ဒီနေရာ၊ ဒီဒေသသို့ ကျွန်တော်စိတ်ပိုင်းဖြတ်ပြီး ထွက်ခဲ့သော်လည်း တကယ့်တကယ်တော့ ကျွန်တော်သူမကို စိတ်မချစွာ ရှိနေသည်။

"အို .. နေပါစေလေ . သူကမှ ကိုယ့်ကိုမလိုအပ်တာပဲ ... ငါနဲ့မတွေ့ခင်ကလည်း သူဒီလိုပဲ နေခဲ့တာပဲမဟုတ်လား"

နှစ်ဦးအတူတူရှိနေချိန်တွင် အရာရာသည် ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းသောစိတ်ဖြင့် ပြည့်လျှံနေတတ်သည်။ ခွဲခွာချိန်ရောက်လာသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



အသိတရားက ဟာလာဟင်းလင်းကြီးဖြစ်နေသည်။ မဝေးသေးသည့်ရက်များ ဆီသို့ သတိရနေမိသည်။

"ကျွန်တော်တို့ ခရီးထွက်ရအောင်"

"ကောင်းသားပဲ"

ကျွန်တော်က ပေါ့ပါးစွာရယ်လိုက်ရင်း

"ဒီလိုဆို ကျွန်တော်တို့ ပထမလက်ထပ်ကြမယ် .. ဒါဆို ဘာပြဿနာမှ ရှုပ်စရာမလိုတော့ဘူး .. စရိတ်လည်း သက်သာသွားမယ် .. နှစ်ခန်းငှားစရာ မလိုတော့ဘဲ တစ်ခန်းထဲနဲ့ ကိစ္စပြီးမယ်လေ"

မြူက ကျွန်တော့်စကားကြောင့် ခပ်ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး

"ဒီလောက် ကဗျာဆန်တဲ့ရည်းစားစကားမျိုး တစ်ခါမှမကြားဖူးဘူး သိလား"

ကျွန်တော်က ရယ်နေရာမှ လေးနက်သောလေသံနှင့် သူမမျက်ဝန်းအား စူးစိုက်ကြည့်ရင်း

"ကျွန်တော်နောက်နေတာမဟုတ်ဘူး .. အခုစကားကို အတည်ပြောတာမြူ ကိုယ့်ကိုလက်ထပ်ပါ .. ကိုယ်တို့အိမ်ထောင်ပေါင်းပြီး ဘဝတစ်ခုကို လှလှပပ တည်ဆောက်နိုင်လိမ့်မယ်လို့ ကိုယ်ယုံကြည်ပါတယ်"

မြူက ဘာမှမရှိသော နေရာလွတ်တစ်နေရာကို စိုက်ကြည့်ရင်း

"ဒီစကားက ဘာကိုအခြေခံပြီးပြောတာလဲ"

"ကျွန်တော်နဲ့ မြူရဲ့အချစ်၊ မေတ္တာ၊ သံယောဇဉ်တို့ကို အခြေခံပြီး တော့ပေါ့"



"အဲဒါက ရှင့်ဘက်က ခံစားချက်လေ .. ကျွန်မဘက်က ဘယ်လို ခံစားချက်မျိုးရှိသလဲ .. ရှင်တွေးကြည့်မိရဲ့လား"

"ကျွန်တော်နဲ့ အလားတူပဲရှိမယ်လို့ ထင်မိတယ်"

"အဲဒါဆိုရင်တော့ ရှင်ဆန္ဒတွေ သိပ်စောသွားပြီ"

ကျွန်တော့်ဆန္ဒတွေ သိပ်စောသွားသလား ကျွန်တော်မသိပါ။ သို့ပေမယ့် သူမရဲ့ မိမ်းသောစကားက ကျွန်တော့်ကိုအရှက်ရစေ၏။ ဒီမိန်းမ ဘယ်လို မိန်းမလဲ .. တစ်ဘက်လူကိုရှက်အောင် ဒီလိုပဲ ပြောတတ်လေသလား။

"စိတ်မရှိပါနဲ့ .. ကိုဝသန် .. အမှန်ပြောရင် ကျွန်မအိမ်ထောင်ရေးကို စိတ်မဝင်စားဘူး"

"ခင်ဗျာ"

"ဟုတ်တယ် .. ကျွန်မ အနှောင်အဖွဲ့ကို မလိုလားဘူး .. ကိုဝသန် ကျွန်မမှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေသေးတယ် ကျွန်မဘယ်သူ့ကိုမှ ဘဝနှစ်ပြီးမချစ်နိုင်ဘူး .. ဒီနေ့ နက်ဖြန် နောင်နှစ်ခါ ဘယ်အချိန်ပဲဖြစ်ဖြစ် ကျွန်မပြောနိုင်တာက အဲဒီစကားပဲ ကိုဝသန်"

တော်တော်လေးဘာမာန်မာနကြီးတဲ့ အမျိုးသမီးပဲဟု ကျွန်တော်သတ်မှတ်ရင်း မချိပြုံးပြုံးမိ၏။ ကိစ္စက ကျွန်တော်ဘာမှပြောစရာမလိုအောင် ပြီးစီးသွားပြီပေါ့။

ဒီကြားထဲ ကျွန်တော်ရှက်စိတ်၊ ကြေကွဲစိတ်တို့ဖြင့် အလုပ်ဖိလုပ်ရင်း အချိန်းဆောင်းနေမိသည်။ သူနှင့်ကျွန်တော် ထိုကိစ္စဖြစ်ပြီး ရက်လေးဆယ်ပြည့် အကြာလောက်တွင် ထိုသတင်းကြားနေရခြင်းဖြစ်သည်။ အစာအိမ်အူ လမ်းကြောင်း ယောင်သောရောဂါဖြင့် သူမနေ့စဉ်ဆေးခန်းပြနေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းဖြစ်သည်။ သူ ကျွန်တော့်ထံ ဖုန်းဆက်ခြင်းမဟုတ်၊ ကျွန်တော် အခြားသူတစ်ယောက်ထံက ကြားခဲ့ရခြင်းဖြစ်သည်။ သူမအပေါ် ကျွန်တော်ရဲ့ အချိန်ပြည့်စိုးရိမ်စိတ်ကို ချုပ်ထိန်းထား နေရတဲ့ကြားထဲ ဒီသတင်းကြားတော့ ကျွန်တော်မနေနိုင်။ ငါပစ်ထားမိပြီဆိုသော နောင်တတရားနှင့် ကျွန်တော်မြို့သို့ ရောက်ရပြန်သည်။

ကျွန်တော်ရောက်တော့ သူမကိုတွေ့နေကြ ဆင်းဘုတ်ပေါ်တွင် မတွေ့ရ။ အိပ်ရာထဲရောက်နေပြန်တူသည်။ သူနှင့်အမျိုးတော်စပ်ပြန်တူသော အမျိုးသမီး တစ်ဦးက ကျွန်တော့်ကို ရင်းရင်းနှီးနှီးနှုတ်ဆက်၏။

"လာ .. ကိုဝဿန် .. ဝင်ပါ"

"ခင်ဗျား .. ကျွန်တော့်ကိုသိနေတယ်"

"လူကတော့ အခုမှမြင်ဖူးတာပါ .. ပန်းချီကားထဲမှာ ရင်းရင်းနှီးနှီး တွေ့တာလေ ခုလိုတွေ့ရတော့မှ သူတော်တော် .. တော်မှန်းသိတော့တယ်"

ကျွန်တော် သူပြောတာတွေ တစ်ခုမှနားမလည်။ မြူကလည်း သူမ ပြောသလို စိတ်လိုလက်ရလည်း တစ်ခါမှ ပန်းချီဆွဲပေးဖူးခြင်းမရှိဖူးတာပဲ။

"ဆရာကလည်း ဒီမှာလေ"

ယောင်အအဖြစ်နေတဲ့ ကျွန်တော့်ကို ထာဝစဉ်တံခါးပိတ်ထားသော အခန်း တစ်ခန်းကို သူမကတွန်းဖွင့်လိုက်ရင်း ကျွန်တော့်ကို ဝင်ကာကြည့်စေ၏။ ထိုအခန်းတို့ ကျွန်တော်ဖြတ်ကျော်နေပေမယ့်လည်း တစ်ခါဖူးမှပင် စိတ်မဝင်စား ခဲ့သောအခန်း ဖြစ်သည်။ ခုတော့ ကျွန်တော်ဒီအခန်းထဲရောက်ခဲ့ပြီ။ အခန်းသည် မြူတင်းမှကောင်းစွာ ရသောအလင်းရောင်ကို ပါးလွှာသောအစပါးလေးများဖြင့်



တားဆီးထားပြီး အခန်းတွင်း၌ သူမဘဝ၏ အမှတ်တရများကို သူမစိတ်ကြိုက် ရေးဖွဲ့ထားသော ပန်းချီကားများထားရှိရာအခန်းဖြစ်သည်။ ဒါမျိုးက တွေးဆန်းပါ၊ ပန်းချီဆရာများပင်မက အနုပညာသမားတိုင်း ထိုသို့သော ရူးသွပ်မှု အစွဲအလမ်းများရှိတတ်ကြပါသည်။ ထူးဆန်းတာက သူမအစွဲအလမ်း ဟာ ကျွန်တော်နဲ့ပတ်သက်နေခြင်းပင်။ ပိုးပုဝါစလေးများနှင့် အုပ်ထားသော ပန်းချီကားများကို လှစ်ကြည့်မိတော့ ကျွန်တော့်ပုံများဖြစ်နေခြင်းဖြစ်၏။ ပုံစံအမျိုးမျိုး၊ အနေအထားအမျိုးမျိုး၊ ကာရိုက်တာအမျိုးမျိုး၊ ရေးဟန် အမျိုးမျိုးနှင့် ကျွန်တော့်ပုံများက အခန်းထဲမှာ နေရာအတော်များများတွင် နေရယူနေခဲ့၏။ စတွေ့အချိန်ကစပြီး မနေ့တစ်နေ့လုံး ရက်စွဲများနှင့် ဆိုင်းလက်မှတ်များ၊ မှတ်စုမှတ်ချက်များ ...

ဒါတွေ အရင်က ကျွန်တော်ဘာကြောင့် မတွေ့နိုင်ခဲ့တာလဲ အခုတွေ့တော့ ရော သူမရင်ထဲက ကျွန်တော့်အပေါ်ရှိနေတဲ့ သဘောထားက ပြောင်းလဲသွားမှာ လား .. မသေချာပါ .. လျှို့ဝှက်သိပ်သည်းတတ်သော အမျိုးသမီးကိုမှ ကျွန်တော် ချစ်မိသွားပြီပဲ .. ဘာပဲဖြစ်ဖြစ် .. ဒီအကြောင်းအရာတွေကို သိထား၊ မမြင်ထားသောလူတစ်ယောက်အနေနှင့် ကျွန်တော်သူ့ကို ပတ်သက်လုံးကြင်နာမှုတွေ ပေးသွား မယ်လို့ ဆုံးဖြတ်လိုက်မိသည်။ ကျွန်တော် ထိုအခန်းထဲက ထွက်လာတော့အနားမှာ စောစောကအမျိုးသမီးမရှိတော့။ အခန်းတံခါးကို သေချာစွာစေ့ခဲ့ပြီး မြူနှင့်တွေ့ရန် ထွက်ခဲ့၏။

"မြူ .. နေမကောင်းဘူးဆို"

မည်းနက်ကောဥ္စွတ်သော လှပသည့်မျက်လုံးတစ်စုံသည် ကျွန်တော့်အား

www.burmeseclassic.com

www.burmeseclassic.com



ဖော်ရွေ ဟန်တခထပြုပြီး စိမ်းကားအေးစက်စွာပင် ကြည့်နေ၏။ ကျွန်တော် သူမအကြည့်ကို ဂရုမစိုက်စွာ .. ယခင်က နွေးထွေးသောအပြုအမူများဖြင့် သူမအား ပိုမိုကြင်နာ မိသည်။ နဂိုကမှ ခပ်သွယ်သွယ်ကိုယ်ခန္ဓာလေးသည် နေမကောင်းမှုကြောင့် ပို၍ ချောင်ကျသွား၏။ အစားအသောက်ကလည်း အင်မတန်ကျိုးများသောသူမကြောင့် နည်းနည်းတော့ စိတ်ရှုပ်ရသည်။

"ဘာတွေယူလာပြန်ပြီလဲ .. မစားချင်ဘူးနော်"

စားစရာတစ်ခုခုဆိုလျှင် သူမအများမရောင်ခင်မှာပင် တားဆီးတတ်၏။ ကျွန်တော်က လက်မှနာရီကိုတစ်ချက်ကြည့်ရင်း

"ခနောဆန်ပြုတ်လေမြူရဲ့ .. ဒီတစ်ပန်းကန် မြူဗိုက်ထဲရောက်မှ ကျွန်တော်ပြန်ရမှာ .... လာ ကျွန်တော်မြန်မြန်ပြန်ရအောင် မြူ မြန်မြန်လေးသောက်မှ ဖြစ်မယ်"

ကျွန်တော်ကိုယ်တိုင် သူမကိုတစ်ဇွန်းတည်းတိုက်ရ၏။

"ပြန်တော့မယ်ဆို .. ကျွန်မ စတင်းဘုတ်ကို ဘာလုပ်ဦးမလို့လဲ"

"ဖြုတ်ထားဦးမယ်လေမြူရဲ့ .. နေကောင်းတော့မှ ကျွန်တော် ပြန်တပ်ပေးမှာပေါ့"

အလုပ်အပေါ် သဲယောင်ကြီးသောသူ့ကို ထိုသို့နည်းဖြင့် တားဆီးရသည်။ သူ့ကျန်းမာရေးနှင့်လိုက်ဖက်သော အစားအစာကိုစားဝင်ရန် စီမံပေးရသည်။ သူနှင့်အတူ ခဏလာနေပေးသော သူ့အစ်ကိုမိန်းနှင့် ရက်ခြားဆိုသလို ရောက်လာတတ်သော သူ့အစ်ကိုကလည်း ကျွန်တော့်အား ခင်မင်ရင်းနှီးစွာ ကျေးဇူးစကားပြော၏။



"ကိုဝသန်ရေ .. ဒီကောင်မလေးကိုတော့ ခင်ဗျားလက်ထဲပဲ အပ်ရတော့မှာပဲဗျာ"

"ရှင်ညီမ .. ပေတောကပ်တစ်ကို ဆရာက ပြန်အမ်းလိမ့်မယ်"

"အေးဗျာ .. သူက ငယ်ငယ်ကတည်းက ခပ်ပေပေရယ်"

"ဖြစ်နိုင်ပါတယ်ဗျာ .. ခုလည်း တော်တော်ပေတာပဲကိုး"

သူမအစ်ကိုထံမှ သူမဘဝတာနေတစောင်းကို ကျွန်တော်သိရခဲ့သည်။ ငယ်စဉ်ကတည်းက မိဘများ၏ အိမ်ထောင်ရေးကမနိုင်မြဲစွာ ပြိုကွဲသွားရသည့်အပြင် ထိုအဖြစ်ဆိုးများကို နငယ်သေးသောအသည်းမှာ တွေကြုံခံစားနေရသူပီပီ အိမ်ထောင်ရေးကို နာကျည်းစရာတစ်ခုအဖြစ် သူမယူဆနေဟန်တူ၏။ မိစားချက်တူ၊ ဘဝတူခြင်းကြောင့် ကျွန်တော်သည် သူမအပေါ်ရှိသော စွဲလမ်းတပ်မက်စွာ ချစ်ခြင်းအာရုံကို အတတ်နိုင်ဆုံးမျိုသိပ်ကာ မိတ်ဆွေတစ်ဦး၊ သူငယ်ချင်းတစ်ဦး လုပ်ဖော်ကိုင်ဖက် တစ်ဦးအဖြစ်အပြင် နမလေးတစ်ဦးလိုပါ ကြင်နာယုယခဲ့ပါသည်။ သို့သော်လည်း ကျွန်တော့်နှုတ်များမှ အချစ်နှင့်ပတ်သက်သောစကားစများကို ထိန်းသိမ်းနိုင်သော်လည်း တစ်ခါတစ်ရံတော့ ကျွန်တော့်အကြည့်အပြုအမူက သူမအပေါ် စွဲလမ်းတပ်မက်ရိပ်များ စွန်းထင်းသွားပါဟုတော့ ဝန်မခံနိုင်။

တစ်နေ့ သူမမျက်နှာသွေးရောင်လွှမ်း၍ ကျန်းမာရေးအခြေအနေ အတော်သင့်မြတ်ကောင်းမွန်ပြီဟု သတ်မှတ်နိုင်သောနေ့ ..

"ကိုဝသန်လည်း ကျွန်မကိုပြုစုရတာနဲ့ အတော်ပင်ပန်းနေရောပေါ့"

"ကျွန်တော်က လူနာပြုစုတာ ဝါသနာပါတယ်ဗျ .. အခု စာရေးဆရာဖြစ်နေလို့ပဲ .. နို့မို့ဆို .. ကျန်းမာရေးမှူးသင်တန်းတက်ပြီး ကွန့်ပေါင်နာလုပ်

www.burmeseclassic.com



ဖြစ်မယ်ထင်ရဲ့"

ကျွန်တော်က သူမစိတ်ထဲပေါ့ပါးသွားအောင်ပြောမိ၏။

"စေတနာအရင်းခံတာ ကောင်းပါတယ် .. တစ်ခုတော့ရှိတယ် ကိုဝသ

မျှော်လင့်ချက်တစ်ခုကြောင့်တော့ မဖြစ်စေချင်ဘူး"

"ကျွန်မမှာ ရှင်မျှော်လင့်စရာ ဘာမှမရှိဘူးနော်" တိုးတိတ်သော ထိုစကား

က ကျွန်တော့်နားထဲဆောင့်ဝင်လာ၏။ ထိန်းချုပ်ထားသောစိတ်က ဒေါသဖြ

ထောင်းခနဲ ဖြစ်သွား၏။ လှိုက်ခနဲနာကျင်စွာ သူမကို ငေးမောကြည့်လိုက်မိ

"ခင်ဗျားအခန်းထဲက ကျွန်တော့်ပုံတွေကို ခင်ဗျားဘယ်လိုခံစားချက်

ဆွဲတာလဲ ကျွန်တော်မသိဘဲ ကျွန်တော့်ပုံတွေ ခန်းလုံးပြည့်ရှိနေတဲ့ကိစ္စ

သေွးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး"

နှုတ်ဖျားသို့ရောက်နေသောစကားကို သူမသိက္ခာနှင့်အရှက်အတွ

ကျွန်တော် ပြန်မြိုချလိုက်ရ၏။ ဒါပေမယ့်လည်း ကျွန်တော့်ရင်ထဲက ခံစာ

အတိုင်းအတာကို သူမသိအောင်တော့ ပြောပြမှဖြစ်မည်။

"ကျွန်တော်ခင်ဗျားကို သိပ်ချစ်ပါတယ် .. မြူ ယောကျ်ားတစ်ယော

ချစ်ရကောင်းမှန်းမသိတဲ့ မိန်းမတစ်ယောက်ရဲ့ အပြစ်ကင်းစင်မှု ကိုလည်

ကျွန်တော် သဘောကျပါတယ် .. အချစ်ကို နားမလည်စိတ်မဝင်စ

တဲ့မိန်းမတစ်ယောက်ကို အနစ်နာခံစိတ်နဲ့ တစ်သက်လုံး ချစ်မြတ်နိုးသွား

ပါတယ်"

"ဒါပေမယ့် ကိုယ့်ကိုယ်ကို လိမ်ညာဖုံးကွယ်ပြီး ဟန်ဆောင်နေတဲ့ မိန်းမ

တော့ ကျွန်တော်သဘောမကျဘူး .. ယောကျ်ားတစ်ယောက်ကို ချစ်မိ

ရှက်စရာလို့သဘောထားတဲ့မိန်းမတစ်ယောက်ဟာ ကျွန်တော့်အချစ်



မထိုက်တန်ဘူး .. ခင်ဗျားရဲ့ ယောကျ်ားတစ်ယောက်အပေါ် အနိုင်ယူချင်စိတ်က ကိုယ့်ကိုယ်ကို နာကျင်အောင်လုပ်နေပြီးတော့မှ အနိုင်ရမယ်ဆိုရင်လည်း ခင်ဗျားဟာ အနစ်နာခံပြီး နိုင်ချင်တယ် .. အဲဒီတော့ ခင်ဗျားနိုင်တယ်လို့ပဲ သဘောထားပြီး ပျော်ပျော်ရွှင်ရွှင်နေပါ"

ကျွန်တော်သည် မြတ်နိုးလှသော မိန်းမတစ်ဦးအား နောက်ဆုံးအကြိမ် ကြည့်ခြင်း မျိုးနှင့် ခပ်စိမ်းစိမ်းကြည့်လိုက်၏။

"ကျွန်တော် ကတိတစ်လုံးကို ဘယ်တော့မှမဖျက်ဘူး .. ကျွန်တော်နဲ့ ခင်ဗျားနဲ့ ဘယ်တော့မှမတွေ့တော့ဘူး .. မြူ အဲဒါကတိပဲ ကျွန်တော်ပြန်မယ်"

ကျွန်တော် သူမမျက်နှာကို တစ်ချက်မှကြည့်မနေတော့ဘဲ ဒုတိယမြောက် သူမရှေ့မှ ထွက်ခဲ့မိပြန်၏။ ရည်ရွယ်ထားပြီးမှ သူမကျန်းမာရေးကြောင့် မထွက်ဖြစ်သောခရီးကို ကျွန်တော်ဖွတ်ထွက်ခဲ့သည်။ ဒီလိုအချိန်မှာ ကျွန်တော် ရန်ကုန်မှာ ရှိမနေချင်။ ဒီအချိန် ရန်ကုန်မှာရှိနေပါကလည်း သူမအခန်း ဝန်းကျင်မှာ ကျွန်တော်ဝေ့လည်ရောက်နေပေလိမ့်မည်ဖြစ်သည်။ ဒါကြောင့် ဒီမြို့ကလေးကို ထွက်လာခဲ့ခြင်းဖြစ်၏။

❄ ❄ ❄ ❄

www.burmeseclassic.com

မြူထွက်သော တိမ်ဆိုင်များနောက်ကွယ်မှ ပေါက်ကျယ်ဖိုးလာသော ညနေ ရွှေရည်သည် မြို့ဝင်းအတွင်းတွင် လှပစွာဆိုင်းတွဲနေသည်။ နေရောင်မှာ အသားနှင့် ထိတွေ့ကောင်းရုံ နွေးအိနေ၏။

ဘရှုန်းဘတာတိုက်ခတ်လိုက်သောလေကြောင့် တောပန်းနံ့တွေက ကျွန်တော့်နှာဝဆီ ပလုံးပထွေးရောက်လာသည်။ ထိုရနံ့က ပါးသွားပြန်တော့ စိမ်းဖန့်ဖန့်ရနံ့တစ်မျိုးကို ရှူရှိုက်မိသည်။ အင်း .. ဒါဆို သူမလာပြီပေါ့။

မြရိပ်လာတာကို ခပ်ဝေးဝေးက မြင်ကတည်းက ကျွန်တော့်ရင်တွင် [illegible] တစ်ယောက်လို လှုပ်ရှားနေ၏။ ခုတလော ကျွန်တော် ဘာတွေဖြစ်နေသည်မသိ။ ခံစားလွယ်သောလူငယ်လေးတစ်ယောက်လိုဖြစ်နေသည်။ သူမက ကျွန်တော့်ဆီ တစ်စတစ်စ နီးကပ်လာ၏။ သူမအကြည့်က ကျွန်တော့်ထံ ဦးတည်လျက် ရှိသည်။



လေနှိုင်းများကလည်း တဝေါဝေါတိုက်ခတ်လာပြန်သည်။ မြရိပ်က ကျွန်တော်နဲ့ မနီးမဝေးတွင်ရပ်ကာ ကျွန်တော့်ကိုစူးစိုက်ကြည့်နေရင်း ရင်ထဲတွင် ဘယ်လိုဖြစ်သည်မသိ။ စိမ့်ခနဲဖြစ်သွားသည်။ သူမမျက်လုံးညိုညိုတွေကို ကျွန်တော့်ရင်ဘတ်ဆီ ထွင်းဖောက်ကြည့်နေတော့သလိုပဲ။ ကျွန်တော် သူ့မျက်လုံးညိုညိုတို့ရဲ့ စူးရှတောက်ပသော အလင်းတန်းကိုမခံနိုင်။ ကျွန်တော်မျက်နှာလွှဲလိုက်ရ၏။

သို့သော်လည်း ကျွန်တော်သူ့ကို ကြည့်ချင်မိသေးသည်။ ကျွန်တော်ပြန်မော့လာတော့သူမရဲ့ဆံပင်တွေက လေနှိုင်းထဲမှာ တစ္ဆေတစ်ကောင်ရဲ့လက်တံတွေလို ဝဲပျံရစ်ဝိုင်းပြီး သူမခန္ဓာကိုယ်အထက်ပိုင်းကို ရစ်ပတ်နှောင်ဖွဲ့ယ်လို့ ..

သိပ်သည်းမည်းမှောင်သော ဆံမျှင်တွေရဲ့ ဖုံးအုပ်မှုကြောင့် မြရိပ်ရဲ့မျက်နှာကို မမြင်နိုင်လောက်အောင် ဖြစ်သွားပြီး ကျွန်တော်ကြည့်နေဆဲမှာပဲ ဆံရှည်တွေက အောက်သို့တစ်ပြေးတစ်စ လျှောကျသွားလေတော့၏။

ပြီးတော့ သူမက ဘာညာတစ်ခွန်းမှမဟဘဲ လှည့်ထွက်သွားသည်။ ကျွန်တော့် ရင်ထဲမှာ သူမနဲ့အတွေ့မှာ စိမ့်တိမ့်တိမ့်ခံစားမှုဖြစ်ပေါ်ရသော်လည်း သူမက လိုက်ခဲ့လို့ ကျွန်တော့်အားခေါ်သွားသလို ကျွန်တော်သူမနောက်က ကောက်ကောက်ပါအောင် လိုက်သွားမိသည်။

မြို့ပြင်ဘက်ရောက်သော်လည်း သူမကမရပ်သေး။ မြို့ရဲ့အနောက်ဘက်လမ်းကလေးအတိုင်း ဆင်းသွား၏။ ကျွန်တော်လည်း လိုက်ချင်စိတ်ဖြစ်မိသည်နှင့် သူမနောက်က ထပ်ချပ်မကွာလိုက်သွားမိ၏။

တဖြေးဖြေး လျှောက်လာရင်း သူမဦးတည်သွားသောနေရာများက ကျွန်တော်မရောက်ဘူးသေးသော လမ်းကလေးများဖြစ်နေသည်ကို သတိထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ ကျွန်တော်လျှောက်ခဲ့ရင်းက သူမကိုမိသည်ဟူ၍လည်းမရှိ။ တော်တော်လျှောက်နိုင်တဲ့ မိန်းကလေးပဲဟု တွေးမိသည်။ ကျွန်တော့်အလုပ်ကလည်း အညောင်းထိုင်တဲ့အလုပ် မို့ အကြောအခြင်တွေလည်း ကြာတော့ ဆိုင်းလာတာပဲဖြစ်နိုင်သည်။ သူမ၏ကျွန်းမာ ဖျတ်လတ်သွက်လက်ပုံကတော့ လက်များခါရမလိုပင်ဖြစ်ရ၏။

"မြရိပ်"

ကျွန်တော့်ခေါ်သံကြောင့် သူမလှည့်ကြည့်သည်။

"ဘယ်သွားမလို့လဲ"

သူမက ရှေ့ဘက်ကို လက်ညှိုးထိုးပြ၏။

"ပန်းမခူးတော့ဘူးလား"

"ပန်းမှမရှိတော့တာ"

ထိုသို့ သူမရပ်လိုက်တော့မှ သူမကို ကျွန်တော်မှီသွား၏။ နှစ်ယောက်အတူ မြေလမ်းကလေးကို ယှဉ်လျှောက်ရင်း

"ကိုယ် ဒီမှာနေခဲ့တုန်းက ဒီလမ်းတွေကိုမရောက်ဖူးဘူး"

"ဟုတ်တယ် .. တစ်ချို့လူတွေဆို ရှိမှန်းတောင်မသိကြဘူး"

"ဒါတော့ နည်းနည်းပိုသွားပြီ" ဟု ကျွန်တော်တွေးရင်းပြုံးမိသည်။

"ရှင်မယုံရင် ဒေါ်ကြီးအေးကို မေးကြည့်ပါလား .. ဒီလမ်းရဲ့ အနေအထားကို ပြောပြပြီးတော့လေ .. သူ့ကို ရောက်ဖူးလားလို့"

အမယ် သူမက ကျွန်တော့်စိတ်အတွေးကို ဘယ်လိုသိနေပါလိမ့်။ ကျွန်တော့်အမေလို ဆဋ္ဌမအာရုံကို ရရှိနေသူများလား .. ဒါမှမဟုတ်ပါက လူရည်လည်သော မိန်းကလေးတစ်ဦးဖြစ်ဖို့ သေချာသည်။



သူမပြောလဲပြောစရာပင်။ လမ်းကလေးက ကုန်းမြင့်ကလေးများ၊ ဆင်ခြေလျှောကလေးများနှင့် တချို့နေရာတွင် မြက်ခင်းစိမ်းစိမ်းနှင့် သစ်ပင်ညိုညိုမှိုင်းမှိုင်းများ၊ တောပန်းဝါဝါပွင့်ကလေးများ၊ နွယ်ပင်လိမ်ယှက်နေသော ပင်စည်ကောက်ကွေးတွေမှ ပွင့်နေသော ပန်းပွင့်ဖြူဖြူများထံမှ ရနံ့ပြင်းသော အမွှေးနံ့များ ကျွန်တော်အသေအချာ မှတ်သားထားမိ၏။

"အစ်ကို့အဖေက အစ်ကို့အမေကို ချစ်သလား"

မထင်မှတ်သော်မေးခွန်းကြောင့် ကျွန်တော်ပင်နည်းနည်းကြောင်အသွားမိ၏။

"အင်း .. ပထမတော့ ချစ်တယ်ထင်တာပဲ .. နောက်ပိုင်းကျတော့ သိပ်မသေ ချာတော့ဘူး"

ကျွန်တော်လည်း ဝေဝါးစွာဖြေမိ၏။

"နောက်ပိုင်းကိစ္စတွေကလည်း ကျွန်တော့်သိပ်မသိတော့ဘူးလေ"

"ကျွန်မသိတာကတော့ မလေးခင်မကို အစ်ကို့အဖေက လက်ဝတ်လက်စား အပြည့်အစုံနဲ့ ငွေဘယ်၍ဘယ်မျှတင်တောင်းမယ်ဆိုတာနဲ့ ဒေါ်ကြီးဒေါ်ကြီးမိက အစ်ကို့အမေကို အတော်သဘောကျနေပြီ"

"ဖြစ်ချင်တော့ မလေးခင်မနဲ့ ကိုအောင်ချင်းတို့တစ်နေရာရာ ထွက်ပြေးဖို့ စီစဉ်ပြီးတာမှ ဒေါ်ကြီးမိကြီးက လေဖြတ်သွားတော့တယ် .. သူတို့မှာလည်း တကယ်တော့ အမေနဲ့သမီးနှစ်ယောက်တည်းရှိတာလေ .. ထမင်းဆိုင်ကိုတောင် ဒေါ်ကြီးကိုပြုစုနေရတာနဲ့ ပိတ်ပစ်လိုက်ရတယ် .. ဒါပေမယ့် မလေးခင်မက သစ္စာရှိတယ် .. ကိုအောင်ချင်းနဲ့လက်ထပ်ပြီး ကြုံသမျှ အခက်အခဲတွေကို ရင်ဆိုင်မယ်ဆိုတဲ့စိတ်ရှိတယ် .. အချစ်ရေးမှာ မိန်းမသားဟာ ယောက်ျားတွေထက် သစ္စာရှိတယ်ဆိုတာ ယုံမှားစရာမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နော် .. အစ်ကို"

"အဲဒီအချက်သေချာ၊ မသေချာကို ကျွန်တော်သိဖို့အခွင့်အရေးမရခဲ့ပါဘူး မြရိပ်ရယ်"

ကျွန်တော်က မြူကိုမြင်ယောင်ရင်း ပြောလိုက်မိသည်။

"မကြာခင်တော့ အစ်ကို အဲဒီအခွင့်အရေးရမှာပါ"

သူမ ဘာအဓိပ္ပာယ်နဲ့ ပြောမှန်းကျွန်တော်မသိပါ။ ကျွန်တော်သိတာကတော့ ကျွန်တော်ကြုံရတဲ့မိန်းမတွေက ခပ်ဆန်းဆန်းဆိုတာရယ်များပါပဲ။ ဥပမာ မေမေနဲ့မြူ ပြီးတော့ သူမတို့ပါပဲ။ ပြီးကာမှ မြရိပ်က ပြောလက်စစကားကို ဆက်ပါသည်။ ဒေါ်ကြီးဒေါ်ကြီမိက လေဖြတ်ပြီးကာမှ စကားသိပ်မပြောနိုင်တော့။ သူ့ဆန္ဒက သူ့သမီးကို ဦးမြတ်အောင်နဲ့ယူပြီး ချမ်းချမ်းသာသာ ဖြစ်စေချင်သည်။ ဆင်းရဲသော အောင်ချင်းထံတွင် မပြီတွယ်စေချင်။ အောင်ချင်းသည် သူ့ကိုကြည့်သော အဘွားကြီး၏ တောင်းပန်းတိုးလျှိုးဟန် ပါသော အကြည့်များက သူ့ရင်ကို ထိမိုက်စေ၏။ အောင်ချင်း ကိုယ်တိုင်လည်း တွေးမိသည်။

"မလေး .. ကျွန်တော်နဲ့နေရင် ရိုးရိုးခွင်ကိုင်ပြီး သားစိမ်းတွေ ရှာလည် ရောင်းရတဲ့ မုဆိုးမယားပဲဖြစ်လိမ့်မယ် .. ကျွန်တော် မလေးကိုမယူချင် တော့ဘူး"

"အောင်ချင်း"

ခင်မနွယ်ရဲ့ခေါ်သံကြောင့် သူမ၏ဒေါသအတိုင်းတာ ဘယ်အထိ ရောက်နေပြီဆိုတာ အောင်ချင်းသိပေမယ့် သူကခပ်ပြုံးပြုံးပဲပြောသည်။



"ဟုတ်တယ် .. ကျွန်တော် မလေးကိုမယူနိုင်ဘူး"

ပြုံးနေပေမယ့် အောင်ချင်းရင်ထဲ ငိုနေမှန်းခင်မနွယ်သိသည်။ ပြီးတော့ သူမသိသေးတာက ထမင်းဆိုင်ဖိတ်လိုက်ရပြီးကတည်းက နေ့စဉ်သုံးငွေက စုဆောင်းထားတာတွေထဲက မြီးမြဲချေတာသုံးသွားနိုင်ပေမယ့် အမေ့ဆေးကု စရိတ်က တစ်နေ့တစ်နေ့ ဝင်ငွေမရှိကာမှ ပိုရှုံသိသာလှသည်။

"ဒါပေမယ့် အောင်ချင်း ငါ .. သူ့ကိုမချစ်ဘူး"

"နောက်ဆုံးတော့ ကျားကွက်ကစားသလိုပါပဲ .. ရှေ့စား .. ရှေ့စားဆိုပြီး ထိုးကျွေးရတော့မှာပါပဲ"

လေဖြတ်နေတဲ့ ဒေါ်ကြီမိကြီးက ကြိုးစားပြီး သူ့သမီးကိုပြောတဲ့ စကားကတော့ အချစ်ဆိုတာ သင်ယူလို့ရပါတယ်အေတဲ့လေ။ လူတစ်ဦး တစ်ယောက်ချင်းအတွက် အချစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းက မတူညီကြပါ။ ဒေါ်ကြီမိက အချစ်ဆိုတာ သင်ယူလို့ရသတဲ့။ မေမေကတော့ အချစ်ဆိုသည် သိမ်းပိုက်ခြင်းများမည်လေမလား။ ကိုအောင်ချင်းက အချစ်ဆိုတာ အနစ်နာခံ ခြင်းဟု နားလည်ချိန်မှာ ခင်မနွယ်က အချစ်ဆိုတာ စွန့်လွှတ်ခြင်းပါတဲ့။

မေမေကတော့ ပြောဖူးသည်။ အချစ်ဆိုတာ ညာတာပါတဲ့။ အလကားအရာ ဟူ၏။ ကျွန်တော်၏မြူကရော အချစ်ကိုဘယ်လိုဖွင့်ဆိုမှာလဲ။

"အစ်ကိုကရော ... အချစ်ဆိုတာ ဘာလဲဟင်"

"အချစ်ဆိုတာ ကိုယ်လိုက်မမှီတဲ့အရာပါ မြရိပ်ရယ်"

အဲဒီအချစ်ဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကြီးက ချစ်သူနဲ့အချစ်ခံရသူတို့၏ ကိုယ်ခံအားပေါ်မှာပဲ အဓိပ္ပာယ်သက်ရောက်တည်မှီပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါစို့လေ .. အဲဒါနဲ့ပဲ ဦးမြတ်အောင်နဲ့ မမလေးတို့ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့တယ်။ မင်္ဂလာဆောင်ပြီး ဘယ်လောက်ကြာလို့လဲ။ ဦးမြတ်အောင်တောင် ဆေးမကုပေးလိုက်ရဘူး။ ဒေါ်ကြီးမကြီးဆုံးသွားတယ် အခါ ...."

ကိုအောင်ချင်းကို အများကထင်ကြတယ်။ ဒီအရပ်က နာကျင်စွာနဲ့ ထွက်သွား ခဲ့လိမ့်မယ်လို့။ ဒါပေမယ့် အများထင်သလို သူကမပြုမူပါဘူး။ မလေးခင်မနွယ်တို့ လက်ထပ်တဲ့နေ့မှာတောင် ရွာကကာလသားတွေနဲ့ ရယ်ရယ် မောမောသောက်ကြ စားကြသေးတယ်။

အဲဒီနေ့ညနေမှာ ကံ့ကော်ယန်းကြိုက်တဲ့မလေးအတွက် သူပျိုးထားတဲ့ ကံ့ကော်ပင်တွေကို မလေးခင်မ နေတော့မယ့် ဦးမြတ်အောင်တို့ခြံပိုင်းထဲမှာ မှတ်မှတ်ရရအဖြစ် စိုက်ပျိုးပေးခဲ့တာလဲ .. သူပါပဲ။

သူတို့နှစ်ဦးအကြောင်း အများတကာရဲ့ပြောသံစကားတွေကို ဦးလေးမြတ် လည်း ကြားမိတာပဲ။ ဒါပေမယ့် လက်ထပ်ပြီးလည်း သူ့အိမ်ကိုဝင်ထွက်ပြီး သူ့မိသားစုအရေးကို ကူညီဖြည့်ဆည်းပေးနေတဲ့ အောင်ချင်းဆိုတဲ့လူငယ်ဟာ သူထင်သလိုမဟုတ်ပါဘူး။

သူ့မိန်းမခင်မနွယ်ကို ခင်တွယ်ရုံမက သူ့ကိုလည်းဆရာတစ်ဦးလို ကိုးနွံတဲ့လူပဲဆိုတာ ယုံမှားစရာမရှိလို့ သူကိုယ်တိုင်လည်း အောင်ချင်းကို ယုံကြည်ခင်မင်သွားမိတယ်။ ညနေဆိုရင်တော့ သူက အရက်အနည်းငယ်းပါး သောက်တတ်တယ်နော်"



သူမက ဖေဖေ့ကို ကျွန်တော့်ထက်ပဲ ပိုရင်းနှီးနေတော့သလိုပြောတော့ ကျွန်တော် ပြုံးမိသေးသည်။

"ဟုတ်တယ် .. ဖေဖေကသောက်တယ် .. ပြီးတော့ စကားအများကြီး ပြောတယ် .. အမှားတွေပါတော့ အခြားလူစိတ်ညစ်ရတယ် .. ဒါပေမယ့် အမူး ပြေရင်တော့ ပြဿနာရှာတဲ့သူက သူမဟုတ်သလို နေတတ်တယ် ကြားဖူးလား"

"ကြားဖူးတယ် .. သူဟာကျွန်မအဖေမဟုတ်ပေမယ့် မလေးခင်မနဲ့ ပတ်သက်လာတော့ ကျွန်မလည်း ခံရတော့တာပေါ့လေ"

တစ်ရံတစ်လေ ညနေတွေမှာတော့ ဦးမြတ်အောင်ဟာ အောင်ချင်းနဲ့ နှစ်ယောက် တည်းဝိုင်းဖွဲ့တတ်ကြသည်။ ထိုအခါများတွင်တော့ အောင်ချင်းက ဝက်တစ်ကောင်ကို မည်ကဲ့သို့ ညင်ညင်သာသာသတ်ရပုံကို ဝိဝိရိရိအသေးစိတ် ပြောပြတတ်၏။

ပြီးတော့ အမဲလိုက်ပုံအကြောင်း၊ အမဲကောင်ကို အုပ်စုဖွဲ့လိုက်ပုံ၊ တစ်ဦးတည်း လိုက်ပုံ၊ တောခြောက်တတ်ပုံနှင့် အမဲကောင်တွေရဲ့ ပရိယာယ် တွေကို ပြောပြတဲ့အခါ ဦးမြတ်အောင်က သဘောကျစွာ နားထောင်နေတတ် ပေမယ့် ခင်မနွယ်က သူတို့နဲ့မလှမ်းမကမ်းက စက်နဲ့ပေါ်မှာ တကျောက်ကျောက် နဲ့ အလုပ်ရှုပ်နေတတ်တယ်။

တစ်နေ့ မလေးခင်မအတွက် မှန်တင်ခုံအသစ်ထပ်လုပ်ပေးဖို့ ဦးမြတ်အောင် က စိတ်ကူးမိသည်။ ထိုစိတ်ကူးက အောင်ချင်းမှာ အစကတည်းက ရှိပြီးသားစိတ်ကူး ဖြစ်ပေမယ့် သူ့မှာကလုပ်ပေးဖို့ အခွင့်သာသူမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း ဦးမြတ်အောင်၏ စိတ်ကူးကိုပဲ အောင်ချင်းကကျေနပ်စွာ အကောင်အထည်ဖော်ပေးရသည်ပေါ့။ ဦးမြတ်အောင်ရော၊ အောင်ချင်းတပါ နှစ်ဦးသားသူတို့မြတ်နိုးသော မိန်းမတစ်ဦးအတွက် မှန်တင်ခုံကို အသေအချာ အကျအန စေ့စေ့ကိုက်ပြုလုပ်နေခဲ့မှာပဲ ...

"ခင်မရေ"

"ရှင် .. ကိုမြတ်"

"ကိုယ်လက်မအားလို့ ကိုယ့်ကိုကွမ်းအစ်ထဲက ကွမ်းတစ်ယာလောက် ယာပေးစမ်းပါကွယ် .. ထုံးလေးလေးထည့်"

ထိုစကားကြောင့် အလုပ်ကုန်းလုပ်နေသော အောင်ချင်းမှာ ကျောမတ်သွားမိ၏။ ပြီးတော့ ခင်မနွယ်ကို မသိမသာနှင့် လှည့်ကြည့်မိသည်။ သူ့ကို မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်နေတဲ့ ခင်မနွယ်ကိုမြင်မှ သူသည်ခေါင်းကို ပြန်ငုံ့ကာ လုပ်လက်စအလုပ်ကို ဆက်လုပ်မိရသည်။

အောင်ချင်းရင်ထဲ နာကျင်နေသည်။ ဘယ်ဘဝက ကုသိုလ်ကြောင့် ရလို့ နှစ်ဦးစလုံး အနေခက်ရသောဘဝက သူမစွာနိုင်ရတာလဲဆိုတာ သူ့ကိုယ် သူလည်း အပြစ်မြင်နေမိ၏။

"ဟော .. ခင်မ"

"ရှင်"

"ကွမ်းယာ .. ဆိုကွာ"

"ဟုတ်ကဲ့"



ခင်မက တိုးတိတ်စွာပြောရင်း ခပ်ရွံ့ရွံ့နှင့် အောင်ချင်းဘေးမှ ကွမ်းအစ်ထဲက ကွမ်းကို ခပ်ကျုံ့ကျုံ့လေးထိုင်ကာ ယာနေသောခင်မကို မျက်လုံးထောင့်စွန်းမှ အောင်ချင်းတွေ့နေရ၏။ ကွမ်းယာနေရင်းမှ မလေးခင်မ၏ သွယ်စင်းနေသော လက်ကောက်ဝတ်နှစ်ဘက်စလုံးမှာ ပြည့်နေသော ရွှေလက်ကောက်များမှ တချွင်ချွင် မြည်နေသောအသံများက သာယာမှုရှိလှ၏။

"ယာပါစေ .. ငါနဲ့နေရင် မလေးဒီလိုဘယ်နေရပါ့မလဲ ဒီလက်လေး တွေဟာ သားငါးသွေးတွေ ပေကျံနေပြီး .. သွေးညှိနံ့တွေ နံနေမှာ"

အောင်ချင်း ထိုသို့တွေးတွေး တွေးပြီး အလုပ်ထဲသို့သာ အာရုံထည့်လိုက်လေ တော့၏။ ခင်မက အောင်ချင်းဘေးတွင် ကွမ်းယာအပြီး ဖင့်လေးစွာထလိုက်ပြီး

"ရော .. ကိုမြတ် ..ဒီမှာ"

"ကိုယ့်လက်မအားလို့ .. ပါးစပ်ထဲသာ ထည့်လိုက်ပါကွာ"

ထိုစကားကြောင့် အောင်ချင်းရင်ထဲနင့်ခနဲ ခံစားလိုက်ရသည်။ တစ်ခါ တလေတော့ မလေးကို သူပြောဖူးသည်။ သူကလွဲရင် ဘယ်သူ့ကိုမှ စွဲမတွေးဘို့ တောင်းဆိုဖူးတာ အမှတ်ရသည်။ မလေးလည်း အမှတ်ရနေရှာမှာပဲဟု သူတွေးမိ၏။

အောင်ချင်း အလုပ်ထဲမှာ စိတ်မပါတော့ .. သူဒီနေရာက အဝေးဆုံးကို ထွက်သွားချင်ပြီ။

"အော် .. ဒီမိန်းမ ကြာလိုက်တာ"

ခင်မနွယ်တွေဝေနေစဉ် ဦးမြတ်အောင်က စိတ်မရှည်ဟန်ဖြင့် "ဘာလုပ် နေပါလိမ့်" ဟူသောအတွေးဖြင့် ခင်မနွယ်ကိုမော့ကြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့် ပါးစပ်ထဲကို ထည့်ပေးလို့မရဘူး ကိုမြတ်ရဲ့ .. ခင်မငါးပိအိုး နှိုက်လာတာရှင့်"

"ခင်မလက်က ငပိစော်တွေ နံနေတယ်"

"နံနံကွာ"

"ကဲ ... ပေးအစ်မ .. ကျွန်တော့်ကိုပေး"

အောင်ချင်းက ယာပြီးသားကွမ်းယာကို လှမ်းယူပြီး ဦးမြတ်အောင်ပါးစပ်ထဲ သူကတဆင့် ထည့်ပေးလိုက်ခြင်းဖြင့် အခြေအနေကို ထိန်းလိုက်၏။

ခင်မနွယ်က ဝမ်းနည်းကြေကွဲစွာ သူမအဖြစ်ကိုတွေးရင်း သူတို့အနားမှ ထွက်လာခဲ့၏။ သူမသည် နောက်ဖေးရေစင်နားတွင် စိတ်မကောင်းစွာ မျက်ရည် ရစ်ဝဲနေမိသည်။ ခဏကြာတော့ သူမအနားသို့ အောင်ချင်းရောက်လာ၏။ သူမအိမ်ထောင်ကျပြီးကာမှ ဝေဒနာအသိနှင့် နှစ်ဦးချင်းဆုံမိတာ ဒီတစ်ခါသာ ရှိမှုးခဲ့၏။

"မောင်လေးရယ် .. ငါ .. သူ့ကို"

"အိုဗျာ .. မလေးရယ် .. ကျွန်တော်နားလည်ပါတယ် .. ကျေးပါ နောက် ဒါမျိုးမဖြစ်စေပါနဲ့ဗျာ .. စေတနာထည့်ပြီးကျွေးပါ .. သူဟာ ကျွန်တော်တို့ရဲ့ကျေးဇူးရှင်ပါ"

"ဟင့်အင်း .. ဟင့် .. ဟင့်"

မလေး အောင်ချင်းရဲ့သဘောထားကြီးမှုအတွက် စိတ်မကောင်းစွာ မျက်ရည် ကျရ၏။

"မငိုနဲ့ .. သွားတော့ .. သွားတော့နော် အစ်မ .. အိမ်ရှင်မပီပီ အိန္ဒြေရရနေပါ အစ်မရယ်"



အောင်ချင်းပြောပြီး ဘေးပေါက်မှ ခြံထဲဆင်းသွားခဲ့သည်။ ထိုနေ့ ကတည်းက ထွက်သွားခဲ့ရာ အောင်ချင်း ခင်မနွယ်တို့အိမ်သို့ မရောက်ဖြစ်ခဲ့ ပြန်တော့။

❋ ❋ ❋ ❋

မိုးနေ့တစ်နေ့၏ ညနေစောင်းတစ်ခုတွင် ချမ်းစိမ့်စိမ့်ရှိသည်မို့ သစ်ဝိုင်းထဲ တွင် သူတို့အုပ်စုဝိုင်းဖွဲ့၍ စားသောက်နေစဉ် သစ်ကုန်သည်ဦးမြတ်အောင် နှင့်အဖွဲ့ ရောက်လာခဲ့၏။ သစ်လုပ်သားများကလည်း ရောက်လာသော ဆရာသမားများကို ကောင်းနိုးရာရာတို့ဖြင့် ဧည့်ခံပြုစုကြ၏။

"အောင်ချင်းပါလား .. မင်းလည်း အိမ်မရောက်တာ ကြာပေါ့ကွာ"

"ဟုတ်တယ်ဆရာ .. ဝိုင်းထဲမှာ အလုပ်နည်းနည်းများနေတာနဲ့ မရောက် ဖြစ်တာပါ .. ကျွန်တော်လာခဲ့ပါ့မယ်"

"အေးကွာ .. အတော်ပဲ .. မင်းနဲ့တွေ့တာ မင်းအစ်မကို ပြောလိုက် စမ်းကွာ ငါ .. ဒီညပြန်ဖြစ်ချင်မှပြန်ဖြစ်မယ်လို့ သစ်ဝိုင်းကားနဲ့ ရန်ကုန်လိုက် သွားဖြစ်ရင် ပြန်ဖြစ်မယ်မဟုတ်ဘူး"

ဦးမြတ်အောင်က စိတ်သွားတိုင်းကိုယ်ပါသူအဖြစ် အောင်ချင်းသိသည်။ ဘာဘာ ညာညာပြင်ဆင်ထားခြင်းမရှိဘဲလည်း ဟိုဟိုဒီဒီရောက်ရှိတတ်သူ

"ဟုတ်ကဲ့ .. ကျွန်တော်သွားပြောပေးပါ့မယ်ဆရာ .. ဘာပစ္စည်းတွေပို့ သေးလဲ ကျွန်တော်လာပို့ပေးမယ်"

"မလိုပါဘူး ... ပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ချင်း မြို့ရွာဘက်က ခင်မနွယ်တို့ခြံထဲသို့ ရိုဝေဝေနှင့် ရောက်လာခဲ့ပြန်သည်။ သံဆူးခြံစည်းရိုးတံခါးကို တွန်းဖွင့်ဝင်လာကတည်းက မြို့ငယ်လေးရဲ့ ထုံးစံ အတိုင်း လျှပ်စစ်မီးတို့ ပြတ်တောက်နေသည်ကို သတိထားမိ၏။

သူအိမ်တံခါးကို ခေါက်လိုက်တော့ "လာပြီ .. လာပြီ" ဆိုသော စကားသံနှင့်အတူ ခင်မနွယ်က တံခါးဖွင့်ပေး၏။ တံခါးဖွင့်ပြီး ဓာတ်မီး ထိုးကြည့်မိသော် ဦးမြတ်အောင်မဟုတ်ဘဲ အောင်ချင်းဖြစ်နေတာကြောင့် ခင်မနွယ်နားမလည်နိုင် အောင်ဖြစ်သွားရသည်။

"မောင်လေးပါလား .. ဘယ်လိုဖြစ်လို့ ကိုမြတ်အောင်မဟုတ်ဘဲ မင်းဖြစ်နေရတာလဲ .. မင်းတို့ဆရာရော"

"သူ ဒီညပြန်လာချင်မှပြန်လာဖြစ်မယ်တဲ့ .. သစ်ပိုင်းကားနဲ့ ရန်ကုန်တက် ဖြစ်ရင်တော့ သေချာတယ် ပြန်မလာဘူးတဲ့" ပြောနိုင်းလိုက်လို့

"အော် .. ဒီလူကလည်း .. အင်းလေ သူမိသားစုဆီသွားမှာပေါ့ ဒါဆိုလည်း ပြီးတာပဲလေ"

ခင်မနွယ်က တွေးဆယာန်ဖြင့် ပြော၏။

"ဘညှိုတို့ ဒေါ်ကြီးအေးတို့ရော"

"အိပ်ပြီပေါ့ .. မလေးသာ သူ့ကိုတံခါးဖွင့်ပေးဖို့ စောင့်နေတာ"

"အိပ်လေ .. အစ်မ သွားအိပ်တော့ .. နေပါဦး"

သူမကိုသာ သွားအိပ်တော့ဟု ပြောမိသော်လည်း သူ့စိတ်က ဝေဝေဝါ ဖြစ်နေသည်။ မမလေးကို သူစိတ်မချ။ သူဘယ်လိုစီစဉ်ပေးရင် ကောင်းမလဲဟု ယောင်ဝါးဝါးစဉ်းစားနေမိ၏။



"အစ်မ .. ကျွန်တော်ထင်းရုံထဲမှာ ဒီညအိပ်မယ်"

"သဘောလေ"

ထိုသို့ပြောပြီး သူထင်းရုံဘက်သို့ ထွက်လာခဲ့၏။ မိုးက နိုဖတ်ဖတ်၊ လေကအေးစိမ့်စိမ့်နှင့် ထင်းရုံကမလှမ်းမြို့ငယ်မယ် တောထဲက သစ်ပိုင်းတွေ၊ သစ်စခန်းတွေမှာ အိပ်ရတာထက်တော့ အများကြီးပိုအဆင်ပြေပါသည်။

ထင်းပုံပေါ်က ခုပ်ထားသော ဂရောင်းရှစ်ကို ဆွဲချလိုက်ပြီး မြေပြင်ပေါ် သူခြင်းနေစဉ်မှာပင် ခင်မနွယ်က မိုးကာအင်္ကျီပွပွကြီးဝတ်ကာ မီးရောင် တစ်လက်လက်ထိုးရင်း ခေါင်းအုံး၊ စောင်၊ ခြင်ထောင်တို့ကိုပိုက်ရင်း ရောက် လာ၏။

"ရော .. မောင်လေး .. လေတွေဒီလောက်တိုက်တာ .. မင်းဘာမှမပါဘဲ ဘယ်ဖြစ်ပါ့မလဲ"

မလေး၏ ညင်သာသောအသံကိုကြားတော့ ယစ်မူးသောက်စားစိတ်နှင့်အတူ ဟိုစဉ်ကာဘဂတွေကို ပြန်ပြောင်းသတိရအောက်မေ့မိစေသည်။ မီးရောင်ပါးပါးက မလေးမျက်နှာထက်ဆီမှ သူ့အပေါ်သက်ရောက်နေသော ဂရုဏာမျက်ဝန်းကို သူတွေ့နေရ၏။ သူ မလေးခင်မနွယ်ကို မတ်တပ်ရပ်ကာ ဝင်းမိန်းမိန်း စူးစိုက် ကြည့်လိုက်၏။ သူ .. ဘာပြောရမလဲ .. ဒီအချိန်မှာ ခင်ဗျားဒီလိုစကားတွေ လာပြောမနေပါနဲ့ဗျာလို့ပဲ ပြောလိုက်ရမှာလား .. သူ့စိတ်တွင်း၌ မုန်တိုင်းထန် နေကြောင်း သူမသိအောင် ဘယ်လိုပြောရမလဲ .. အောင်ချင်းမသိပါ။

"ရော .. ယူလေ .. မောင် .. ငါမှာခိုကုန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခင်မလက်ထဲက ပန်းစည်းတွေကို တစ်စုံတစ်ခုမှမယူ။ ခင်မ ကိုယ်ခန္ဓာလေးကိုသာ သူ့ရင်ထဲထွေးပွေ့လိုက်မိ၏။ သူ၏ကြမ်းတမ်းသော မုန်တိုင်းကြောင့် ခင်မလက်ထဲမှပန်းစည်းအချို့နှင့် တက်မီးလေးပါ အောက်သို့ လွတ်ကျသွားတော့၏။ ထို့ကြောင့် မလေး၏တောင်းပန်တိုးလျှိုးဟန်ရှိသော မျက်ဝန်းများကိုလည်း သူမတွေ့ရတော့။ ထိုညဦး၌ သူ့စိတ်အစဉ်သည် မုန်တိုင်း တစ်ခုအသွင် ကြမ်းတမ်းစွာထင်းရုံလေးအတွင်း တိုက်ခတ်သွား၏။

အမှန်အမှားကို တိကျဝေခွဲစွာ သတိရသောအချိန် ချစ်သောမလေးထ သူ့ခြေရင်းမှာ ခပ်နိမ့်နိမ့်ထင်းတုံးတစ်တုံးပေါ်တွင်ထိုင်ရင်း သူ့ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေ၏။ သူ့အား ရွံရှာစွာကြည့်နေသောမလေး၏အကြည့်များထ သူ့အာရုံတွင်နေ့ပေါင်းအတော်ကြာသည်အထိ လတ်လတ်ဆတ်ဆတ်ပင်ရှိနေ၏

ထင်းရုံထဲက နီကျင်ကျင်လျှပ်စစ်မီးလုံးကလေးကလည်း ဘယ်အချိ ကတည်းက လင်းနေခဲ့သည်လည်း သူမသိခဲ့။

"မင်းဟာခွေးပဲ .. မဟုတ်ဘူး .. ခွေးထက်တောင်အဆင့်နိမ့်သေးတယ် ရိုးသားမှုဆိုတာ မင်းတစ်ကိုယ်လုံးမှာ နမ်းတစေ့စာတောင် မတွေ့ရဘူး"

သူ .. မမရဲ့ဒူးနှစ်ဖက်ပေါ် မျက်နှာမှောက်ချလိုက်သည်။ မမ သူ့ဆံပင်တွေ ကို ဆွဲလှန်းရင်း တွန်းပစ်သည်။ သူကရိုဝေစွာ မမလက် လှမ်းကိုင်လိုက်သည်။ မမက အကိုင်မခံ။ သူမလက်ကို အရှိန်ယူ အားကုန်လွှဲမြှောက်လိုက်၏။ သူ ခေါင်းမော့ပေးလိုက်၏။

သို့သော် ဘာကြောင့်မှန်းမသိ။ မလေးက သူ့အားပါးမရိုက်ခဲ့ပါ။ မလေး မြှောက်ထားသောလက်က အောက်ဘက်သို့အလိုလိုလျော့ကျသွား၏။ သူမ



အောင်ချင်းကို ပါးမရိုက်သော်လည်း ပါးရိုက်တာထက်ပိုပြီး နာကျင်စေသော စကားကိုတော့ ဆိုပါသည်။

"အောင်ချင်း .. ငါမင်းကို ပါးမရိုက်တော့ဘူး .. ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ခွေးတစ်ကောင်ထက်တောင် ပိုပြီးအောက်တန်းကျလို့ပဲ .. ငါဟာ ဘယ်တုန်း ကမှ ခွေးတွေကို ပါးမရိုက်ခဲ့ဘူး"

အောင်ချင်းခေါင်းကိုမော့ကာ တဟားဟားနဲ့သာ ရယ်မောနေမိ၏။ အချိန်မှာ ရယ်မောပစ်လိုက်တာသာ အကောင်းဆုံးမဟုတ်လား။

❋ ❋ ❋ ❋

ကြည့်စမ်း .. မေမေ့နောက်ကွယ်မှာ အဖြစ်အပျက်က အတော်ပဲ ကြေကွဲ ယ်ရာ အကျည်းတန်လှပါလား။ ဒီဖြစ်ရပ်အကြောင်းတရားကို မေမေသိလေ လား။ မသိလေသလား .. ကျွန်တော်မခွဲခြားတတ်။

အဖြစ်အပျက်များဟာ တကယ်တမ်းကျွန်တော်ကြားလိုက်ချိန်မှာ ဘာမှ ငြိမ်းစိတ်ဖြာမမြင်တတ်အောင်ပင် အဖက်ဖက်က သေရှာတိကျစွာ ဆုံးသတ်သွားတတ်၏။

သူမက သူ့အစ်ကို ကိုအောင်ချင်းနှင့် ကျွန်တော့်မိထွေးဒေါ်ခင်မနွယ်တို့ရဲ့ မြှုနေသောတိမ်စကလေးများကို တစ်စဆီဆွဲထုတ်ရင်း ကျွန်တော့်ကိုလည်း ည့်ဘဲ တိုးညင်းသဲကွဲစွာ ပြောပြနေသည်။ ကျွန်တော်လည်း သူမ၏ ဝင်စားဖွယ် အပြောကြောင့်လား။ သူမပြောသည့် အဖြစ်အပျက်ကြောင့် လားတော့မသိ။ ကျွန်တော့်အာခေါင်များခြောက်သွေ့လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက တောင်းလေးတစ်ပွင့်ကို လှမ်းဆုပ်ယူလိုက်ရင်း အသာနမ်းရှိုက်ကာ လက်နှင့်တောက်ထုတ်လိုက်ရင်း ဆက်ပြောပါသည်။

နောက်ရက်များမှာတော့ အရာရာဟာ ပုံမှန်အတိုင်း ပြန်လည်စီးမျော စီးဆင်းသွားသည်သာပဲ။ ဒီတစ်ခါတော့ အောင်ချင်းဘယ်မှမသွားတော့ ခင်မနွယ်တို့အိမ် မှာပဲနေရင်း ဦးမြတ်အောင်ရဲ့ သစ်လုပ်ငန်းများကို ဝိုင်းဝိုင်း လုပ်ကိုင်ပေးရင်း အေးဆေးစွာနေလာခဲ့၏။

ပြောင်းလဲတာဆိုလို့ ခင်မနွယ်သာဖြစ်သည်။ သူတို့အိမ်ထောင်သက်အတွင်း ပထမဦးဆုံးသောကိုယ်ဝန်ကို စတင်ရရှိခဲ့၏။ ဗိုက်ကလေးစူပုံပုံနဲ့ အကျီပွပွလေး နဲ့ ကာကွယ်တတ်တဲ့ ခင်မရဲ့ရှက်ရွံ့ဟန်မျက်နှာလေး အောင်ချင်းမြင်နေရသည်။ မည်သို့ပင်ဖြစ်စေ အောင်ချင်းမှားလည်ပါသည်

"မလေး .. ကျွန်တော်ကစာတော့သိပ်မတတ်ပါဘူး .. ဒါပေမဲ့ ကျွန်တော် သိပါတယ် .. အချစ်ဆိုတာ အမျိုးမျိုးပြောင်းလဲတတ်တာ ဟုတ်လား .. ကျွန်တော် ကျေနပ်ပါတယ် .. အသက်ရှုနေလို့သာ အသက်ရှင်နေသော ကျွန်တော့်ဘဝ ရှင်သန်မှုဟာ မလေးအတွက် အရာရာနေသားကျ ဆိုရင်တော့ ကျွန်တော်မလေးကို စိတ်ချပြီဗျ မလေးရယ်"

မြရိပ်လည်း ထမင်းဆိုင်ဖြုတ်လိုက်ကတည်းက ဈေးထွက်နေရာမှ မရေ မမလေး ကျန်းမာရေးအတွက် အနားမှာအဖော်လာနေပေး၏။

ဒေါ်ကြီးအေးတို့လည်းရှိနေသဖြင့် အိမ်မှာက ပင်ပင်ပန်းပန်းဘာမှ လုပ်စရာမရှိပါ။ ဖုန်ထူသောမြို့ဖြစ်သည့်အားလျော်စွာ ကြက်မွေးတံမြက်စည်း ဖုန်လှဲခြင်း၊ လိုက်ကာအသစ်များတပ်ဆင်လဲလှယ်ခြင်း၊ အဝတ်အ မီးပူတိုက်ခြင်းများကူညီ လုပ်ပေးရသည်သာ ..



ဦးမြတ်အောင်သည် ထိုရက်ပိုင်းအတွင်း ညပိုင်းတွင်သာမက နေ့ပိုင်းတွင်ပါ အရက်ကို ပိုသောက်လာ၏။ မနက်မိုးလင်းလျှင် အရက်ရှိန်ကြောင့် သူ့မျက်လုံး များမှာ အမြဲပင်နီရဲနေတတ်၏။ သူသည် ခင်မနွယ်ဖျော်ပေးသော နို့မပါသည့် နက်စ်ကော်ဖီကြမ်းကို ကြက်ဥတစ်လုံးထည့်ကာ မနက်တိုင်းသောက်တတ်၏။

မနက်ခုနစ်နာရီခန့်တွင် ခြံကြီးဆီသို့ အောင်ချင်းရောက်လာပြီး ဦးမြတ်အောင်နှင့် အလုပ်ကိစ္စများအတွက် စီစဉ်ညွှန်ကြားချက်ကို နားထောင်ပြီး လက်ဖက်ရည်ကြမ်းသောက်ပြီးကာ ပြီးကာမှ သစ်ဝိုင်းထဲသွားလေ့ရှိ၏။

ထိုနေ့က ရောက်မလာသေးသော ကိုအောင်ချင်းအတွက် မလေးခင်မက သူကြိုက်တတ်သောပဲပြုတ်ကိုဆီဆမ်းရင်း

"ဒီနေ့ပဲပြုတ်က နည်းနည်းမာတယ် .. မြရိပ်ရေ ..သိလား"

ဒီစကားကို ကြားရင်ပဲ ဦးမြတ်အောင်က ဒေါသထွက်စွာဖြင့်

"ခင်မရဲ့နားကို တခြားမိန်းမ့အတွက် မြက်တွေကို သကြားရည်ဆမ်းပေးစရာ မလိုပါဘူး"

"အိုရှင် .. ကိုမြတ် .. ရှင်ဘယ်လိုပြောလိုက်တာလဲ"

"ကိုယ်ကြည့်နေတာ ကြာပြီ .. မင်းဟာလေ .. ကိုယ့်ထက်ပဲ သူ့အပေါ် စေတနာပိုလွန်းတယ်"

ခင်မနွယ် ဦးမြတ်အောင်အား ဒေါသဖြစ်စွာ နာကျည်းစွာတည့်တည့်ရင်ဆိုင် လိုက်ရင်း

"ကိုမြတ်အောင် .. ဒါဟာ ဘာများထူးဆန်းလို့လဲ .. သူက ရှင့်ထက် စာရင် ကျွန်မဘဝထဲမှာ ရှိနေတဲ့ဟာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ .. တောက်"

"ဟင်း"

ဦးမြတ်အောင်က ဒေါသဖြစ်စွာ လက်ဖက်ရည်စားပွဲကို တွန်းပစ်လိုက်သဖြင့် ဟင်းဟင်းဒိုင်းဒိုင်းများဖြစ်ကုန်ကြ၏။ ထိုမျှမကပဲ ဦးမြတ်အောင်က ကြောင်အိမ်လေးပေါ်မှ ပစ္စည်းများအား တစ်ခုပြီးတစ်ခု ကောက်ယူပေါက်ခွဲပစ်ရာမှ ဖန်ကွဲစတစ်ခုက လွင့်ပျံစင်ထွက်ကာ မြရိပ်ပါးပြင်ကို ဖြတ်သွား၏။ စပ်ခနဲဖြစ်သွားသောခံစားမှု အသိကြောင့် လက်နှင့်ဖိစမ်းကြည့်မိတော့ သွေးတွေမ်းကျစီးဆင်းလာကြောင်း သိလိုက်ရသည်။

ဒေါ်အေးက ရောက်လာပြီး

"လာ .. လာ ကလေးမ .. ဒေါ်ကြီးအေး ဆေးထည့်ပေးမယ်"

"နေပါစေ .. ဒေါ်ကြီးအေး .. မမလေးကိုပဲ ဂရုစိုက်ပါ .. ပြီးရင် ဟိုဟာ တွေကို သိမ်းပေးပါ .. မြရိပ်အိမ်ဘက် ခဏပြန်ဦးမယ်"

"ဖြစ်ပါ့မလားဟယ် .. သွေးတွေနဲ့"

"ဖြစ်ပါတယ် .. ဒေါ်ကြီးအေးရဲ့ .. ပြီးမှ မြရိပ်ပြန်လာခဲ့မယ်နော်"

မမလေးခင်မ မမြင်ခင်ဘဲ မြရိပ်ခပ်သွက်သွက်ထွက်လာခဲ့၏။ ခြံဝင်းဝတွင် ကိုအောင်ချင်းနှင့်ဆုံတော့၏။

"မြရိပ် .. ညီမလေး မျက်နှာကဘာဖြစ်တာလဲ"

"မှန်ကွဲရှလို့ပါ .. ကိုကြီးဟိုကိုသွားမလို့လား"

"အေးလေ"

"မသွားနဲ့ .. ကိုကြီး သူတို့ရန်ဖြစ်နေတယ်"



မြရိပ်က အောင်ချင်းနှင့်ပတ်သက်လို့ဖြစ်ပွားရသော ရန်ပွဲကို အောင်ချင်းအား ရောက်မသွားစေချင်။ တစ်ဖက်က အောင်ချင်းကို မြင်၍ဖြစ်ပေါ်ရမည့် ဒေါသကို မလိုလားသလို သူ့အစ်ကိုကိုလည်း ဦးမြတ်အောင်ပြောသော စကားကြောင့် ဖြစ်လာမည့်ဒေါသကို သူမမလိုလားပါ။ အောင်ချင်းသည် ခင်မနှယ်တို့ အိမ်ကြီးဘက်သို့ တချက်ငေးရင်း သက်ပြင်းရှိုက်ကာ

"အင်း .. ငါ့ညီမလေးလည်း ကိုကြီးရဲ့ကျိန်စာအနှောင်အဖွဲ့ကြောင့် ကျွန်ဝယ်ရာ အဆစ်ပါရပြီ .. လာ မြရိပ် ညီမလေး .. ကိုကိုဆေးထည့်ပေးမယ်"

ကိုကြီးက အိမ်ရှေ့မြောင်းနဘေးမှာ အလေ့ကျပေါက်နေသော ဘီးစပ်ရွက်များကို ခူးပြီး ရေဆေးသန့်စင်ကာ လက်ထဲမှာပဲ ဖိကြိတ်ချေမွပြီး မြရိပ်ပါးက ဒဏ်ရာကို အစိမ်းရောင်အရည်များဖြင့် ဖိဆွတ်ပေး၏။

"စပ်လား .. မြရိပ်"

"စပ်တာပေါ့ .. ကိုကြီးကလဲ"

"အေး .. အဲဒါမှပျောက်မှာ .. နောက်ကျလို့ရှိရင်လေ"

ကိုအောင်ချင်းအသံက တိုးတိတ်စွာ .. ပြီးတော့ ပြတ်တောက်စွာ

"ဘာဖြစ်လဲကိုကြီး"

"ကိုကြီးတို့မောင်နှမ .. တစ်နေရာကိုပြောင်းကြရင်ကောင်းမယ် မြရိပ်"

"ဟင့်အင်း .. ဟင့်အင်း .. မပြောင်းပါဘူး ကိုကြီးရယ် .. မြရိပ် ဒီမှာပဲ ပျော်တယ် .. မြရိပ် မလေးခင်မနဲ့လည်း မခွဲနိုင်ဘူး အဲဒီခြံကြီးကိုလည်း မြရိပ်ရဲ့ ခြံကြီးလို့ပဲ မြရိပ်ထင်မိတယ် .. မပြောင်းချင်ပါဘူး ကိုကြီးရယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



“ခထိတာဝဲ”

ကိုအောင်ချင်းက မြရိပ်သဘောထားကို စိတ်မသက်သာစွာပြုံးရင်း ညည်းတွား၏။

“ညီမလေးအိမ်မှာနေနော် .. ကိုကို ဟိုကိုသွားလိုက်ဦးမယ်”

“ဘာသွားလုပ်မှာလဲလို့ .. ဟိုမှာရန်ဖြစ်နေပါတယ်ဆို”

“ဖြစ်ဖြစ်ကွာ .. ဦးမြတ်အောင်နဲ့အလုပ်ကိစ္စပြောစရာရှိလို့ ကိုကြီးသွားမှ သူတို့ရန်ပွဲပြီးသွားမှာ”

“အင်း .. ဒါလည်းဟုတ်တာပဲ .. သွားလေ .. ဒါမြင့်လဲ”

ကိုအောင်ချင်းက ခင်မနွယ်ကို စိတ်မချစွာဖြင့် အိမ်ကြီးဘက်ဆီသို့ ထွက်သွား ၏။ အင်း .. ဒါနဲ့များ ကိုကြီးတို့မောင်နှမ သူတို့တွေ့ဆေးရာကို ပြောဦးမတဲ့ ဟင်း .. ဟင်း .. မြရိပ် ရယ်တောင်ရယ်ပစ်လိုက်ဦးမယ်။

* * * *

“ဘာလဲ .. ရှင်က တစ်ခုခုဖြစ်ရင် ရန်ကုန်က ရှင့်မိသားစုဆီသွားမယ်ပေါ့ သွားပါ .. သွားပါ”

“တစ်ခုတော့ရှိတယ် .. ဟိုမှာမှ ရှင့်သွေးသားရှိတာမဟုတ်ပါဘူး ကျွန်မ ဝမ်းထဲမှာလည်း ရှင့်သွေးသားရှိနေတာကို သတိထားဦး .. သိလား”

လွယ်အိတ်လွယ်ရင်း လှေကားမှ အောက်ဆင်းဟန်ပြင်နေသော ဦးမြတ်အောင်ကို ခင်မနွယ်သည် နောက်ဘက်ကထုရိုက်ရင်း ရန်တွေ့ပြောဆို



နေ၏။ ဦးမြတ်အောင်က ခင်မနွယ်၏ ထုရိုက်နေသော ရိုက်ချက်များကို ဂရုမစိုက်စွာ။ သူမဘက်ကိုလှည့်လိုက်ရင်း

“ဒီမှာ ခင်မနွယ် .. ကိုယ်တစ်ခု ဝန်ခံပါရစေ .. ကိုယ်နဲ့သားတို့အမေ ကွဲခဲ့ကြရတဲ့အကြောင်းကိုပေါ့”

ခင်မနွယ်သည် ထုရိုက်နေရင်းမှ ရပ်တန့်သွား၏။ သူသည် သူ့ပထမဇနီးနှင့် ပတ်သက်ပြီး ဘာတစ်ခုမှ သူမအား ပြောဖူးခဲ့သည် မကြားခဲ့ဖူးသည်မို့ နည်းနည်းတော့ အံ့ဩသွားမိ၏။ ဒီအချိန်၊ ဒီနေရာဟာ ဒီစကားပြောဖို့ သင့်တော်လို့လား။ သူမ သူ့ယောကျ်ားကိုမြတ်ကိုတော့ စုထိ နားမလည်နိုင်သေးပါ။

“ကိုယ်ဟာ သားကိုရပြီးကတည်းက မိန်းမရဲ့ကျန်းမာရေးအရ ကလေးမယူကြဖို့ ညှိကြဖူးပါတယ် .. ဒါပေမယ့် သမီးမိန်းကလေး မျှော်လင့်နေတဲ့မိန်းမက လက်မခံခဲ့ဘူး ... ဒီလိုနဲ့ သူ့ကျန်းမာရေးကြောင့် ကလေး ကိုယ်ဝန်မအောင်နိုင်ဘဲ မကြာခဏ ပျက်စီးခဲ့ရတယ်”

ကိုမြတ်အောင်ဟာ သူချစ်ခဲ့ဖူးသော ဇနီးဟောင်းအကြောင်းကို ဆွေးမြေ့ အောက်မေ့ဟန်ပြောပြနေလေသည်။

“အသက်အရွယ်ရနိုင်းစပ်လှတာမို့ ကိုယ်တစ်ခုစဉ်းစားမိတယ် စဉ်းစားထား တဲ့အတိုင်းပါပဲ ခင်မင်တဲ့သစ်ပိုင်းက ဆရာဝန်နဲ့ တိုင်ပင်ပြီး ကိုယ်ကိုယ်တိုင်ပဲ သားကြောဖြတ်ခဲ့တယ် ခင်မနွယ်”

“အို .. ကိုမြတ်အောင်”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်စကားမဆုံးသေးပါဘူး ခင်မနွယ် ဒါကိုမကျေနပ်တဲ့သက်ဝေဟာ ကိုယ့်ကိုအမြင်တစ်မျိုးဖြစ်လာတယ် .. ကိုယ်ဟာ သူ့မျက်ကွယ်မှာ မွှေနှပ်ချင်လို့ ဒီလိုပြုလုပ်လာတယ်လို့ သူကထင်နေတယ်"

"ဒီထဲကိုက ကိုယ်တို့အိမ်ထောင်ရေးဟာ အဆင်မချောတော့ပါဘူး"

"တစ်နေ့ မင်းနဲ့ကိုယ့်အကြောင်း မဟုတ်မမှန်တဲ့သတင်းတစ်ခုကို သူဘယ်လို သိကြားမိသွားလဲမသိဘူး .. သူ ကိုယ့်ကိုတော်တော်နာကျည်းဟန်နဲ့ ဆက်ဆံလာ တယ် .. သူ့ကိုမကျေနပ်လို့ ကိုယ်အရက်ပိုသောက်တယ် ကိုယ့်ကိုမကျေနပ်လို့ သူမက ပိုပြီးပျော်ပါးခြင်းကင်းမဲ့လာခဲ့တယ် သူမကို ကြည့်ရတာ .. အဖမ်းရခက်တဲ့ တစ္ဆေကိုတွေ့နေရသလိုပါပဲ .. အေးလေ ဘာထူးလို့လဲ .. ကိုယ့်ဘဝဟာ အဖမ်းရခက်တဲ့တစ္ဆေတွေကိုပဲ တွေ့နေရတာပဲ"

"ဒီလိုနဲ့ပဲ .. ကိုယ့်ရဲ့တဖက်သတ်ပြုမှုမှုရဲ့ နောက်ဆက်တွဲရလဒ်ကတော့ သူမဒီအိမ်ပေါ်က ဆင်းသွားတာပဲ ခင်မနွယ်"

ဦးမြတ်အောင်က စကားကိုဆက်တိုက်ပြောခဲ့လိုက်ရသဖြင့် တောင်တစ်လုံးကို ရွှေ့ပေးခဲ့ရသူလို စိတ်ရောကိုယ်ပါ နွမ်းနယ်နေ၏။

"ကဲ .. ခုတော့ မင်းမှာ ကိုယ်ဝန်ရှိနေပြီတဲ့ .. ကိုယ်ဘာပြောရမှာလဲ ခင်မနွယ်"

"အခုပြောခဲ့တဲ့စကားတွေဟာ ကိုယ့်အတွက် အညာစကားတွေ မဟုတ်ပါဘူး မင်းမယုံရင် ကိုယ့်ဘီဒိုအံဆွဲထဲက ဆေးစစ်ချက်စာရွက်စာတမ်းတွေရှိတယ် ... မင်းယူကြည့်ပါ .. ကိုယ်ခွင့်ပြုပါတယ်"

"အို .. မဟုတ်ဘူး ... အဲသလိုမဟုတ်နိုင်ပါဘူး"



ခင်မနွယ်ဟာ သွေးဆုတ်ဖြူလျော်နေသော သူမမျက်နှာကို လက်ဖဝါးနှင့်အုပ်ထားရာမှ ဒေါသဖြစ်မိနေသော ဦးမြတ်အောင်မျက်နှာကို လှမ်းရိုက်ပစ်လိုက်၏။

ရုတ်တရက် ဝင်လာသော ခင်မနွယ်၏လက်များကို ဦးမြတ်အောင်က အမှတ်တမဲ့ ရှောင်ရှားလိုက်မိသဖြင့် ခင်မနွယ်သည် လှေကားမှအရှိန်လွန်ကာ လှေကားထစ်အတိုင်း ဒလိမ့်ခေါက်ကွေးကျသွား၏။

"အို .. ခင်မ .. ခင်မ"

ကိုမြတ်အောင်က ဒရောသောပါးပြေးဆွဲသော်လည်း မမီတော့။ ခင်မနွယ်က လှေကားခြေရင်းတွင် ခွေခွေလေးငြိမ်သက်နေပြီဖြစ်သည်။ ဝုန်းဒိုင်းကြီးသော အသံ များကြောင့် ဒေါ်အေးနှင့် ဘညိုတို့ပါရောက်လာကြ၏။ ခင်မနွယ်အား ဦးမြတ်အောင်သည် ကြေကွဲစိတ်မကောင်းဖြစ်စွာ ပွေ့ပယ့်ချီမကာ အခန်းတွင်းသို့ ခေါ်ဆောင် လှဲသိပ်ထားပြီး ဆရာဝန်ပင့်ရန် အပြေးအလွှားစီစဉ်ရသည်။ ထိုစဉ် အောင်ချင်းနှင့် တွေ့၍

"အောင်ချင်း .. မင်းအစ်မ .. မင်းအစ်မ .. သွား .. သွားပါဦး"

ဦးအောင်မြတ်လည်း ဒါပဲပြောနိုင်သည်။ ဒရောသောပါးနှင့်ပြေးထွက်သွား၏။

အောင်ချင်းလည်း ဘာမှန်းမသိ အပြေးရောက်လာ၏။ ဒီရောက်တော့ မလေးခင်မနွယ် အောက်ပိုင်းတစ်ခုလုံး သွေးတွေသွဲ့နစ်နေပြီး မျက်နှာကတော့ သွေးရောင်မဲ့စွာ စက္ကူချပ်လေးလို ဖွေးဖွေးဖြူနေ၏။

"မလေး .. မလေး .. ဘယ်လိုဖြစ်ရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မလေး ‥ ဖြစ်ရလေဗျာ ‥ ဒါ ဘာဖြစ်တာလဲ"

အောင်ချင်းအသံကြောင့် မှိတ်ထားသော မလေးမျက်လုံးလေး ဖွဖွလေး ပွင့်လာ၏။ နှုတ်ခမ်းကလေးကလည်း ရွရွလှုပ်လာ၏။

"မောင် မောင်လေးရေ ငါ့ဗိုက်ထဲက သန္ဓေသားဟာ မင်းရဲ့သွေးတဲ့ကွယ်"

"အိုဗျာ"

မလေးစကားက အောင်ချင်းမျက်နှာကိုဖြတ်ရိုက်လိုက်သလို ဆတ်ခနဲလည် ထွက်သွား၏။ ထိုစကားပြောအပြီး ခင်မရွှယ်မျက်စိမှိတ်သွားခဲ့သည်မှာ ဆရာဝန် ရောက်လာပြီး နောင်အချိန်များစွာအထိ သူမမျက်ဓေများ လုံးဝပွင့်မလာတော့ပါ။

"စိတ်မကောင်းမဖြစ်ပါနဲ့ ကိုမြတ်အောင် ‥ မခင်မရွှယ်က လိမ့်ကျတဲ့ ထိခိုက် မှုကြောင့် ကိုယ်ဝန်ပျက်ကျသွားရုံမကဘူးဗျ ‥ စိတ်ထိခိုက်မှုကြောင့် နှလုံး သွေးကြောပါ ပြတ်တောက်သွားတာပဲ"

ဆရာဝန်က သူ၏လက်လျှော့မှုအတွက် စိတ်မကောင်းစွာ ဆေးအိတ်ကို ဆွဲကာ သူမတို့အပါးမှ တိတ်ဆိတ်စွာ ထွက်ခွာသွား၏။

"ခင်မရယ် ‥ ဒီလိုသာဆိုရင် ကျုပ်မရှောင်ပါဘူး ‥ ကျုပ်အမှတ်တမဲ့ ရှောင်လိုက်မိလို့သာ ခင်မ ဒီလိုဖြစ်ရတာ ‥ ခင်မရယ် အားလုံးဟာ ကျုပ် အပြစ်ပါ"

"အို ‥ စိတ်ကိုဖြေပါ မောင်မြတ်ရယ်"

ဦးအောင်မြတ်၏ ယူကြုံးမရပာန် ကြေကွဲမှုကို ဘည်ျနှင့်ဒေါ်အေးက ဖေးမ နှစ်သိမ့်ပေး၏။ အောင်ချင်း၏ ဝမ်းနည်းကြေကွဲမှုကိုတော့ တစ်ဦးတစ်ယောက်မှ အသိအမှတ်ပြုသူမရှိ၊ ပြုစရာလဲမလို။ အောင်ချင်းမှာ သူ့အတွက် ဘာမှမလိုပါ။



သူကသာ သူ့ဘဝ၊ သူ့စိန္တာ၊ သူ့အလုပ်အကျွေး၊ သူ့အသက် အားလုံး မလေးအတွက် ဖြစ်စေချင်သူပါ။ အောင်ချင်းသည် အဲကိုတင်းတင်းကြိတ်ရင်း မလေးကို မမှိန်မသုန် စိုက်ကြည့်မိသည်။

ဆံနွယ်တွေကပ်ညိနေသော နဖူးပြင်တင်းတင်းလေးနဲ့ သွယ်တန်းနေသော မျက် ခုံးသေးသေး၊ မျက်တောင်စိတ်စိတ်နဲ့ ပိတ်လျှောင်ထားသည့် မို့သောမျက်ခွံ၊ သွယ် ပြီးအချိုးချွန်ကော့သော နှာခေါင်းလေး ‥

အလွန်လှပသော နှုတ်ခမ်းများက အနည်းငယ်မျှမပြုံးသည့်အပြင် တင်းတင်းပင် စေ့ထားလိုက်သေးသည်။ ထိုအခါ်အစိတ်အပိုင်းများ ပိုင်ဆိုင်သော မမ၏မျက်နှာကလေးသည် သူ့ဘဝတွင် တွေ့ဖူးသမျှ မျက်နှာတွေထဲမှာ ထိုမျက်နှာသည်သာ အလှပဆုံး ဟု သူထင်မြင်မိသည်။

"တောက်"

တောက်ခနဲတက်ခေါက်ရင်း အောင်ချင်းသည် ထိုနေရာက ထွက်သွားခဲ့သည်မှာ နောက်ပိုင်း ခင်မရွှယ်သင်္ဂြိုဟ်ပြီးသည်အထိ လုံးဝပေါ်မလာခဲ့။

ခင်မရွှယ်သေဆုံးပြီး ဆယ်ရက်အကြာတွင် အောင်ချင်းတစ်ယောက် တောထဲတွင်သားကောင်အတွက် သူဆင်ထားသော လှဲ့ကောင်ချောက်တွင် သူ့ဘာသာသူမိရင်း သေဆုံးနေသည်ကို လုပ်သားတစ်ချို့ကတွေ့၍ သင်္ဂြိုဟ် လိုက်ရသည့်သတင်းကို ကိုမြတ်အောင်နှင့်အတူ မြို့ကလေးမှလူများအားလုံး ကြားလိုက်ရ၏။

တစ်ချို့က မုဆိုးအောင်ချင်းတစ်ယောက် သူ့ထောင်ချောက်သူမိ၍ သေဆုံး ရခြင်းမှာ သူသတ်ခဲ့သော သားကောင်များ၏ ကျိန်စာကြောင့် ဝင့်လည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသေဆိုးနှင့် သေဆုံးရခြင်းဖြစ်သည်ဟုလည်းကောင်း၊ တစ်ချို့ကတော့ အောင်ချင်းသေခြင်းနှင့်ပတ်သက်၍ ဒါဟာ မတော်တဆအမှုမဖြစ်နိုင်။ တမင်တကာ အကွက် ချ၍ သူ့ကိုယ်သူသေကြောင်းကြံခြင်းသာဖြစ်နိုင်သည်ဟု ပြောဆိုကြသည်။

ထိုစကားများအတွက် ကိုမြတ်အောင်မှာ ဘာမှပြောစရာမရှိပါ။ သူလုပ်နိုင်တာကတော့ သူ့ခင်းမင်မှုယ်နှင့် သူ့တပည့်မောင်အောင်ချင်းတို့၏ အရိုးဂူအား တူယှဉ်ကာ တစ်နေရာတည်းတွင် အတူတူမြှုပ်နှံပေးခဲ့ခြင်းသာ။

❋ ❋ ❋ ❋

"အစ်ကိုသိချင်တဲ့ အစ်ကို့အိမ်အကြောင်းက အဲဒါပဲလေ"

"အင်း … တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ ကြေကွဲမှုအဖြစ်အပျက်ပဲ မြင်ရိပ်ရယ်"

လေးပွင့်ဆိုင်တာတိုက်လမ်းတစ်ခုတွင် တာတ်ကောင်သုံးဦးက ကြေကွဲဖွယ်ရာ သေခြင်းဖြင့် အဆုံးသတ်ခဲ့ရသော်လည်း ကျန်ရစ်ခဲ့သောသူတစ်ဦးမှာလည်း မအောင်မြင်သော အိမ်ထောင်ရေးအတွက် တစ်ဘဝလုံး ကြေကွဲခြင်းအဖြစ် အထီးကျန်စွာ နောက်ဆုံးအချိန်တွေကို ကုန်ဆုံးရပေတော့မည်။

ကျွန်တော်သည် ကြားခဲ့ရသည့် တာတ်လမ်းကြောင့် လေးလံသောစိတ်တို့ဖြင့် အိမ်ပြန်လမ်းကို ဦးလှည့်ခဲ့ကြ၏။ အပြန်လမ်းသည် အသွားကလို ခရီးဝေးကွာခြင်းမရှိဘဲ တခဏနှင့်ပင် မြို့သို့လျှင်မြန်စွာပြန်ရောက်လာသည်ကို အံ့သြစွာတွေ့ရ၏။



"ဟင် .. ရောက်ပြီလား .. ဒါတော့ တယ်မြန်ပါလား"

"ဖြတ်လမ်းက ပို့ပေးတာပါ"

"အတော်ပဲ .. အထဲဝင်ပြီး ဒေါ်အေးတို့နဲ့ လိုက်တွေ့ပါလား"

"မတွေ့ချင်ပါဘူး"

သူမက အားမနာစွာ ခပ်တည်တည်ပြော၏။ ပြီးတော့ ပြုံးတော့မည့်ကျွန်တော့်အား ပြာသောမျက်ဝန်းများဖြင့် စိုက်ကြည့်သည်။ သူမ၏ အကြည့်များက ရှည်လျားနိုင်ပြီသော နှယ်ပင်များအဖြစ် တရစ်ပြီးတရစ် ကျွန်တော်အားတင်းကျပ်စွာ တုတ်နှောင်ရစ်နေသလို ခံစားရ၏။ သူမမျက်ဝန်းမှ ထွက်ပေါ်လာသော တောက်ပသော အလင်းက ကျွန်တော့်အားညှို့ငင်ထားသလို မဖြစ်ဘူး … ကျွန်တော် သွားမှဖြစ်တော့မယ်ကျွန်တော်လှည့်ထွက်လိုက်သည်။

"အစ်ကို"

ကျွန်တော့်ခြေလှမ်းတွေကို တုန့်ဆုတ်သွားအောင် ဆွဲဖမ်းထိန်းချုပ်ထားနိုင်စွမ်းသောအသံ .. သူမအသံကြောင့် ကျွန်တော့် .. ကျွန်တော့်ခြေလှမ်းများ တန့်သွား၏။

"နေပါဦးအစ်ကို"

ဝါညက်သော သူမအသံက ကျွန်တော့်ရင်အုံကို တစ်စုံတစ်ခုနှင့် ပစ်နေလိုက်သလို တုန်ခါသွား၏။ ကျွန်တော့်စိတ်က တင်းမထားနိုင်။ လှည့်ကြည့်လိုက်မိသည်။ သူမ၏ ဝါဝင်းသော လက်ကလေးတစ်ဖက်က ကျွန်တော့်ထံကမ်းပေး၏။ ဘယ်တုန်းက ခူးထားသည် မသိသော လှပလန်းဆန်း သော ကံ့ကော်တစ်ပွင့် ကျွန်တော်လှမ်းမယူဖြစ်ပါ။ ထိုလက်ကလေးအား တွေဝေစွာငေးမော နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယူလေ .. အစ်ကို"

သူမက တလှမ်းစာမက ရှေ့တိုးလာ၏။ သူ့အကြည့်အောက်မှာ ကျွန်တော့်ရင်ခုန်မှုကို ဘယ်လိုကွယ်ဝှက်ရမည်လဲ … နီးကပ်လာသော အတွေ့တွင် သူ့မျက်လုံးထဲမှ ကျွန်တော့်အကြည့်ကို လွှဲဖယ်ကာ သူ့ဆံစယဉ်လေးများကို ကျွန်တော်ငေးကြည့်နေမိသည်။ ကျွန်တော့်အသက်ရှူသံက သူ့ဆံစလေးများကို လွင့်ခနဲ လွင့်ခနဲ ဝဲသွားစေလောက်အောင် နီးကပ်လွန်းနေပြီ။ ခက်ပြီ။ ကျွန်တော့်ထိန်းချုပ်ထားသမျှ တွေ လွင့်ထွက်ကုန်တော့မှာပဲ .. တွေးမိသည်။ မဟုတ်ဘူး။ ငါ့ဟာ ဒီမှာ အချစ်ရှာမဲ့သူမဟုတ်ဘူး။ ငါ့ဘဝက ဒီမှာမဟုတ်ဘူး။ ငါ့ဘဝက ရန်ကုန်မှာပဲ ရှိတာ မဖြစ်ပါဘူးမြရိပ်ရယ် .. ကိုယ့်ကိုခွင့်လွှတ်ပါ။

"ရော .. အစ်ကို ယူပါ .. ဒီပန်းကလေးက အစ်ကို့အတွက် ပွင့်ပေးတဲ့ ပန်းကလေးပါ"

မကြင်နာတတ်လို့တော့မဟုတ်။ အစကတည်းက ကျွန်တော်က ပန်းကြိုက်သူတစ်ဦးမဟုတ်ခဲ့သည့်အတွက် ခုလိုပြည့်ဝသော အမွှာယ် ဖော်ဆောင်နေသော ပန်းလေးတစ်ပွင့်ကို ယူရမှာကျွန်တော် ဖင့်လေးနေမိသည်။

ဒါပေမယ့် ညအိပ်မပျော်တဲ့အခါမှာတော့ ဒီမွှေးရနံ့လေး သင်းပျံ့ခြင်းက နှစ်သက် စရာဖြစ်ကောင်းဖြစ်နိုင်ပါသည်။

"ဒါမှမဟုတ် .. ဒီပန်းကလေးကို အစ်ကိုခေါင်းအုံးပေါ်ကို လာထားပေးမေချင်တာလား"

ကျွန်တော့်အတွေးနဲ့ သူမအမေးက တိုက်ပဲ တိုက်ဆိုင်လွန်းလှ၏။

"မင်းလာလို့ ဘယ်ရပါ့မလဲ .. အိပ်ခါနီးဆို တံခါးတွေ လုံခြုံအောင် ပိတ်ပြီးမှ အိပ်တဲ့ဟာပဲ"



"ရမယ် ထင်ပါတယ် .. တကယ်လို့ နှတ်ဆက်ဖို့ လိုအပ်လာခဲ့ရင်တော့"

ထိုသို့ပြောပြီး သူမက ဖြေးညင်းစွာ လှည့်ထွက်သွား၏။ ပန်းကလေးကတော့ ကျွန်တော့်လက်ထဲ ကျန်ရစ်ခဲ့တော့သည်။

❀ ❀ ❀ ❀

ရေမိုးချိုးသန့်စင်ပြီးတော့ ကျွန်တော်ထမင်းစားပွဲမှာ ထိုင်လိုက်ပြီဆိုတာနဲ့ ပဲကြီးဟင်းနဲ့က ကျွန်တော့်ကို ဝိုင်းဆိုလောင်စေခဲ့၏။ ပဲကြီးဟင်း၊ ဆူးပုတ်ခဝ်၊ ပုန်းရည်ကြီးသုပ်အပြင်၊ ငါးခူဆီပြန်တစ်ခွက်က ကျွန်တော့်အကြိုက်ကြီး ဖြစ်သည်မို့တစ်ကြောင်း၊ ဒီညနေအဖို့ တော်တော်လမ်းလျှောက်ခဲ့ရသည်မို့လည်း ဝိုင်းဆိုလောင် နေတာကတစ်ကြောင်းကြောင့် ကျွန်တော်ကွယ်ပစ်လိုက်၏။

"ဟဲ့ .. ဒီမှာ ကဲ့ကော်တစ်ပွင့်ပါလား"

"ဟုတ်တယ် .. ဒေါ်ကြီးအေး .. ခုနကပဲ ကျွန်တော်တင်ထားတာ"

"အော် .. ကဲ့ကော်တွေ အပွင့်တုံးတာလည်း မြန်လိုက်တာကွယ်"

"ဒါတောင် သုံးရာသီကဲ့ကော်ဖြစ်နေလို့ ဒေါ်ကြီးရဲ့ နိုးရိုးကဲ့ကော်တွေက ပွင့်မှုမပွင့်သေးတာပဲ"

ဒေါ်ကြီးအေးက ကျွန်တော့်ကို အံ့ဩဟန်နှင့် ကြည့်နေသည်။ ကျွန်တော်ကလည်း မြရိပ်ပြောဖူးသောစကားကို ကိုယ့်စကားလုပ်ကာ သိသလိုလိုနှင့် ဆက်လိုမ်နေသည်။

"နို .. ကောင်လေးရဲ့ .. ဒီကဲ့ကော်တွေစိုက်တုန်းက မင်းရှိသေးလို့လား ဒါခင်မွှယ်တို့စိုက်တာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ခင်မနွယ်ရိုက်ရမှာလဲ .. ဒေါ်ကြီးအေးကလည်း ဒါ…မေမေနဲ့ ဒေါ်ခင်မနွယ် မင်္ဂလာဆောင်မယ့်နေ့မှာ အမှတ်တရအနေနဲ့ ကိုအောင်ချင်းရိုက်ခဲ့တာပဲ"

ကျွန်တော့်စကားကြောင့် ဒေါ်ကြီးအေးက လိုတာထက်ပိုပြီး မျက်လုံးပြူးသွားသည်။ ကျွန်တော်လည်း ရယ်ချင်စိတ်ကို မြိုသိပ်ရင်း ခပ်တည်တည်နှင့် ထမင်းဆက်စားနေလိုက်၏။

"ကိုအောင်ချင်း … အောင်ချင်းကို မင်းသိလို့လားကွယ်"

"မေမေတပည့်ဖြစ်ဖူးလိုက်သေးတဲ့ ကိုအောင်ချင်းလေမျာ .. ခုတော့ သူလည်းမရှိတော့ပါဘူး .. မခင်မနွယ်သေပြီး ဘာကြာလို့လဲ သေသွားရှာတဲ့ ကိုအောင်ချင်းလေ"

"မင်း ဒါတွေ ဘယ်လိုသိတာလဲ လူလေး"

"သိတာပေါ့ ဒေါ်ကြီးအေးကလည်း မခင်မနွယ်သေတာ မေမေပြောသလို နေမကောင်းလို့သေတာမဟုတ်ဘူး .. လောကားကပြုတ်ကျတဲ့အရှိန်နဲ့ ကိုယ်ဝန်ပျက်ကျပြီးဆုံးခဲ့တာပဲ .. တစ်အပ်ပြောရရင် အဲဒီကိုယ်ဝန်က မေမေ့ကိုယ်ဝန် မဟုတ်ဘူး .. ဒီအပြစ်ကို စိတ်မကောင်းဖြစ်ရတဲ့ ကိုအောင်ချင်းက ဘာကြာလဲ သူလည်း ခင်မနွယ်နောက် လိုက်သွားခဲ့တာပဲ မဟုတ်လား"

ကျွန်တော့်ကို နတ်ဝင်သည်တစ်ယောက်လို အထင်ကြီးမှုမျိုးနဲ့ ဒေါ်ကြီးအေးသည် အာမေဋိတ်သံတစ်မျိုးပြီးတစ်မျိုး ထွက်ကျလာတာကိုက ကျွန်တော့်အတွက် ကျေနပ်စရာဖြစ်ရ၏။ ကျွန်တော်ထမင်းကို လက်စသတ်ချိန်တွင်



"ဒါနဲ့ လူလေး .. မင်းတစ်ညနေလုံး မင်းဘယ်တွေ လျှောက်သွားနေတာလဲ"

"အဖော်ကောင်းတာနဲ့ လမ်းလျှောက်ထွက်တာပါ .. ဒေါ်ကြီးအေးရဲ့ ဒါပေမယ့် အဲဒီနေရာတွေက ကျွန်တော်ငယ်ငယ်ကတည်းက ရောက်ကိုမရောက်ခဲ့ဖူးသေးတာ .. ဒီလောက်လှတဲ့နေရာတွေရှိမှန်းတော့ မသိဘူးဗျာ"

"သာယာလှန်းလို့ .. ရန်ကုန်က ပန်းချီဆရာသူငယ်ချင်းကိုတောင် ခေါ်လာပြချင်မိတယ်"

"ဘယ်နေရာတွေလဲ"

"မသိပါဘူး ဒေါ်ကြီးရာ .. ခွတ်ဆက်လျှောက်ရင်း ရောက်သွားတာပါ ဒါကိုသူကပြောသေးတယ် .. ဒီနေရာတွေကို ဒေါ်ကြီးအေးတောင် မသိနိုင်ဘူး ဆိုပဲ"

"ဘယ်သူများလဲ ကောင်လေးရယ်"

"မြရိပ်ဆိုတဲ့ မိန်းကလေးလေ"

"ဘယ်လိုလူလေး"

ဒီတစ်ခါတော့ ဒေါ်ကြီးအေးအံ့သြမှုက ထိပ်ဆုံးရောက်သွားဟန်တူသည်။

"မြရိပ်တဲ့ .. အရင်က သူ .. ဒီအိမ်မှာတောင်နေဖူးတယ်ဆိုပဲ"

"အမလေး .. ကိုညိုရေ .. မြရိပ်ဆိုပါလား"

"တယ် .. ဒီမိန်းမ"

ဒေါ်ကြီးအေးကို ဘညိုကတစ်ချက်ဟန့်လိုက်ရင်း ကျွန်တော့်ဘက်လှည့်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူလေးကို တစ်ယောက်ယောက်က ခေါက်လွှတ်လိုက်ပြီနဲ့တူတယ်"

"ဘာဖြစ်လို့လဲ ဘညို့ရ .. ဘယ်သူက ဘာကိုခေါက်ရမှာလဲ .. မြရိပ်က ခေါက်မှာလား"

"ဟင့်အင်း .. သူက မင်းကိုမခေါက်နိုင်တော့ပါဘူး .. မြရိပ်က သေသွား ပြီလေ လူလေးရဲ့ .. ရက်တောင်လည်တော့မှာပါ"

"မှားပြန်ပြီ .. ဘညို့ကလည်း ကျွန်တော်ပြောတဲ့မိန်းကလေးက အသားညိုညို၊ အရပ်မြင့်မြင့်၊ ဆံပင်အရှည်ကြီးလေ .. သေတဲ့သူမဟုတ်ပါဘူး ကျွန်တော်ရောက် ကတည်းက ညနေဆိုပန်းလာခူးရင်း နေ့တိုင်းဆုံနေကျပဲဟာ"

"မြတ်စွာဘုရား"

ကျွန်တော်၏တီတီကျကျစကားကြောင့် ဒေါ်ကြီးအေးက ရင်ဘတ်မှာ တဖုံဖုံဖြင့် ဘုရားတနေသည်။

"မင်းပြောတဲ့ မိန်းကလေးပါပဲ .. သူဟာ မင်းမလာခင် တစ်ရက်ကပဲ ဓာတ်လိုက်ပြီး သေသွားရှာခဲ့ပါပြီ"

"ဟာ .. မဟုတ်ဘူး .. တစ်ခုခုတော့ လွဲနေပြီ"

"အေး .. ဘညို့လည်း အဲသလိုပဲထင်တယ်"

"မလွဲပါဘူး .. မင်းမြင်တာ မြရိပ်ရဲ့ဝိညာဉ်ပဲနေမှာပါ"

"သူက ဒီခြံထဲမှာပဲ ဝဲလည်သွားလာနေမှာပေါ့ .. သူက ဒီခြံထဲမှာပျော်ရှုတဲ့ မိန်းကလေးပဲ"

ဒေါ်ကြီးအေးကတော့ ကျွန်တော်တွေ့ဆုံနေတဲ့ မိန်းကလေးအား မှာမှာတာ ဝိညာဉ်တစ်ခုဟုသာ အတိအကျဆိုနေ၏။



"မင်းရောက်လာစက ဟိုရှေ့အိမ်က အသုဘပြင်ထားပါရောလား .. အဲဒါ သူ့ရဲ့ရုပ်အလောင်းပေါ့ .. လူလေးရဲ့"

ထိုပြင်ထားသော ရုပ်အလောင်းကိုလည်း ကျွန်တော်တွေ့မိသား .. ဘယ်သူ ဆိုတာ မေးမကြည့်မိခဲ့ .. ယောကျ်ားမိန်းမပင် ခွဲခြားမသိခဲ့ .. ဘာကြောင့် သေခဲ့ရသည်ကို သိဖို့ဝေးလို့ အသက်ဘယ်နှစ်နှစ်ဆိုတာ မစုံစမ်းမိခဲ့ ခုမှ အသုဘဝိညာဉ်ရှင်နဲ့ လာရောက်ခင်တွယ်ဆက်ဆံနေမိပြီဆိုတော့ ကျွန်တော် နည်းနည်းစဉ်းစားရကျပ်သွားသည်။

"မင်းကိုသူက ဘာတွေပြောလဲ"

"ကံ့ကော်ပင်တွေအကြောင်း၊ မခင်မနွယ်နဲ့ ကိုအောင်ချင်းတို့ရဲ့ မေတ္တာ ကြီးမား ခဲ့ကြတဲ့အကြောင်း၊ မေမေအရက်မူးလို့ ဖန်ခွက်ပါးကို မှန်တဲ့အကြောင်း၊ ဒဏ်ရာလေး တောင် သူ့ပါးပြင်ထက်မှာ တွေ့နေရသေးတယ် ဒီကံ့ကော်ပန်းတွေလည်းသူပေးတာပဲ နေ့တိုင်းတစ်ပွင့်တစ်ပွင့် ကျွန်တော့်ကို ပေးတာပဲဗျ"

"အေးကွာ .. ထူးဆန်းတာပဲ .. မြရိပ်ဆိုတဲ့ မိန်းကလေးကတော့ကွာ မိုးရွာတဲ့ညဦးမှာ ကြိုးပြတ်ကျနေတဲ့ ဓာတ်ကြိုးကို စလုတ်တိုက်ပြီး ဓာတ်လိုက်လို့ သေရှာတာပဲ"

"သူ့ဘာသာသူ သေချင်လို့ပါတော် .. မိုးကလည်း အချိန်အခါမဟုတ် ရွာတဲ့မိုးကြီး .. မီးအမြဲပြတ်နေတဲ့ တို့အရပ်ကလည်း အဲဒီနေ့မှ မီးလာနေတော့ ကွယ် .. တဲ ဘယ်လောက်ကံဆိုးလိုက်တဲ့ မြရိပ်လဲလို့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စိတ်မကောင်းဖြစ်ရပါသည်။ သို့သော် ကျွန်တော့်မြရိပ်အတွက်တော့မဟုတ်။ သူတို့မြရိပ်အတွက်ဖြစ်၏။

"နေပါဦးလူလေးရဲ့ .. မင်းတွေ့တာ အကောင်အထည်နဲ့လား"

"ဆော် .. ဒေါ်ကြီးအေးကလည်း လူပဲဥစ္စာ .. အကောင်အထည်နဲ့ပေါ့"

ဒေါ်ကြီးအေးက ဟင်းခနဲ သက်ပြင်းချလိုက်ရင်း

"ကိုညိုရေ .. အစီစဉ်တော့ .. လုပ်ရှင် .. ဘုန်းကြီးပင့်ပြီး မြဲထဲကိုပရိတ်ရွတ်ရအောင်တော်"

မြရိပ်ဆိုသောမိန်းကလေးကို ဘုန်းကြီးပင့်တရားနာပြီး သူချစ်သော၊ သူနေချင်သော ဒီမြဝိုင်းထဲက နှင်ပစ်မယ်ဆိုတော့ ကျွန်တော်စိတ်မကောင်းဖြစ်မိ၏။ သို့သော်လည်း ဝိညာဉ်ဆိုပါက ထိုနာနာဘာဝက ကျွတ်လွတ်ပြီး ကောင်းရာဘုံဌာနကို ရောက်ရှိသွားစေဖို့ အစွဲအလမ်းတွေကို ပြတ်တောက်သွားစေဖို့အတွက် အမျှပေးဝေဖို့က ကျန်ရစ်ခဲ့သောမိသားစုရဲ့တာဝန်ဖြစ်သည် မဟုတ်လား။

"မယ်အေး .. သဘောပဲလေ"

ထိုညက ထိုစကားဖြင့် လူစုခွဲခဲ့သော်လည်း ကျွန်တော့်ရင်ထဲ အိပ်မရအောင် အတွေးများရစ်ဝဲလှုပ်ခတ်နေ၍ စာထိုင်ရေးရန် စိတ်ကူးမိ၏။ စာမရေးမီ မဲမှောင်တိတ်ဆိတ်နေသော မြဝန်းအား အပေါ်စီးမှ ပြူတင်းပေါက်တွင် လက်ထောက်ရင်း မြရိပ်ဝိညာဉ်အား မြင်ရလိုမြင်ငြား ငေးမောမိသေး၏။ ကျွန်တော်ကိုယ်တိုင်ပင် တစ္ဆေသရဲ ယုံကြည်လက်ခံသူမဟုတ်ပေမယ့် မြရိပ်သည် လူသားစစ်စစ်လား၊ ပရလောကသား၊ နာနာဘာဝလားဆိုတာ ဝေခွဲမရ ထင်ယောင်မိမှာပင်ဖြစ်ရ၏။

စောင့်ရသောသူအို့ တွေ့ရန် အချိန်များများပေးထားတာနဲ့ တူလှသည်။ ကျွန်တော်မြရိပ်ကိုစောင့်ရင်း မြရိပ်အကြောင်း တွေးနေမိ၏။ မနေ့ကလည်း နီးကပ် လွန်းသောအတွေ့မှာ ကိုယ့်ရင်ခုန်သံကို သူကြားမှာ စိုးရိမ်တာနဲ့ပဲ သူ့ရင်ခုန်သံကို ကိုယ်မကြားနိုင်ခဲ့။ နာနာဘာဝတွေရော ရင်ခုန်တတ်ပါသလား ကျွန်တော်မသိပါ။ ကျွန်တော်နှင့် ခင်တွယ်ရင်းနှီးစွာ တွေ့ဆုံခဲ့ရသော မိန်းကလေးသည် သရဲ၊ တစ္ဆေ တမျိုးမျိုးဖြစ်နိုင်သော မကောင်းသော ဝိညာဉ်ဆိုပါလား .. ကျွန်တော်စိတ်ရင်းကတော့ မဖြစ်နိုင်သောဘက်က ငြင်းချင်သည်။

ဘယ့်နှယ် .. ဖြစ်ပွားခဲ့သော အကျည်းတန်အရုပ်ဆိုးသော အဖြစ်အပျက် အကြောင်းအရာတွေကို ဒီလောက်လှပဆီလျော်အောင် ပုံဖော်ပြောပြတတ်သော မိန်းကလေးက ဘယ်လိုဖြစ်ပြီး သရဲတစ္ဆေဖြစ်နိုင်မှာလဲ .. ကျွန်တော်ဖြင့် နည်းနည်းမှ မယုံကြည်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆို မြရိပ်ဆိုသော သေဆုံးပြီးသူမိန်းကလေးအတွက် ကျွန်တော်လှမ်းမြင် ရသော ခပ်ဝေးဝေးက အိမ်ကလေးတစ်အိမ်မှာ မြရိပ်အဒေါ်ဆိုသူက ရက်လည်ဆွမ်း သွတ်ရန် အလုပ်တွေရှုပ်နေသလို ဘညို့နဲ့ ဒေါ်ကြီးအေးတို့လည်း မြိုင်းထဲတွင် ဘုန်းကြီးပင့်မိတ် တရားနာပရိတ်ရွတ်ရန် အလုပ်တွေ ရှုပ်နေကြ၏။

"အစ်ကို"

ကျွန်တော့်အတွေးမဆုံးခင်မှာပဲ နောက်နားက မြရိပ်အသံကြားရ၏။

"အော် .. မြရိပ်ရောက်နေတာကိုး"

"ကြာပြီပေါ့ .. အစ်ကို့အတွေးတွေကို မနှောက်ယှက်ချင်လို့"

ကျွန်တော်မြရိပ်ကို ခပ်လျှမ်းလျှမ်းတစ်ချက်ကြည့်ရင်း

"သူတို့ကပြောကြတယ်"

"ဘာပြောတာလဲ"

"မြရိပ်က သေပြီးသားလူတဲ့ .. အခု သူတို့က မြရိပ်ကို ဒီကထွက်သွားနိုင်အောင် စီစဉ်နေကြတယ်"

"အော်"

မြရိပ်က ထိုသို့ရေရွတ်ရင်း သူ့အိမ်ယာဘက်လှမ်းကြည့်သည်။ ပြီးတော့ ခပ်မှုမှု ရယ်မောရင်း

"မြရိပ်က အဲသလိုနင်ရမယ့်သူတဲ့လားအစ်ကိုရယ် .. မြရိပ်က တစ္ဆေသရဲပေါ့ ဒီလိုလား အစ်ကို"

"ကိုယ်မပြောတတ်ဘူး မြရိပ်ရယ်"



မရေရာသော ကျွန်တော့်အဖြေကြောင့် သူမက ကျွန်တော့်ကို နောင်ရှုံ့စွာ ကြည့်ရင်း

"မြရိပ်လက်ဖဝါးကို ကိုင်ကြည့်နော်"

သူမလှမ်းပေးသော လက်ဖဝါးလေးကို ကျွန်တော်ဖွဖွကိုင်မိ၏။ သူမ လက်ဖဝါးလေးက နူးညံ့ပျော့ပျောင်းသောအတွေ့က ညှို့ငင်မှုတစ်ခုလို ကျွန်တော့် လက်ထဲသို့ စီးဆင်းသွား၏။

"ဘယ်လိုနေလဲဟင်"

"နွေးနေတယ်"

"ဒီနေရာကို ကိုင်ကြည့်ပါဦး"

လက်ကောက်ဝတ်မှ သွေးခုန်ရာနေရာသို့ ကျွန်တော်စမ်းသပ်မိသည်။ တဒိတ်ဒိတ်နဲ့ ပုံမှန်သွေးစီးဆင်းနေပုံကို ခံစားလိုက်ရ၏။

"အစ်ကို မြရိပ်ကို နာနာဘာဝလို့ ထင်သေးလားဟင်"

ကျွန်တော်နှုတ်ဆိတ်စွာ ပြုံးရင်း ခေါင်းခါပြမိ၏။ သူက သစ်ငုတ်တိုတစ်တုံးပေါ် အေးအေးဆွဲထိုင်လိုက်ရင်း

"အစ်ကိုပြန်ရတော့မယ်နော်"

"အချိန်တန်ရင် အိမ်ပြန်ရမြဲပါ .. ဒါနဲ့ မြရိပ်တို့အိမ်က ဘယ်နားမှာလဲ"

"တစ်ခါပြောဘူးတယ်လေ"

"မမှတ်မိတော့ဘူး"

"မှတ်မထားလို့ မပြောတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိချင်သောအကြောင်းကို မြရိပ်က ရိပ်မိစွာကျီစယ်လိုဟန်ဖြင့် ပြုံး ဆဲ့သည်။ နေ့တာသည် အကုန်မြန်လှသည်။ မှောင်တဝက်၊ လင်းတဝက် အလင်းရောင်အောက်တွင် မြရိပ်က ယန်းချိုသံစွာလှပနေ၏။

"မြရိပ်ပြန်တော့မယ်အစ်ကို"

"အစ်ကိုပြန်ရင် မြရိပ်လိုက်ပို့မယ်နော် .. လူကိုယ်တိုင်လာပို့ မတတ်နိုင်ရင်တောင် ယန်းပွင့်ကလေးကတဆင့်ပေါ့"

ကျွန်တော်ဘာမှမတုံ့ပြန်ရသေးခင်မှာပဲ မြရိပ်သည်ကျွန်တော့်အပါးမှ ထွက်စွာသွားတော့၏။

❋ ❋ ❋ ❋

ဒေါ်ကြီးအေးတို့ တုန်းကြီးယင့်ဗိတ် ပရိတ်တော်များ ရွတ်ဖတ်ပူဇော် နေစဉ်မှာပဲ ကျွန်တော်ဘယ်လိုမှထင်မှတ်မထားသော ဧည့်သည့်တစ်ဦး ရောက်လာသည်။

"ဟာ ... မြူ .. ဘယ်လိုက ဘယ်လို"

"ကိုဝသန်"

ဘစ်ခ်အိတ်ကလေးတစ်လုံးမှအပ ဘာမှအပိုပါမလာသော မြူက အငှားကားပေါ်မှဆင်းကာ ကျွန်တော့်ထံဦးတည်လျှောက်လာခဲ့သည်။

"ကျွန်မ .. ရှင့်နောက်ကို လိုက်လာရတဲ့အကြောင်းက စကားတစ်ခွန်း လောက် ပြောချင်လို့ပါ"



"စကားတစ်ခွန်း"

"ဟုတ်တယ် .. စကားတစ်ခွန်းပါ .. အဲဒီစကားတစ်ခွန်းပြောပြီးရင်တော့ မိရာကားနဲ့ပဲ ပြန်တော့မယ်လေ"

"ဘယ်လောက်အရေးကြီးတဲ့စကားမို့လဲဗျာ"

"နားထောင်ကြည့်ပေါ့"

မြူက ရှက်ယောင်ယောင်မျက်နှာပေးနှင့် ခပ်ဖွဖွရယ်မောလိုက်ရင်း ပြာသော ကောင်းကင်ကိုမော့ကြည့်ကာ တိုးသောအသံလေးနှင့် ပီသစွာဆိုသည်။

"ဘယ်လိုမိန်းမတစ်ယောက်အတွက်မဆို သူမဘဝ၊ သူမနှလုံးသားအတွက် အချစ်နဲ့အတူ လုံခြုံမှုပေးနိုင်တဲ့လူတစ်ဦးတစ်ယောက် အမှန်တကယ်လိုအပ်တယ် ဆိုတာ မြူသဘောပေါက်ခဲ့ပါပြီဆိုတဲ့အကြောင်း၊ ရှင့်ကိုပြောပြချင်လို့ပါ"

"မြူ .. မြူတကယ်ပြောတာလား .. တကယ်သဘောပေါက်သွားပြီပေါ့ ကျွန်တော်ထပ်ပြီး မရှုပါရစေနဲ့တော့ဗျာ"

"တကယ်ပါ .. ကိုဝသန် .. ရှင့်ကို ဒီစကားပြောဖို့ ကျွန်မဘယ်လောက် ရှက်လွှတ်ရှက်စားခဲ့ရတယ်ဆိုတာ ရှင်နားလည်မှာပါ"

"အို .. ဝမ်းသာလိုက်တာမြူရယ် .. ကျွန်တော်တော့ ကျွန်တော့်ကတိကြောင့် ဝေးရပြီလို့ ထင်မိတော့တာ"

"အင်း .. ဒါကြောင့် မြူလိုက်ခဲ့ရတာပေါ့"

"ကျေးဇူးပါ .. မြူရယ်"

ကျွန်တော် မြူကို ကြည်နူးကြင်နာစွာ ထွေးပွေ့လိုက်မိ၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



"သီလား .. ကိုဝသယ်"

"ဘာလဲဟင် ... မြူ"

"ချစ်သူကို ချစ်စိတ်က သူမတတ်သေးတဲ့အရာအားလုံးကို သင်ပေးသွားတယ်"

"မြူကိုရော .. ချစ်စိတ်က ဘာတွေသင်ပေးသွားလဲ"

"ရှင့်ကိုချစ်တတ်အောင်ပေါ့"

မြင်မြင်သမျှ ကျွန်တော့်မျက်လုံးထဲတွင် လှပနေသည်။

မြူ့ရဲ့မျက်ဝန်းများက နက်မှောင်ရွှန်းလဲ့ကာ တောက်ဝနေ၏။ ကျွန်တော့် အိပ်မက်ထဲတွင် စထဲစထဲတွေ့ရတဲ့မျက်ဝန်းများဖြစ်ပြီး ထိုမျက်ဝန်းများကို ကျွန်တော် ချစ်သည်။

❋ ❋ ❋ ❋

မနေ့ကတော့ အချိန်အခါမဟုတ် မိုးကလည်းရွာ၊ မြူကလည်း ရောက်နေသဖြင့် မြိထဲမဆင်းဖြစ်၊ ထို့ကြောင့်မြရိပ်နှင့်လည်း မဆုံဖြစ်။

ကျွန်တော်သည် စုရိုက်ထိ မြရိပ်က လူလား၊ နာနာဘာဝလား ဝေခွဲမရ၊ မြူကို ပြောပြတော့ သူမကရယ်မောရင်း

"ရှင် .. ညဘက်စာရေးတာလျှော့" ဟုဆိုသည်။



သူ့သဘောက ကျွန်တော်ညဘက်အိပ်ရေးပျက်ခဲ့ရသည့်အတွက်ကြောင့် 'ခေါက်သွားပြီ' ဟု ကျီစယ်လိုခြင်းဖြစ်၏။

နေ့က ကျွန်တော့်ဆေးရုံက အိမ်ပြန်ရန်အချိန်ကျပြီမို့ မပြန်ခင် မြရိပ်ကို တွေ့ဆုံနှုတ်ဆက်ရန် စောစောတွေ့ချင်မိသည်။ သို့သော် ကျွန်တော့်ဆန္ဒ မပြည့်ဝခဲ့၊ သူမ ရောက်မလာခဲ့ပါ။

ကျွန်တော်ဖြူတင်းမှ မျက်နှာလွှဲရင်း၊ ကျွန်တော်အိပ်စက်ခဲ့သော အိပ်ရာကလေးကို နောက်ဆုံးနှုတ်ဆက်သည့်အနေနှင့် တစ်ချက်ကြည့်မိသည်။

"အို .. ကျွန်တော့်ခေါင်းအုံးအောက်မှာ ကဲ့ကော်လေးတစ်ပွင့်ပါလား"

စောစောကတည်းက ရောက်နှင့်ပြီးနေခဲ့တာလား .. ခုမှရောက်လာတာလား ကျွန်တော်ဝေခွဲမရ၊ ကျွန်တော့်ရင်ထဲမှာ ကျင်ခနဲစီးလိုက်ရသည်။

ယူလေ .. အစ်ကို .. ဒီပန်းလေးက အစ်ကို့အတွက် .. ပွင့်ပေးတဲ့ပန်းပါ ဒီပန်းကလေးကို အစ်ကိုခေါင်းအုံးအောက်မှာ လာထားပေးချင်တာလား တကယ်လို့ နှုတ်ဆက်ဖို့ လိုအပ်လာခဲ့ရင်ပေါ့ ..

မြရိပ်၏ ဝါညက်သော စကားသံလေးများကို ကြားယောင်မိ၏။ ဒါဆို မြရိပ် ကျွန်တော့်ကို နှုတ်ဆက်သွားပြီပေါ့။

"မြရိပ်ရယ်"

"သွားကြရအောင်လေ"

မြူက ကျွန်တော့်ကို လာခေါ်နေပြီ၊ သူမကမ်းပေးသော လက်ကို လှမ်းဆုပ်ရင်း ကျွန်တော်ထလိုက်သည်။ ပန်းလေးအား ကျွန်တော့်ဂျာကင်အိတ် ထဲထည့်လိုက်ရင်း ဂျာကင်အိတ်ထဲမှ မြရိပ်ပေးခဲ့သော ပန်းခြောက်နုလေး များကိုလည်း စမ်းလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ဦး ဘညိုနဲ့ ဒေါ်ကြီးအေးအား နှုတ်ဆက်အပြီး အိမ်ထဲမှ ထွက်ခဲ့၏။ ကျွန်တော်နှုတ်မဆက်ခဲ့ရသော မြရိပ်သည် လူလား .. နာနာဘာဝ လား မြမြပြောသလို ကျွန်တော့်စိတ်ကူးထဲက ဇာတ်ကောင်လား ဘညိုပြောသလို တစ်ယောက်ယောက်သည် မြရိပ်အမည်ခံ နောက်ပြောင်ကျီစယ်မှုလား ကျွန်တော် မဆုံးဖြတ်တတ်တော့။

မြို့ရိုင်းထဲကထွက်ခဲ့စဉ် မြူလက်ကို မြဲမြဲစွာဆုပ်ကိုင်ရင်း အုပ်မှိုင်းညို့မှောင်သော မိုးကောင်းကင်အောက်တွင် တိတ်ဆိတ်ကြေကွဲစွာ ကျန်ရစ်ခဲ့သော ကံ့ကော်ဝင်များဆီ ကျွန်တော်လည်ပြန်ကြည့်မိသေးတော့၏။

ပျော်ရွှင်အေးချမ်းပါစေ

[illegible]




www.burmeseclassic.com